

# မြို့ပြလူနေမှုဘဝ စစ်တမ်း

## ကနဦးစမ်းသပ်ကောက်ယူမှု
## မြန်မာ – ၂၀၁၇

The Asia Foundation

# ကျေးဇူးတင်လွှာ

ဤသုတေသနတွင် တစ်စိတ်တစ်ဒေသမှ ပါဝင်ကူညီပေးကြသူအားများအားလုံးနှင့် ဤအစီရင်ခံစာ ထုတ်ဝေနိုင်ရေးအတွက် ကူညီခဲ့ကြသူများအားလုံးကို စာရေးသူများမှ ကျေးဇူးတင်ပါသည်။ အထူးသဖြင့် ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းမှ မျိုးအောင်ထွေးနှင့် အာကာစိုးတို့အား မြို့ပြလူနေမှုဘဝ စစ်တမ်း ဒီဇိုင်းဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းတို့တွင် ပါဝင်ကူညီခဲ့မှုများအတွက် ကျေးဇူးတင်လိုပါသည်။ ပြန်လည်သုံးသပ်သည့် အဖွဲ့ကိုလည်း မေးခွန်းများ ပုံစံထုတ်ရာတွင် ကူညီပေးသည့်အတွက် ကျေးဇူးတင်လိုပါသည်။

အာရှဖောင်ဒေးရှင်းနှင့် ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းမှ လုပ်ဖော်ကိုင်ဖက်များသည်လည်း မြို့ပြလူနေမှုဘဝစစ်တမ်း အကောင်အထည်ဖော်ကောက်ယူခြင်းနှင့် ဤအစီရင်ခံစာ ထုတ်ဝေခြင်း တွင်လည်း များစွာပါဝင် ကူညီခဲ့ကြပါသည်။ ထိုအတွက်လည်း ၎င်းတို့၏ လမ်းညွှန်ပေးမှု၊ စိတ်ရှည်စွာ အားပေးကူညီမှုတို့အတွက် ကျေးဇူးတင်ရှိလိုပါသည်။ အထူးသဖြင့် တန်ဖိုးရှိသော မှတ်ချက်များ ပေးခဲ့သည် Mark Koenigh၊ အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများ ပေးခဲ့သည် Matthew Arnold နှင့် KIM N.B. Ninh တို့ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

နောက်ဆုံးအနေဖြင့် ၎င်းတို့၏ အိမ်တံခါးများဖွင့်၍  မြို့ ပြလူနေမှုဘဝစစ်တမ်းတွင် ပါဝင်ပေးသော ရန်ကုန်၊ တောင်ကြီးနှင့် ဘားအံမြို့နေပြည်သူများအား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

### စီမံကိန်းခန့်ခွဲမှု
James Owen
David Ney

### စုပေါင်းရေးသားကြသူများ
အာကာစိုး
David Ney
William Ford
Alison Chan
James Owen

### သုတေသနအထောက်အကူပြု
အာကာစိုး
ဟေမာန်ထွန်း
ယုဇင်ထွန်း
မျိုးအောင်ထွေး
စောဆာဂေးဒို
ထင်အောင်လင်း
Alex Chuan-Hsien Chang

### ဂရပ်ဖစ်ဒီဇိုင်း
Elzemiek Zinkstok
ရဲထွတ်ဦး
ဝေယံမျိုးမြင့်

### ဓာတ်ပုံ
James Owen
ထူးသဏ္ဌာ

# စကားဦး

လက်ရှိတွင် ကမ္ဘာ့လူဦးရေမှာ ကျေးလက်ဒေသထက် မြို့ ပြဒေသတွင် ပိုမိုနေထိုင်လာ ကြပါသည်။ စိုက်ပျိုးစီးပွားတွင် အခြေခံမှုမှာ မြန်မာလူမှု အသိုင်းအဝန်းကို ကြီးစိုးထားသော်လည်း ၂၀၁၄ သန်းခေါင်စာရင်း ကောက်ခံမှုတွင် ပြီးခဲ့သော နှစ်အနည်းငယ် အတွင်း အလွန်ပင်မြန်ဆန်သော မြို့ ပြဖြစ်ထွန်းမှု ပေါ်ထွက်လာမှုကို မှတ်တမ်းတင် ဖော်ပြနိုင်ခဲ့သည်။ နှစ်ပေါင်းများစွာ စစ်အုပ်ချုပ်မှုတွင် နေခဲ့ရပြီး နိုင်ငံသည် ပြုပြင်ပြောင်းလဲမှု စတင်ခဲ့ခြင်းနှင့်အတူ ပိုမိုလွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်သလို မြို့များတွင် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုများပြား လာသောကြောင့်လည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယုံကြည် စိတ်ချရသော အချက်အလက် ရှားပါးမှုနှင့် အစိုးရ၏ မြို့ပြ စီမံမှုဆိုင်ရာ အတွေ့အကြုံ နည်းပါးမှုကြောင့် ရှုပ်ထွေးသော မြို့ ပြဖြစ်ထွန်းမှု ပြဿနာများမှာ မူဝါဒချမှတ်သူများအတွက် အထူးအလေးထားရမည့် စိန်ခေါ်မှုများ ဖြစ်လာသည်။ သဘောထား ခံယူချက် စစ်တမ်းကောက်ယူခြင်းသည် ကမ္ဘာ့အနှံ့ အစိုးရများမှ မူဝါဒ ချမှတ်ခြင်းကို အထောက်အကူပြုရန်အတွက် အသုံးပြုသော နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ မြို့ ပြလူနေမှု ဘဝစစ်တမ်း စမ်းသပ်ကောက်ခံမှု သည် မြန်မာမြို့များ နေထိုင်ရန်နှင့် အလုပ်လုပ်ရန်အတွက် မည်ကဲ့သို့ အခြေအနေရှိသည်ကို မီးမောင်းထိုးဖော်ပြရန် ရည်ရွယ်သော စီမံကိန်း၏ အစလည်း ဖြစ်သည်။ အာရှဖောင်ဒေးရှင်း၏ အာရှတိုက်အတွင်း သဘောထား ခံယူချက်စစ်တမ်း ၃၀၀ ကျော် လုပ်ဆောင်ခဲ့မှု အတွေ့အကြုံ နှင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ - ပြောင်းလဲနေသော လူ့အဖွဲ့အစည်း အတွင်းရှိ နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ စစ်တမ်းကောက်ခံမှု အတွေ့အကြုံများအပေါ် အခြေခံကာ ယခုစစ်တမ်းကို လုပ်ဆောင်ခဲ့ခြင်းလည်း ဖြစ်သည်။

မြို့ပြလူနေမှုဘဝနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စစ်တမ်းကောက်ယူမှု ဖြစ်သလို စမ်းသပ် ကြိုးစားအားထုတ်မှုဖြစ်သောကြောင့် စစ်တမ်းကောက်ယူသည့်နေရာနှင့် စံပြုသည့် အရွယ်အစားတွင် အကန့် အသတ်ဖြင့်သာ လုပ်ဆောင်ထားခြင်းဖြစ်သည်။ ယခု ရှာဖွေတွေ့ရှိချက်များအားဖြင့် အစိုးရနှင့် အခြားသော မြို့ပြ ရေးရာတွင် ပါဝင်သူများအကြား ဆွေးနွေးမှုများ ပိုမိုထွက်ပေါ်လာရန် ရည်ရွယ်ထားပြီး စစ်တမ်းမေးခွန်းများနှင့် သုတေသနနည်းနာများကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ကာ ၂၀၁၈တွင် အခြားသော မြို့များကိုပါ တိုးချဲ့လုပ်ဆောင် သွားမည်ဖြစ်သည်။

မြို့ ပြလူနေမှု ဘဝစစ်တမ်း ကို ရန်ကုန်နိုင်ငံရေး သိပ္ပံကျောင်း နှင့် အတူတွဲဖက်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ကိုလည်း ယခုစမ်းသပ်လုပ်ဆောင်မှု၏ ဒီဇိုင်းပုံဖော်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း ဖြစ်စဉ်များတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်လုပ်ဆောင်ခဲ့မှုအတွက် ကျေးဇူးတင်လိုပါသည်။ ယခု မြို့ ပြလူနေမှုဘဝ စစ်တမ်းနှင့် အနှစ်ချုပ် အစီရင်ခံစာကို ယူကေ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန၊ ဩစတေးလျ ကုန်သွယ်မှုနှင့် နိုင်ငံခြားရေးရာ ဌာနနှင့် ဆွစ်ဇာလန်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့မှ ပံ့ပိုးကူညီပေးခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော သဘောထားအမြင်များမှာ စာတမ်းပြုစုသူများ၏ သဘောထားအမြင်များ ဖြစ်ပြီး အာရှဖောင်ဒေးရှင်းနှင့် ပံ့ပိုးသူအလှူရှင်များ၏ သဘောထားအမြင်ကို ထင်ဟပ်စေလိမ့်မည်မဟုတ်ပါ။

**Dr. Kim N.B. Ninh**
ဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း

UKaid from the British people

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

**Swiss Agency for Development and Cooperation SDC**

**Australian Government**
**Department of Foreign Affairs and Trade**

# မာတိကာ


ကျေးဇူးတင်လွှာ ၂

၁။ အနှစ်ချုပ် ၆

၂။ မိတ်ဆက် ၈

၃။ သုတေသနနည်းလမ်း ၁၃

၄။ ယေဘုယျ ခြုံငုံအမြင် ၁၆
တိုင်းပြည်၏လားရာ ၁၈
မြို့တော်၏ ဦးတည်ရာလမ်းကြောင်း ၁၉
အကောင်းမြင်ခြင်း(သို့) အဆိုးမြင်ခြင်းအတွက် အကြောင်းပြချက်များ ၂၀

၅။ နေထိုင်ရန် သင့်တော်မှု အခြေအနေ ၂၂
အားလပ်ချိန် ၂၄
သယ်ယူပို့ဆောင်ရေး ၂၅
လမ်းခရီး ဘေးကင်းလုံခြုံမှု ၂၆
အများပြည်သူ ပို့ဆောင်ရေး ၂၇
မြို့ပြလူနေသိပ်သည်းမှု ၂၈

၆။ ကျန်းမာသာယာဝပြောမှု ၃၂
ပျော်ရွှင်မှု ၃၄
ဘဝနေထိုင်မှုအပေါ် ကျေနပ်နှစ်သက်မှု ၃၅
စိုးရိမ်ပူပန်မှု ၃၆
ကျန်းမာရေး ၃၈

၇။ ကျားမရေးရာ ၄၀
အလုပ်အကိုင် ၄၂
ပညာရေး ၄၃
ကျန်းမာရေး ၄၄
ရဲလုပ်ငန်းဝန်ဆောင်မှုများ၏ အရည်အသွေး ၄၅

၈။ အလုပ်နှင့်စီးပွားရေးအခွင့်အလမ်းများ ၄၇
ငွေရေးကြေးရေး အခြေအနေ ၄၈
အလုပ်အကိုင်အခွင့်အလမ်းများ ၄၉
အလုပ်အကိုင်တိုးတက်မှုအတွက် အခွင့်အလမ်းများ ၅၀
လက်ရှိအလုပ်အကိုင် ၅၁
တစ်လစာဝင်ငွေ ၅၁
လူမှုအဆင့်အတန်းပြောင်းလဲနိုင်မှု ၅၃

၉။ အစိုးရဝန်ဆောင်မှုများ၏ အရည်အသွေး ၅၄
ကျောင်းများနှင့်တက္ကသိုလ်များ ၅၆
စည်ပင်သာယာရေးဝန်ဆောင်မှုများ၏ အရည်အသွေး ၅၈
စည်ပင်သာယာရေးရန်ပုံငွေများကို ခွဲတမ်းချခြင်း ၆၁
စည်ပင်သာယာရေးအဖွဲ့များနှင့် ဆက်ဆံရခြင်း ၆၂
ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ၆၃

၁၀။ အခွန်ကောက်ခံခြင်းအပေါ် အမြင်သဘောထားများ ၆၄
အခွန်ငွေပေးခြင်း ၆၆
အခွန်ပေးဆောင်ရခြင်းအပေါ် သဘောထားများ ၆၇
အခွန်ဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုသိလိုခြင်း ၇၀

၁၁။ အမှတ်သရုပ်လက္ခဏာနှင့် ရပ်ရွာအသိုက်အဝန်း ၇၂
လူမျိုးရေးအစုအဖွဲ့များနှင့် ဘာသာရေးအစုအဖွဲ့များအကြားလူမှုဆက်ဆံရေး ၇၄
ရပ်ရွာအသိုက်အဝန်းသိစိတ် ၇၆
ပေးကမ်းလှူဒါန်းခြင်း ၇၈
ဘာသာရေးနှင့်ပတ်သက်ဆက်နွယ်မှုနှင့် ဂုဏ်ယူမှု ၈၀
မြို့အပေါ်ဂုဏ်ယူမှု ၈၁

နောက်ဆက်တွဲ ၈၂
၁။ သုတေသနနည်းနာ ၈၂
၂။ အင်တာဗျူးမေးခွန်းလွှာ ၈၉

အခန်းဆုံးမှတ်စုနှင့် ရည်ညွှန်းကိုးကားချက်များ ၁၁၀



# ၁ အနှစ်ချုပ်

## ခြုံငုံသုံးသပ်မှု

> ဖြေဆိုသူများက နိုင်ငံ၏ အနာဂါတ်လားရာထက် မြို့၏ အနာဂါတ်လားရာအပေါ် ပို၍ အကောင်းမြင်သည်။

နိုင်ငံ
၅၄%

မြို့
၆၆%

## မြို့၏နေပျော်သာယာမှု

> ဖြေဆိုသူများက ၎င်းတို့မြို့သည် သာယာနေပျော်ဖွယ် ကောင်းသည်ဟု ခံစားရသည်။ သို့သော် လမ်းလုံခြုံမှု နှင့် ပတ်သက်ပြီး စိုးရိမ်မကင်း ဖြစ်ကြသည်။

လမ်းလုံခြုံမှုအပေါ်
စိုးရိမ်မကင်းဖြစ်ခြင်း
၅၄%

## စိတ်ချမ်းသာပျော်ရွှင်မှု

> ယေဘုယျအားဖြင့် ဖြေဆိုသူများက ပျော်ရွှင်မှုရှိသည်ဟု ဖြေဆိုကြသော်လည်း မြို့တစ်ခုနှင့် တစ်ခုအကြား ကြီးမားသော ကွဲပြားမှု ရှိသည်။

## ကျားမ ရေးရာ

> အမျိုးသမီးများသည် အမျိုးသားများနည်းတူ ပညာရေးအဆင့်အတန်း ရှိကြသည်။ သို့သော်လည်း အမျိုးသမီးများသည် မိရိုးဖလာ ကျားမ အခန်းကဏ္ဍကို ဆက်လက် ထမ်းဆောင်ရဆဲဖြစ်ပြီး အိမ်မှုကိစ္စနှင့် ကလေးပြုစုစောင့်ရှောက်ခြင်းတို့တွင် တာဝန် ပိုမိုယူနေရသည်။

## အစိုးရဝန်ဆောင်မှုများ၏ အရည်အသွေး

- အငြင်းအခုံ ဖြစ်ပွားမှု ဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက် ခံယူရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ သွားသည့် နည်းလမ်းကို ပိုမိုနှစ်သက်ကြသည်။

၉၂% သည် အိမ်နီးချင်းနှင့် အငြင်းအခုံ ဖြစ်ပွားပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ သွားမည်ဟု ဖြေဆိုကြသည်။

၄၈% သည် အမှုအခင်း ဖြစ်ပွားပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ သွားမည်ဟု ဖြေဆိုကြသည်။

- ဖြေဆိုသူများက စည်ပင်သာယာရေးအဖွဲ့/YCDC သည် ပြည်သူ၏ လိုအပ်ချက်များအပေါ် ပိုမို၍ ဖြည့်ဆည်းနိုင်လာသည်ဟု ယုံကြည်ကြသည်။

- ဖြေဆိုသူများသည် ဈေးများ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စိတ်ကျေနပ်မှု အများဆုံး ရှိကြပြီး ရေမြောင်း စီမံခန့်ခွဲမှု စနစ်နှင့် ပတ်သတ်၍ စိတ်ကျေနပ်မှု အနည်းဆုံး ဖြစ်သည်။

စိတ်ကျေနပ်မှုအများဆုံး
၅၅%

စိတ်ကျေနပ်မှု အနည်းဆုံး
၅၃%

## အခွန်အကောက်အပေါ် သဘောထားအမြင်

- ဖြေဆိုသူများသည် အခွန်အကောက်ကို ဆန့်ကျင်လိုခြင်း လုံးဝမရှိကြချေ။

၉၆% သော ဖြေဆိုသူများက အခွန်အကောက်သည် နိုင်ငံသားများ၏ တာဝန်ဖြစ်သည်ဟု လက်ခံကြသည်။

၇၀% သော ဖြေဆိုသူများက အခွန်အကောက် သုံးမျိုးအား မျှတသည်ဟု ထင်မြင်ကြသည်။

၆၆% သော ဖြေဆိုသူများက မြို့တော် အခြေအနေ တိုးကောင်းမွန်စေမည် ဆိုပါက ပစ္စည်းခွန်ကို ပေးဆောင်ရန် သဘောတူညီကြသည်။

- ၈၉% သော ဖြေဆိုသူများက မည်သည့် အခွန်အကောက်များကိုပေးရမည်နှင့် ၎င်းအခွန်အကောက်များကို မည်ကဲ့သို့သုံးစွဲမည် ဆိုသည်နှင့် ပတ်သက်ပြီး သတင်းအချက်အလက် ပိုမိုရလိုသည်။

## ကိုယ်ပိုင်သွင်ပြင်လက္ခဏာနှင့် ရပ်ရွာအသိုင်းအဝန်း

- ဖြေဆိုသူ အများစုက ၎င်းတို့၏မြို့ မှ လူများသည် ယုံကြည်ရသည် ဟု သဘောတူသည်။

မြို့ခံလူထုအပေါ် ယုံကြည်မှု
၆၂%

ဒေသဆိုင်ရာ အဆင့်တွင် လူမှု အနှောင်အဖွဲ့မှာ ပို၍ပင် အားကောင်းပြီး ၉၃% သော ဖြေဆိုသူများက ၎င်းတို့၏ အိမ်နီးချင်းများနှင့် နီးစပ်မှုရှိသည် ခံစားရသည်။

- ဖြေဆိုသူများက ၎င်းတို့၏ မြို့ အတွက် ဂုဏ်ယူကြသည်။

၈၂% သော ဖြေဆိုသူများက ၎င်းတို့မြို့အတွက် အကျိုးပြုမည် ဆိုပါက အစိုးရ၏ ဆောင်ရွက်မှုများကို ကူညီရန် စေတနာ လုပ်အားပေး ကူညီမည် ဖြစ်သည်။

မြို့အပေါ်ဂုဏ်ယူခြင်း
၉၇%

စေတနာလုပ်အားပေး
၈၂%

# ၂

# မိတ်ဆက်



မြန်မာမြို့များသည် အရွယ်အစားအားဖြင့်ရော ရှုပ်ထွေးမှုနှင့် အရေးပါမှု အရာတွင်ရော ကြီးထွားလာပါသည်။ ကျေးလက်မှလူများ မြို့ပြသို့ ပြောင်းရွှေ့လာကာ မြို့ပြကြီးထွားမှု ဖြစ်ပေါ်လာပြီး လက်ရှိ မြန်မာ့ လူဦးရေ၏ သုံးပုံတစ်ပုံသည် မြို့ကြီးနှင့် မြို့များတွင် နေထိုင်နေကြသည်။ အာရှနိုင်ငံများနှင့် ကမ္ဘာ့အတွေ့အကြုံအရ ထိုကဲ့သို့ မြို့ပြ ဖြစ်ထွန်းမှု မျိုးသည် ဆက်လက်ဖြစ်ပွားနေဦးမည် ဖြစ်သည်။[၁] အာရှတိုက်ရှိ အခြားသော မြို့များထက် ရန်ကုန်သည် ပိုမိုလျင်မြန်စွာ ကြီးထွားလာမည်ဟု မျှော်မှန်းထားပြီး ရန်ကုန်ပြင်ပရှိ မြို့ပြနေ လူဦးရေမှာလည်း ဆက်လက်ပြီး လျင်မြန်စွာ ကြီးထွားနေဦးမည်ဟု မျှော်မှန်းထားသည်။[၂]

စီးပွားရေးနှင့် လူမှုရေးရာလုပ်ငန်းများအတွက် မြို့များသည် ဆုံချက်ဖြစ်သည်။ မြို့တို့သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရန်အတွက် အစွမ်းထက်သော တွန်းအားများ ဖြစ်နိုင်သည်။ သို့သော်လည်း ထိရောက်သော စီမံခန့်ခွဲမှု မရှိပါက လူများစွာကို လာရောက်အခြေချရန် ဆွဲဆောင်နိုင်ခဲ့မှု၏ အကျိုးဆက် အဖြစ် မြို့များသည် ပြဿနာများဖြင့် ပိတ်ဆို့ကျပ်ညပ်နေသော နေရာများ ဖြစ်လာမည်။ ရှည်လျားသော လမ်းပိတ်ဆို့မှု၊ မသိမ်းဆည်းနိုင်သော အမှိုက်များ တောင်ပုံရာပုံနှင့် ရေကြီးနေသော လမ်းများမှာ မြင်တွေ့နေကျ ရင်းနှီးလွန်းလှသည့် ဥပမာများ ဖြစ်သည်။

မြို့ များကို စီမံခန့်ခွဲရခြင်းသည် နိုင်ငံတိုင်းအတွက် ခက်ခဲသော စိန်ခေါ်မှု တစ်ရပ်ဖြစ်ပြီး  အထူးသဖြင့် အခြားနိုင်ငံများနှင့်မတူ ဆုံးဖြတ်ချက် ချမှတ်သူများသည် အချက်အလက်နှင့် အထောက်အထားကို လက်လှမ်း မီမှု နည်းပါးသည့် မြန်မာနိုင်ငံအတွက်တော့ ပိုခက်ခဲပါသည်။ ကောင်းမွန်သော ဆုံးဖြတ်ချက်များဖြစ်ရန် တန်ဖိုးရှိသော သတင်း အချက်အလက်များ လိုအပ်ပါသည်။ ဆိုလိုသည်မှာ အချက်အလက် အရင်းအမြစ်များစွာမှ ဆုံးဖြတ်ချက်ကို ထုတ်နုတ်ရယူခြင်း ဖြစ်သည်။

ယခင်က မျက်ကွယ်ပြုခြင်း ခံထားရသည့် အချက်အလက် အရင်းအမြစ် ပုံစံတစ်ခုမှာ ပြည်သူလူထု၏ ခံစားထင်မြင်မှုနှင့် သုံးသပ်ချက်ဖြစ်သည်။ စစ်အုပ်ချုပ်မှု အောက်တွင် ပြည်သူလူထုသည် အစိုးရ၏ ပြဿနာ ဖော်ထုတ်ခြင်းနှင့် အသိအမှတ်ပြုခြင်းတွင် လွှမ်းမိုးမှု အနည်းငယ် (သို့မဟုတ်) လုံးဝ မရှိချေ။[၃] အခြေတည်စ ဒီမိုကရေစီ အသွင် ကူးပြောင်းရေး ကာလတွင်မူ အစိုးရသည် ပြည်သူကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်ဖြည့်ဆည်းနိုင်ရန် ပြည်သူ၏ လိုအပ်ချက်များကို နားလည်နိုင်ရန် ကြိုးပမ်းလှုပ်ရှားလာသည်။[၄]

သို့သော် အဆိုပါ ပြည်သူ၏ လိုအပ်ချက်များမှာ အဘယ်နည်း။ လူတွေ မည်မျှ ပျော်ရွှင်ကျေနပ်မှုရှိသနည်း။ အခြေအနေများ ပိုမိုကောင်းမွန် လာသလား (သို့မဟုတ်) ပိုမို ဆိုးရွားလာသလား။ မြို့များအနေဖြင့် မည်သည့်နေရာတွင် အလုပ်ဖြစ်ပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် မည်ကဲ့သို့ လုပ်နိုင်မည်နည်း။ မြို့များ တစ်မြို့နှင့်တစ်မြို့  နှိုင်းယှဉ်ရာတွင် မည်ကဲ့သို့ အခြေအနေရှိသနည်း။ မြို့နေပြည်သူတို့သည် ၎င်းတို့မြို့ကို ပိုမိုကောင်းမွန် လုပ်ဆောင်ရာတွင် အစိုးရကိုကူညီမည့် မည်ကဲ့သို့ ဆန္ဒများ ရှိနေသနည်း။

မြို့ ပြလူနေမှုဘဝ စစ်တမ်းသည် အထက်ပါ မေးခွန်းများကို ဖြေဆိုနိုင်ရန် လုပ်ဆောင်ထားသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဤသို့သော စစ်တမ်းကို ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး မြို့ ပြတွင် နေထိုင်ကြသူများ၏ ဘဝအတွေ့အကြုံများနှင့် ပြည်သူလူထု၏ သဘောထားများကို မြို့များအနှံ့ နှစ်များစွာ မေးမြန်းထားခြင်း ဖြစ်သည်။ လွှတ်တော်အမတ်များမှ သူတို့၏ မဲဆန္ဒနယ်မှ ပြည်သူများကို ပိုမို နားလည် လိုသောကြောင့် ရန်ကုန်နိုင်ငံရေး သိပ္ပံကျောင်းကို စစ်တမ်းများ ပြုစုရန်တောင်းဆိုရာမှ မြို့ ပြလူနေမှုဘဝစစ်တမ်း အစပျိုး လာခဲ့ခြင်းဖြစ်သည်။ အာရှဖောင်ဒေးရှင်းသည် စစ်တမ်းပြုစုခြင်းတွင် အတွေ့အကြုံများစွာရှိပြီး အာရှတိုက်တွင် စစ်တမ်းပေါင်း ၃၀၀ ကျော် ပြုစုလုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ယခုစစ်တမ်းအတွက် ရန်ကုန်နိုင်ငံရေး သိပ္ပံကျောင်းနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံရှိ မြို့များတွင် နှစ်များစွာ ကြာမြင့်အောင် လုပ်ဆောင်မည့် စစ်တမ်းကို ဒီဇိုင်းရေးဆွဲ အကောင် အထည်ဖော်ခဲ့သည်။

မြို့ ပြလူနေမှု ဘဝ စစ်တမ်း စမ်းသပ်လုပ်ဆောင်မှုကို ရန်ကုန်၊ တောင်ကြီးနှင့် ဘားအံမြို့ရှိ မြို့ပြနေ ပြည်သူ ၁၄၀၀ အား ၎င်းတို့၏ အတွေ့အကြုံ၊ သဘောထားနှင့် အတွေးအမြင်ဆိုင်ရာ မေးခွန်း ၁၁၈ ခုကို မေးမြန်းခြင်းဖြင့် လုပ်ဆောင်ခဲ့သည်။ စစ်တမ်းသည် မြို့များကို စီးပွား ကုန်သွယ်မှုဆိုင်ရာ ဗဟိုချက်အဖြစ် အာရုံစိုက်ခြင်း သက်သက်မဟုတ်ဘဲ မြို့နေပြည်သူများ၏ အတွေ့အကြုံနှင့် သဘောထား အယူအဆကို အလုံးစုံ ခြုံငုံနိုင်ရန် လုပ်ဆောင်ထားခြင်းဖြစ်သည်။ စစ်တမ်းသည် အကြောင်းအရာ ခေါင်းစဉ် ၇ မျိုး ပါဝင်ပြီး ၎င်းတို့မှာ - မြို့ပြ အခြေအနေ အပေါ် မြို့နေပြည်သူလူထုများ၏ ရှုထောင့်စုံ၊ မြို့ပြတွင် နေထိုင်ရမှု အပေါ် သဘောထားအမြင်များ၊ အစိုးရ ဝန်ဆောင်မှုလုပ်ငန်းများ ရရှိနိုင်မှု၊ အခွန်အကောက်ဆိုင်ရာ သဘောထားအမြင်၊ အလုပ်အကိုင် နှင့် စီးပွားရေး အခွင့်အလမ်း၊ ကိုယ်ပိုင်လက္ခဏာ၊ ရပ်ရွာအသိုင်းအဝန်း နှင့် နိုင်ငံရေး ပါဝင်မှု၊ သာယာဝပြောမှုတို့ဖြစ်သည်။ လူဦးရေ ထူထပ်မှု ကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများ (ဥပမာ- လေထုအရည်အသွေး နိမ့်ပါးမှု) နှင့် အကျိုးကျေးဇူးများ (ဥပမာ- ဖျော်ဖြေရေးအတွက် ရွေးချယ် စရာ များလာခြင်း) စသည့်တို့ကိုလည်း စစ်တမ်းတွင် ထည့်သွင်း ထားသည်။

စစ်တမ်းမေးခွန်းများအတွက် ကမ္ဘာအနှံ့မှ စစ်တမ်းမေးခွန်းများကို အခြေခံ ထားပြီး အထက်ပါ အကြောင်းအရာ ခေါင်းစဉ် ၇ ချက်နှင့် ကိုက်ညီမည့် မေးခွန်းများအဖြစ် ပြုစုထားခြင်း ဖြစ်သည်။ တချို့အခြေအနေတွင် နိုင်ငံတကာမှ အခြေအနေနှင့် နှိုင်းယှဉ်လိုသဖြင့် မေးခွန်းများကို ပြောင်းလဲခြင်းမရှိ တိုက်ရိုက်ထည့်သွင်း မေးမြန်းထားခြင်းလည်းရှိသည်။ အချို့မေးခွန်းများမှာမူ မြန်မာနိုင်ငံ၏ မြို့ပြအခြေအနေနှင့် ကိုက်ညီရန် မေးခွန်းများကို ပြန်လည်ပြုပြင် ပုံသွင်းထားပါသည်။ မေးခွန်းများကို စစ်တမ်းကောက်ခံခြင်းဆိုင်ရာ၊ မြို့ပြရေးရာနှင့် မြန်မာ့အရေး ကျွမ်းကျင် ပညာရှင်အဖွဲ့မှ သုံးသပ်ပြုစုထားခြင်းလည်း ဖြစ်သည်။ မေးခွန်း ဘာသာပြန်ထားမှုကို ထပ်ဆင့်စစ်ဆေးရန်အတွက် မေးခွန်းများကို မြို့နေပြည်သူများအား ကနဦး စမ်းသပ်မေးမြန်းခဲ့သည်၊ ပြီးနောက် ပြန်လည် မွမ်းမံခဲ့ခြင်း ဖြစ်သည်။ ယခုစစ်တမ်းမှ ရှာဖွေတွေ့ရှိမှုများကို ဆန်းစစ်လေ့လာချက် အား မြို့ ပြလူနေမှုဘဝ စစ်တမ်း ၂၀၁၈ အတွက် မေးခွန်းများ ပြုစုရာတွင် ထည့်သွင်းစဉ်းစား အသုံးပြုနိုင်မည်ဖြစ်သည်။

သုတေသန လေ့လာမှု ပြုလုပ်ခဲ့သော မြို့ပြဧရိယာ ငါးခုတွင် နေထိုင်နေသော လူဦးရေကို ခြုံငုံသုံးသပ် ကောက်ချက်ဆွဲနိုင်မည့်

## ပုံ ၂.၁

*စစ်တမ်းနှင့်သန်းခေါင်စာရင်းတို့၏ ကွာခြားချက်*



**စစ်တမ်း**သည် လုပ်ဆောင်မှုတွင်ပါဝင်သည့် လူဦးရေ အချိုးအစားတစ်ခုအား နမူနာအဖြစ် ကောက်ယူခြင်းဖြစ်သည်။

**သန်းခေါင်စာရင်း**သည် နိုင်ငံတွင်းရှိ လူဦးရေအားလုံးကို ကောက်ယူခြင်းဖြစ်သည်။

သုတေသန နည်းလမ်းမျိုးကို ယခု မြို့ ပြလူနေမှုဘဝ စစ်တမ်းတွင် အသုံးပြုထားသည်။ ထို့ပြင် ပြည်သူများနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးခြင်း၊ လူမှုကွန်ရက်မှ တုံ့ပြန်ချက်များကို ဖတ်ရှုသုံးသပ်ခြင်း စသည့် အစိုးရမှ ပြည်သူ့ထံက အမြင်ကို ရယူသည့် နည်းလမ်းများကိုပါ ဖြည့်စွက်ခဲ့သည်။ အစိုးရ မူဝါဒချမှတ်ခြင်း၏ အဓိက ဝိသေသ သုံးချက်ကို အထောက်အထား ပေးခြင်းအားဖြင့် ပံ့ပိုးရန် စစ်တမ်းများကို ကမ္ဘာအနှံ့ အသုံးပြုကြသည်။[၅]

**Agenda ချမှတ်ခြင်း။** ကိစ္စရပ်တစ်ခုအား မူဝါဒတစ်ခု အဖြစ် အစိုးရက ထည့်သွင်းစဉ်းစားစေခြင်း။
အစိုးရမှ ဝင်ရောက်လုပ်ဆောင်ရန် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေး ပြဿနာများကို အစိုးရ အနေဖြင့် သတိထား သိမြင် လာစေရန် မြို့ ပြလူနေမှုဘဝ စစ်တမ်းမှ ကူညီပေးနိုင်သည်။

**မူဝါဒများ ဖော်ထုတ်ခြင်း။** မူဝါဒများ ဒီဇိုင်းရေးဆွဲခြင်း။
ကောင်းမွန်၍ အရည်အသွေး ရှိသော အချက်အလက်သည် မူဝါဒဖော်ထုတ်ခြင်းအတွက် မရှိမဖြစ် အရေးပါပါသည်။ မြို့ပြလူနေမှုဘဝစစ်တမ်းသည် "မထိရောက်သော မူဝါဒဒီဇိုင်းကို ပေါ်ထွက်စေသည့် ယုတ္တိမတန်သော ထင်မြင်ယူဆချက်များနှင့် အမှန်တကယ်ရှိသော ပြဿနာကို မဖြေရှင်းနိုင်ခြင်း"[၆] တို့ကို ရှောင်ကြဉ်နိုင်အောင် ကူညီပေးနိုင်သည်။

**အကဲဖြတ် သုံးသပ်ခြင်း။** မူဝါဒတစ်ခု၏ ထိရောက်မှုကို ဆန်းစစ်လေ့လာခြင်း။
အချိန်ကာလ တစ်ခုအတွင်း ပြဿနာများကို မည်သို့ဖြေရှင်းသည်နှင့် ပြည်သူများ၏ အပြောင်းအလဲအပေါ် ပံ့ပိုးပေးမှုတို့ကို မှတ်တမ်းတင် ပြုစုလေ့လာရန် နည်းလမ်းတစ်ခုအဖြစ် မြို့ပြလူနေမှုဘဝစစ်တမ်းကို အသုံးပြုနိုင်သည်။

## ဖော်ပြချက် ၂.၁

*စစ်တမ်းဆိုသည်မှာ အဘယ်နည်း။*

စစ်တမ်းဆိုသည်မှာ အကြောင်းအရာအလိုက် မေးခွန်းများကို အခြေခံ၍ လူတစ်စု၏ သဘောထားအမြင်များ၊ အတွေ့အကြုံများကို ဆန်းစစ်မေးမြန်းခြင်းပင် ဖြစ်သည်။ စစ်တမ်းများကို ကမ္ဘာတစ်ဝန်းရှိ သုတေသန ပညာရှင်များ၊ အစိုးရများနှင့် စီးပွားရေးလုပ်ငန်းများက အသုံးပြုကြသည်။ စစ်တမ်းရလဒ်များကို နေရာများအလိုက်၊ အုပ်စုများအလိုက် နှင့် အချိန်ကာလ ကြာလာသည်နှင့် အမျှ နှိုင်းယှဉ်လေ့လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စစ်တမ်းကောင်းများသည် လေ့လာမည့် လူအုပ်စု (ဥပမာ - ဘားအံ မြို့တွင် နေထိုင်သူများ) ကို ယေဘုယျအားဖြင့် ကိုယ်စားပြုပေးနိုင်သော ရလဒ်ထွက်နိုင်သည်ဟု သုတေသန ပညာရှင်များက တွက်ချက်ပြီး ယုံကြည်ရနိုင်သော လူဦးရေပမာဏကိုသာ ကောက်ခံလေ့ရှိသည်။

ယခု အနှစ်ချုပ် အစီရင်ခံစာသည် စမ်းသပ်စီမံကိန်းမှ ထွက်ပေါ်လာသော တွေ့ရှိချက်များကို ရွေးချယ်ထားခြင်း ဖြစ်သည်။ မေးခွန်းများကို ပြန်လည်တုံ့ပြန်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ၂ တွင် တွေ့ရှိနိုင်သည်။ နောက်ခံ အချက်အလက်များ ပိုမိုပါဝင်ပြီး အသေးစိတ်ကျသော ဆန်းစစ်လေ့လာချက်အတွက် အာရှ ဖောင်ဒေးရှင်း၏ မကြာသေးခင်က ထုတ်ဝေထားသော စာတမ်းဖြစ်သည့် "မြန်မာနိုင်ငံ၏ အခွန်အကောက်များအပေါ် မြို့ ပြနေပြည်သူများ၏ သဘောထားအမြင်"

တွင် တွေ့နိုင်သည်။ ၎င်း စာတမ်းသည် မြို့ပြလူနေမှု ဘဝစစ်တမ်းတွင် ပါဝင်သော ဖြေဆိုသူများ၏ အခွန်အကောက်နှင့် အခွန်စနစ်အပေါ် နားလည်မှုနှင့် ယုံကြည်မှုတို့ကို စနစ်တကျ အကဲဖြတ် သုံးသပ်ထားခြင်း ဖြစ်သည်။

မြို့ ပြလူနေမှုဘဝစစ်တမ်း စမ်းသပ်စီမံကိန်းကို စက်တင်ဘာ ၂၀၁၇ တွင် လုပ်ဆောင်ခဲ့ပြီး မြို့သုံးမြို့အတွင်းရှိ မြို့ပြနေရာ ငါးနေရာတို့ ပါဝင်ခဲ့သည်။ ရွေးချယ်ခဲ့သော မြို့သုံးခု - ဘားအံ၊ ရန်ကုန်နှင့် တောင်ကြီး တို့သည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ မြို့တော်များ ဖြစ်ပြီး လူဦးရေ၊ ဖွံ့ဖြိုးတိုးတက်မှု အဆင့်များနှင့် တိုင်းရင်းသား လူမျိုးဖွဲ့စည်းပုံ အမျိုးမျိုး ပါဝင်သည်။ မြန်မာနိုင်ငံရှိ မြို့များစွာတွင် ယင်းတို့နှင့် တူညီသည့် သွင်ပြင်လက္ခဏာမျိုးရှိသည့်အတွက် မြန်မာနိုင်ငံ၏ မြို့ပြအခြေအနေကို ထင်ဟပ်မှုရှိသည်ဟု သတ်မှတ်ယူဆသည်။ စာရင်းဇယား အရကြည့်လျှင် ရလဒ်များသည် မြန်မာမြို့ပြ လူဦးရေ (သို့မဟုတ် ရန်ကုန်) ကို ကိုယ်စားပြုခြင်း မရှိချေ။ ရန်ကုန်မြို့ အတွင်းရှိ မြို့ နယ်သုံးခုတွင်လည်း မြို့တစ်မြို့အနေဖြင့် မြို့ လယ်ခေါင်တွင်ရှိသည့် သေးငယ်သည့် ကျောက်တံတား (ရန်ကုန်မြို့တော် ခန်းမတည်ရှိရာ) မှ အကြီးဆုံး ဆင်ခြေဖုံးမြို့နယ် တစ်ခု ဖြစ်သည့် မြောက်ဒဂုံလည်း ပါဝင်ပါသည်။ စစ်တမ်းတွင် ပါဝင်သော ရန်ကုန်မြို့နယ် သုံးခုအား ရန်ကုန်ဟူသော အမည်ဖြင့်သာ စစ်တမ်းတလျှောက် အသုံးပြုထားကာ ခရေပွင့် သင်္ကေတဖြင့် အမှတ်အသား ပြုထားပါသည်။

ယခု စမ်းသပ်စစ်တမ်းမှ တွေ့ရှိချက်များ၊ အစိုးရနှင့် အခြားသော ပါဝင်စပ်ဆိုင်သူများနှင့်ပါ ဆွေးနွေးထားချက်များကို စစ်တမ်းကောက်သည့် နည်းလမ်းကို ပြန်လည်ပြုပြင်ရာတွင် အသုံးပြုသွားပါမည်။ ၎င်းတို့တွင် မည်သည့် မြို့ကို ထည့်သွင်းမည်၊ မည်သည့်နည်းလမ်းနှင့် မည်သည့် မေးခွန်းများကိုသုံးမည်တို့ ပါဝင်ပါသည်။ မြို့အရေအတွက် တိုးချဲ့ကာ မြို့ ပြလူနေမှု ဘဝစစ်တမ်းကို ပုံမှန် လုပ်ဆောင်ခြင်းအားဖြင့် မြန်မာနိုင်ငံရှိ မြို့ ပြပြည်သူများ၏ ဘဝအတွေ့အကြုံများကို အချိန်ကာလ အလိုက် နှိုင်းယှဉ်လာနိုင်မည် ဖြစ်သည်။ စစ်တမ်းအားဖြင့် နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေး အပြောင်းအလဲ ကာလအတွင်းရှိ မြို့ပြလူနေမှု ဘဝ၏ မြင်ကွင်းကို ပေးစွမ်းနိုင်မည်။ ထိုကဲ့သို့ စစ်တမ်းများ ဖော်ဆောင်ခြင်းဖြင့် အစိုးရ၏ မူဝါဒချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို ထောက်ပံ့နိုင်ပြီး မြန်မာ့မြို့များ ပိုမိုနေထိုင်ကောင်း၊ အလုပ်အကိုင်ကောင်း လာစေရန် ကူညီပေးနိုင်မည်ဟု ကျွန်ုပ်တို့အနေဖြင့် မျှော်လင့်မိပါသည်။



# ၄

# သုတေသနနည်းလမ်း



မြို့ပြလူနေမှုဘဝစစ်တမ်း (The City Life Survey)ကနဦး ကောက်ယူမှုကို ကိုးကွယ်ရာဘာသာ၅ခုနှင့် ကွဲပြားခြားနားသော လူမျိုးအစုအဖွဲ့ ၂၃ ခုတို့မှ အရွယ်ရောက်ပြီးသူ ၁၄၀၀ ကို လူဦးရေနမူနာအဖြစ် မြို့နယ်၅မြို့နယ်၏မြို့လယ်ရပ် ကွက်များတွင် ပြုလုပ်ခဲ့ပါသည်။ စစ်တမ်းကောက်ယူသောမြို့ပြဧရိယာများကို လူဦးရေနမူနာက ကိုယ်စားပြုမှုရှိစေရန်အတွက် ဤစစ်တမ်းတွင် စေ့စပ်သေချာသော ကျပန်းနမူနာရွေးချယ်ခြင်း လုပ်ထုံးကို အသုံးပြုခဲ့ ပါသည်။ ဤလေ့လာမှုတွင်ပါဝင်သောမြို့နယ်များကိုမူ ကျပန်းရွေးချယ် ခဲ့ခြင်းမဟုတ်သော်လည်း၊မြို့နယ်များရှိလူဦးရေကိုယ်စားပြု အစိတ်အပိုင်း မျိုးစုံကို  ကိုခြုံငုံမိစေရန် အတွက်ရပ်ကွက်၊ အိမ်ထောင်စုနှင့် လူတစ်ဦးချင်း အဆင့်တို့တွင်ပြုလုပ်သော အဆင့်သုံးဆင့်ပါ ကျပန်းဖြစ်စေခြင်း (three-stage randomization) နည်းလမ်းဖြင့် ရွေးချယ်ခဲ့ပါသည်။[၇]

မြန်မာနိုင်ငံတွင်မြို့ကြီးများ၏နယ်နိမိတ်ကို တိကျစွာ သတ်မှတ်ထားခြင်း မရှိဘဲ၊ ထိုမြို့များ၏ ခန့်မှန်းလူဦးရေကို အလွယ်တကူမရရှိနိုင်ပါ။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် မြို့နယ်များ၏ ခန့်မှန်းလူဦးရေကို ဖော်ပြထားသော်လည်း၊ မြို့နယ်များစွာတွင် ကျေးလက်ဧရိယာများ ပါဝင်ပါသည်။ ဥပမာ ဘားအံမြို့နယ်၏ ၁၈ ရာခိုင်နှုန်းသည်သာ မြို့ပြ ဖြစ်ပါသည်။ ဤသုတေသနတွင် မြို့ပြဧရိယာဆိုသည်ကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြို့နယ်တစ်ခု၏ - မြို့ပေါ် ရပ်ကွက်များတွင် နေထိုင်သော - မြို့ပေါ် လူဦးရေအဖြစ် သတ်မှတ်ထားပါသည်။ နောက်ဆက်တွဲ ၁ တွင် တွေ့ရသည့်အတိုင်း၊ ထိုမြို့ပြဧရိယာများသည် လူဦးရေပမာဏအားဖြင့် ကြီးမားထင်ရှားစွာ ကွဲပြားခြားနားနိုင်ပါသည်။ အချို့ဖြစ်ရပ်များတွင်၊မြို့ပြဧရိယာဟူသည်မှာ (ဥပမာတောင်ကြီးကဲ့သို့) မြို့ကြီးများ ပင်ဖြစ်သော်လည်း၊ အချို့နေရာများရှိ (ဥပမာအားဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့်)မြို့ပြဧရိယာများသည် မြို့ကြီး များ၏တစိတ်တပိုင်းအနေဖြင့်ပါဝင်သည့် ၁၀၀ရာခိုင်နှုန်းပြည့် မြို့ပြ မြို့နယ်များပင် ဖြစ်နေတတ်သည်။ ရန်ကုန်မြို့တော်တွင် မြို့နယ်သုံးခုကို ထည့်သွင်းထားသော်လည်း၊ ဤစစ်တမ်းကိုရန်ကုန်တစ်မြို့လုံး၏ ကိုယ်စားပြုနမူနာအဖြစ် မမှတ်ယူသင့်သကဲ့သို့ မြန်မာနိုင်ငံ၏ လူဦးရေ နမူနာကောက်ယူခဲ့ခြင်းမရှိသော မြို့ပြဧရိယာများ သို့မဟုတ် မြို့ပြ အတွေ့အကြုံများ၏ ကိုယ်စားပြုနမူနာအဖြစ်လည်းမမှတ်ယူနိုင်ပေ။ သို့သော်လည်း၊ ဤမြို့ပြမြို့နယ်များမှရရှိသောအသိအမြင်များသည် အခြားသောမြို့ပြဧရိယာများတွင် လုပ်ကိုင်နေကြသော မူဝါဒချမှတ်သူ များအတွက်အသုံးဝင်ဆဲဖြစ်နိုင်သည်ဟုမျှော်လင့်ပါသည်။

ရန်ကုန်၊ဘားအံနှင့်တောင်ကြီးမြို့များ၏ စုစုပေါင်းလူဦးရေနှင့် နှိုင်းယှဉ်ပါက နမူနာလူဦးရေ၁၄၀၀ဆိုသည်မှာ နည်းပါးကောင်း နည်းပါးနိုင်သော်လည်း လေ့လာမှုအမျိုးအစားတစ်ခုအတွက် ဤနမူနာ အရွယ်အစားမှာသင့်တင့်လျော်ကန်ပြီး၊ နမူနာကောက်ယူခဲ့သော လူဦးရေမှ အနုမာနကောက်ချက်ချရန်အတွက် လုံလောက်ပါသည်။ ရည်ညွှန်းကိုးကားချက် အဖြစ်ပြောရမည်ဆိုပါက၊ လူဦးရေ သန်း ၃၀၀ ကျော်ရှိသော အမေရိကန်ပြည်ထောင်စုတွင် စစ်တမ်းများအတွက် ပျှမ်းမျှနမူနာ လူဦးရေမှာလူအယောက်၁,၀၀၀ဖြစ်သည်။[၈] ဤစစ်တမ်းအား ဆန်းစစ်သုံးသပ်ရာတွင်အသုံးပြုသော စာရင်းအင်းဆိုင် ရာနည်းလမ်းများသည် စစ်တမ်းအခြေပြုသည့်လူဦးရေအကြောင်း ကောက်ချက်များချမှတ်ရန်အတွက် လူပုဂ္ဂိုလ် ၃၀ ဦးလောက်သာ ပါဝင်သည့် သေးငယ်သော လူဦးရေနမူနာပုံစံများသာ လိုအပ်ပါသည်။ ကျောက်တံတားမြို့နယ်တွင် ၅၇ ဦးကိုသာ စစ်တမ်း ကောက်ယူ ထားခြင်းရှိသော်လည်း သုတေသနစီစစ်သူများအနေဖြင့် ကျောက်တံတားမြို့နယ်ရှိ လူဦးရေနှင့်စပ်လျဉ်းသည့် ခိုင်လုံသော စာရင်းအင်းအခြေပြုကောက်ချက်များ ချနိုင်သည်။

နမူနာဦးရေပမာဏအရွယ်အစားက အရေးကြီးသကဲ့သို့ပင် လူဦးရေနမူနာသည် စစ်တမ်းအခြေပြုကောက်ယူရာ လူဦးရေအား ကိုယ်စားပြုခြင်းရှိ၊မရှိမှာလည်း တန်းတူအရေးကြီးပါသည်။ ဤလူဦးရေနမူနာက ကျားမအချိုးအားဖြင့်မူလလူဦးရေကိုနီးစပ်စွာကိုယ် စားပြုပါသည်။ သို့သော်အသက်အရွယ်ပိုကြီးသော အခြေချနေထိုင်သူ များ၏တုံ့ပြန်ဖြေဆိုမှုကိုမူ လွန်စွာကိုယ်စားပြုနေပါသည်။ ကံအကြောင်းမ လှစွာပင်၊ဤစစ်တမ်းကောက်ယူချိန်တွင် လူမျိုးနှင့်ကိုးကွယ်ရာဘာသာကဲ့ သို့သော လူဦးရေဆိုင်ရာအဓိကကျသော လက္ခဏာရပ်များနှင့် စပ်လျဉ်း၍ မြို့နယ်အဆင့်သန်းခေါင်စာရင်းအချက်အလက်များ မရရှိနိုင်ခဲ့သေးပါ။ ထိုအချက်များမရှိသည့်အတွက်၊ စစ်တမ်းနမူနာကစစ် တမ်းအခြေပြုကောက်ယူရာလူဦးရေ၏ လူဦးရေဆိုင်ရာထိုအချက်အလ က်များကို လုံလောက်စွာကိုယ်စားပြုခြင်းရှိ၊မရှိဆိုသည်ကို ဆန်းစစ်သုံးသ ပ်ရန်ခဲယဉ်းပါသည်။သို့သော်ငြားလည်း အသုံးပြုခဲ့သော စေ့စပ်သေချာသော ကျပန်းနမူနာရွေးချယ်ခြင်း လုပ်ထုံးက မိသားစုနှင့် လူတစ်ဦးချင်းအဆင့်များတွင် ကျပန်းနမူနာရွေးချယ်ခြင်းကိုသေချာစေ ခဲ့ပြီး၊ ယင်းနည်းလမ်းက ထိုလူဦးရေစံနမူနာသည် မြို့နယ်တစ်ခုချင်းစီ၏ အရွယ်ရောက်ပြီးသော မြို့ပြလူဦးရေကိုလုံလောက်စွာကိုယ်စားပြုသည် ဟု တစ်စိတ်တစ်ပိုင်းသေချာစေပါသည်။

> *ရန်ကုန်၊ဘားအံနှင့်တောင်ကြီးမြို့များ၏ စုစုပေါင်း လူဦးရေနှင့် နှိုင်းယှဉ်ပါက နမူနာလူဦးရေ ၁၄၀၀ ဆိုသည်မှာ နည်းပါးကောင်း နည်းပါးနိုင်သော်လည်း လေ့လာမှုအမျိုးအစား တစ်ခုအတွက် ဤနမူနာ အရွယ်အစားမှာ သင့်တင့်လျော်ကန်ပြီး၊ နမူနာကောက်ယူခဲ့သော လူဦးရေမှ အနုမာနကောက်ချက်ချရန်အတွက် လုံလောက်ပါသည်။*

# စစ်တမ်းမေးခွန်းများ

မြို့ပြလူနေမှုဘဝစစ်တမ်းကို ကမ္ဘာတစ်ဝှမ်းမှသုတေသနစစ်တမ်းများမှ ရွေးချယ်ထားသောမေးခွန်းများဖြင့် ကောက်ယူခဲ့ပါသည်။ အချို့ဖြစ်ရပ်များတွင် တိုက်ရိုက်နှိုင်းယှဉ်မှုများပြုနိုင်ရန်အတွက် မေးခွန်းများကို ပကတိအတိုင်း အတိအကျ မပြောင်းမလဲထားရှိခဲ့ပါသည်။ ဥပမာ - တစ်ဦးချင်း ကျန်းမာရေးဝပြောမှုနှင့် ဆိုင်သည့် မေးခွန်းလေးခုကို ၂၀၁၁ မှစ၍ အင်္ဂလန်နိုင်ငံ၏ နမူနာလူဦးရေကို နှစ်စဉ်မေးမြန်းသည့် အင်္ဂလန်နိုင်ငံအစိုးရ၏ အမျိုးသားစာရင်းဇယားများဆိုင်ရာရုံးမှ ရယူထားခြင်းဖြစ်သည်။

အခြားမေးခွန်းများကိုမူ မြန်မာနိုင်ငံအခြေအနေနှင့် မြို့ပြအခြေအနေများနှင့် အံဝင်ခွင်ကျ ရှိစေရန်ပြုပြင်ပြောင်းလဲခဲ့ပါသည်။ ယင်းမေးခွန်းများကိုသုတေသန စစ်တမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ မြို့ပြရေးရာကိစ္စများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍လည်းကောင်း ကျွမ်းကျင်သောပညာရှင်အစုအဖွဲ့မှ ပြန်လှန်သုံးသပ်စစ်ဆေးခဲ့သည်။ ဘာသာပြန်ပြီးသော မေးခွန်းများကို မူလဘာသာစကားသို့ တဖန်ဘာသာပြန်ပြီးချိန်တွင် ထိုမေးခွန်းများအား မြို့ပြနေပြည်သူများအား စမ်းသပ်မေးမြန်းခဲ့ပြီး ထပ်မံမွမ်းမံခဲ့ပါသည်။

## အဓိကမေးခွန်း

အဓိကမေခွန်းများကို အခန်းခွဲတိုင်းတွင်လည်း ယခုပုံစံအတိုင်း ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။



ပုံ ၃.၁

*မြို့ပြလူနေမှုဘဝစစ်တမ်း ကောက်ယူထားသော မြို့နယ်များ*

## > မြို့ပြလူနေမှုဘဝစစ်တမ်း

မေးခွန်း
၁၁၈ ခု

ဖြေဆိုသူ
၁၄၀၀ ဦး

မတူညီသော ကိုးကွယ်ရာဘာသာ ၅ ခု

ကွဲပြားသော လူမျိုး ၂၃ မျိုး

ကျား ၅၀%

မ ၅၀%

## > စစ်တမ်းကောက် ဒေသများ




* စစ်တမ်းတစ်လျှောက်တွင် ရန်ကုန်မြို့ရှိ စစ်တမ်း ကောက်ယူထားသော မြို့နယ် ၃ ခုကို **ရန်ကုန်** ဟူ၍သာ အတိုကောက် ဖော်ပြထားသည်။



# ၄

# ယေဘုယျခြုံငုံအမြင်

# နိဒါန်း

ဤအခန်းတွင် နေထိုင်ရာဒေသနှင့် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်မှုများအပေါ် စစ်တမ်းကောက်ယူခဲ့သော မြို့ပြနေထိုင်သူများ၏ စိတ်နေသဘောထားကိုတင်ပြခြင်းဖြစ်ပြီး၊ ၎င်းတို့၏အပြုသဘောဆောင်သောအမြင်များနှင့် မနှစ်မြို့သော အမြင်သဘောများ အတွက် ပေးသောအကြောင်းပြချက်များကို အသေးစိတ်ဖော်ပြထားသည်။

## အဓိကတွေ့ရှိချက်များ

**၅၄%** သော စစ်တမ်းဖြေဆိုသူအများစုက တိုင်းပြည်သည် **လမ်းကြောင်းမှန်ဘက်သို့ ဦးတည်**နေသည်ဟု ထင်မြင်သည်။





**၆၆%** သော စစ်တမ်းဖြေဆိုသူ သုံးပုံနှစ်ပုံက မိမိတို့မြို့သည် **လမ်းကြောင်းမှန်ဘက်သို့ ဦးတည်**နေသည်ဟု ထင်မြင်သည်။



၇၅%
တောင်ကြီး

၅၂%
ဘားအံ

၆၁%
ရန်ကုန်*


အခြေခံအဆောက်အအုံ
၃၅%

ငြိမ်းချမ်းရေး
၁၄%

ဖွံ့ဖြိုးရေး
၁၃%

တို့သည် ဖြေဆိုသူများ အနေဖြင့် **အကောင်းမြင်မှုများအတွက် အများဆုံးပေးသော အကြောင်းပြချက်သုံးချက်** ဖြစ်သည်။

# တိုင်းပြည်၏လားရာ

### တိုင်းပြည်၏ဦးတည်ရာလမ်းကြောင်းနှင့်စပ်လျဉ်း၍ ဖြေဆိုသူများက အကောင်းမြင်ပုံရသည်။

အာရှဖောင်ဒေးရှင်း၏ အခြားသောစစ်တမ်းများ၏ ဦးတည်ရာအတိုင်း ၂၀၁၇ ခုနှစ် မြို့ပြလူနေမှုဘဝစစ်တမ်းအား တိုင်းပြည်သည် မှန်ကန်သောလမ်းကြောင်းသို့မဟုတ် မှားယွင်းသော လမ်းကြောင်းဘက်သို့ ဦးတည်နေပါသလားဟူသော မေးခွန်းမေးခြင်းဖြင့် အစချီခဲ့ပါသည်။[၉] ယေဘုယျခြုံကြည့်ပါက ဖြေဆိုသူ ၅၄% မှာ တိုင်းပြည်သည် မှန်ကန်သောလမ်းကြောင်းသို့ ဦးတည်နေသည်ဟု ရှုမြင်ကြသည်။ ဤတုံ့ပြန်ဖြေဆိုချက်သည် လုံးဝဥဿုံ အကောင်းဘက်မှရှုမြင်သည်ဟု မဆိုနိုင်သော်လည်း ၇% ကသာ တိုင်းပြည်သည် မှားယွင်းသောလမ်းကြောင်းသို့ ဦးတည်နေသည်ဟု ထင်မြင်ကြောင်း ဖြေဆိုခဲ့ကြသည်။ သို့သော် တိုင်းပြည်သည် လမ်းကြောင်းအမှန်ကိုလည်း ဦးမတည်၊ လမ်းကြောင်းအမှားသို့လည်း ဦးတည်မနေဟု ဖြေဆိုခဲ့ကြသူများ၏ လေးပုံတစ်ပုံနီးပါး (၂၃%)ခန့်က တိုင်းပြည်အနေအထားမှာ တန့်နေသည်ဟူသော ခံစားမှုကို ဖော်ပြလိုကြသည်။ အခြားသော ဖြေဆိုသူ ၁၇% က မသိပါ သို့မဟုတ် မဖြေဆိုချင်ပါဟု ဖြေဆိုခဲ့ကြသည်။ ဖြေဆိုသူအမျိုးသမီးများ၏ ၅၀ ရာခိုင်နှုန်းသည် နိုင်ငံသည် လမ်းကြောင်းမှန်ဘက်သို့ ဦးတည်နေသည်ဟု ယူဆကြပြီး ၆ ရာခိုင်နှုန်းမှာမူ လမ်းကြောင်းမှားဘက်သို့ ဦးတည်နေသည်ဟု ထင်မြင်ကြသည်။

### ထိုမေးခွန်းအား နောက်ဆုံးမေးမြန်းထားသော အာရှဖောင်ဒေးရှင်းမှ ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပြောင်းလဲနေသော လူ့အဖွဲ့အစည်းအတွင်း နိုင်ငံသားအသိပညာနှင့် တန်ဖိုးများ စစ်တမ်းပြီးသည်မှစ၍ အကောင်းမြင်မှုသည် အနည်းငယ်လျော့နည်းလာသည်ကို တွေ့ရှိရသည်။

ထိုမေးခွန်းအား ယခင်ကမေးမြန်းထားရာတွင် နေထိုင်သူ ၆၂ ရာခိုင်နှုန်းမှာ နိုင်ငံသည် လမ်းကြောင်းမှန်သို့ ဦးတည်နေသည်ဟု ယူဆကြသောကြောင့် ထိုရလဒ်သည် မကြာသေးမီက ကောက်ယူခဲ့သော စစ်တမ်းထက် ၈ ရာခိုင်နှုန်း မြင့်မားသည်။ ထို့အပြင် မကြာသေးမီက ကောက်ယူခဲ့သော စစ်တမ်းတွင် မှားယွင်းသော ဦးတည်ရာသို့ ဦးတည်နေသည်ဟု ဖြေဆိုခဲ့သူအရေအတွက် ရာခိုင်နှုန်း ပိုများခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သော စစ်တမ်းတွင်မူ ၄ ရာခိုင်နှုန်းသာလျှင် ထိုသို့ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။[၁၀]

> ၅၄% သောဖြေဆိုသူများမှာ တိုင်းပြည်သည် မှန်ကန်သောလမ်းကြောင်းသို့ ဦးတည်နေသည်ဟု ရှုမြင်ကြသည်။

## အဓိကမေးခွန်း

မေးခွန်း ၁၈။ ယေဘုယျအားဖြင့်လက်ရှိနိုင်ငံတွင်း အခြေအနေများသည်အကောင်းဘက်သို့ ဦးတည်နေသည်ဟု သင်ပြောနိုင်ပါသလား(သို့) အဆိုးဘက်သို့ ဦးတည်နေသည်ဟု သင်ပြောနိုင်ပါသလား

## ဖော်ပြချက် ၄.၁

*တိုင်းပြည်၏ ဦးတည်ရာလမ်းကြောင်းအပေါ် အသက်အရွယ်အလိုက် အမြင်များ*

အသက်အရွယ်ကြီးရင့်သူများကငယ်ရွယ်သူများထက် တိုင်းပြည်၏ ဦးတည်ရာလမ်းကြောင်းနှင့် ပတ်သက်၍ ပိုမိုအကောင်းမြင်ကြဟန်ရှိသည်။ တိုင်းပြည်သည် မှန်ကန်သော ဦးတည်ရာလမ်းကြောင်းသို့ ရှေ့ရှု ဦးတည်နေသည်ဟု အသက် ၄၀ ကျော် ပုဂ္ဂိုလ်များက အသက် ၄၀ အောက်များထက် ၁၀ ရာခိုင်နှုန်းနီးပါး ပြောနိုင်ခြေ ပိုရှိကြသည်။ အသက်ငယ်ရွယ်သော ဖြေဆိုသူများက အရေးအရာများသည် ပြောင်းလဲခဲ့ခြင်း မရှိဟုပြောနိုင်ခြေပိုမိုများပြီး၊ တိုင်းပြည်သည် မှားယွင်းသော ဦးတည်ရာလမ်းကြောင်းသို့ ရှေ့ရှု ဦးတည်နေသည်ဟု ပိုပြီးပြောနိုင်ခြေရှိသည်ကို တွေ့ရှိရသည်။ သို့သော်လည်း၊ မည်သည့် အသက်အုပ်စုမှမဆို ဖြေဆိုသူများ၏ ၁၀% ထက်ကျော်ပြီး တိုင်းပြည်သည် မှားယွင်းသောလမ်းကြောင်းသို့ ဦးတည်နေသည်ဟုမယုံကြည်ကြပါ။ စိတ်ဝင်စားစရာဖြစ်သည်မှာ မိမိနေထိုင်ရာ မြို့ကြီးများသည် မှန်ကန်သော ဦးတည်ရာလမ်းကြောင်းသို့ ရှေးရှုဦးတည်နေသည်ကို ယုံကြည်သည် မယုံကြည်သည်နှင့် စပ်လျဉ်း၍ဖြေဆိုမှုတွင် အသက်ပိုငယ်သော ဖြေဆိုသူများနှင့် အသက်ပိုကြီးသော ဖြေဆိုသူများအကြား ကွာခြားမှု မရှိသလောက်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၂ ရာခိုင်နှုန်း အမှတ်အောက်သာ ရှိသော်လည်း၊ အသက်ပိုငယ်သော ဖြေဆိုသူများက အသက်ပိုကြီးသော ဖြေဆိုသူများထက် အနည်းငယ်ပိုမို၍ အကောင်းမြင်ကြပါသည်။

# မြို့တော်၏ ဦးတည်ရာလမ်းကြောင်း

## အဓိကမေးခွန်း

မေးခွန်း ၁၉။ ယေဘုယျအားဖြင့်ရန်ကုန်မြို့တွင်းရှိ အခြေအနေများသည် အကောင်းဘက်သို့ ဦးတည်နေသည်ဟု သင်ပြောနိုင်ပါသလား (သို့) အဆိုးဘက်သို့ ဦးတည်နေသည်ဟု သင်ပြောနိုင်ပါသလား။

**ၚင်းတို့ နေထိုင်ရာမြို့ကြီးများ၏ ဦးတည်ရာလမ်းကြောင်းနှင့်စပ်လျဉ်း၍ ဖြေဆိုသူများအကြား အကောင်းမြင်မှု ပိုမိုမြင့်မားပါသည်။**

ၚင်းတို့၏ မြို့ကြီးများသည်မှန်ကန်သောလမ်းကြောင်းသို့ ဦးတည်နေသည်ဟု ဖြေဆိုသူသုံးပုံနှစ်ပုံ (၆၆%) ခန့်က အခိုင်အမာ ဆိုကြသည်။ စစ်တမ်းကောက်ယူခဲ့သော မြို့နယ်များအားလုံးတွင် ထိုအကောင်းမြင်မှုသည် တန်းတူတည်ရှိနေပြီး တောင်ကြီးတွင်နေထိုင်သူများက (၇၅% ဖြင့်) အကောင်းမြင်မှုအရှိဆုံးဖြစ်ပြီး၊ ဘားအံတွင်နေထိုင်သူများက (၅၂% ဖြင့်) အကောင်းမြင်မှု အနည်းဆုံး ဖြစ်ကြသည်။ စစ်တမ်းကောက်ယူသူများအနက် ၃၀% က တိုင်းပြည်သည် မှန်ကန်သော လမ်းကြောင်းကိုဖြစ်စေ၊ မှားယွင်းသောလမ်းကြောင်းကိုဖြစ်စေ ဦးတည်နေသည်ဟု မထင်မြင်ကြောင်း ဖြေဆိုခဲ့ကြပြီး၊ အခြား ၁၄% က ၚင်းတို့ မသိကြောင်း သို့မဟုတ် မဖြေဆိုလိုကြောင်း တုံ့ပြန်ဖြေဆိုခဲ့ကြသည်။ ဖြေဆိုသူအမျိုးသမီးများ၏ ၆၄ ရာခိုင်နှုန်းက ၚင်းတို့နေထိုင်ရာ မြို့များသည် အကောင်းဘက်သို့ ဦးတည်နေသည်ဟု ဖြေဆိုခဲ့ကြပြီး ၄ ရာခိုင်နှုန်းက အဆိုးဘက်သို့ ဦးတည်နေသည်ဟု ဖြေဆိုခဲ့ကြသည်။

### ပုံ ၄.၁

*သင့်နိုင်ငံ၊ သင့်မြို့သည် လမ်းကြောင်းမှန်သို့ ဦးတည်နေပါသလား။ မြို့ကြီး ၃ ခု* နှင့် စစ်တမ်းတစ်ခုလုံး။*

■ သဘောမတူပါ ■ သဘောတူသည်လည်းမဟုတ်၊ မတူသည်လည်းမဟုတ် ■ သဘောတူပါသည်



# အကောင်းမြင်ခြင်း (သို့) အဆိုးမြင်ခြင်းအတွက် အကြောင်းပြချက်များ

**ဖြေဆိုသူများက အခြေခံအဆောက်အအုံ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ယင်းတို့၏ အကောင်းမြင်မှု၏ အကြောင်းပြချက်များအဖြစ် ကြိမ်ရေအများဆုံးဖော်ပြကြသည်။**

တိုင်းပြည်သည် မှားယွင်းသောလမ်းကြောင်းသို့ ဦးတည်ရွေ့လျားနေသည်ဟု ထင်မြင်ယူဆကြသည့်ဖြေဆိုသူများက စီးပွားရေးလည်ပတ်မှု၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် အခြေခံအဆောက်အအုံများက ယင်းတို့၏ အဆိုးမြင်မှုအတွက် အကြောင်းပြချက်များအဖြစ် ကြိမ်ရေအများဆုံးဖော်ပြကြသည်။ ရလဒ်များသည် ၂၀၁၄ ခုနှစ် အာရှဖောင်ဒေးရှင်း သုတေသနစစ်တမ်းနှင့်တူညီနေပြီး၊ ယင်းသုတေသန စစ်တမ်းနှစ်ခုစလုံးတွင် လမ်းမကြီးများနှင့် အခြေခံအဆောက်အအုံတို့ကို အကောင်းမြင်မှုအတွက် နံပါတ်တစ် အကြောင်းအဖြစ် ဖော်ပြကြကာ၊ အင်အားနည်းလာသော စီးပွားရေးက အဆိုးမြင်မှုအတွက် နံပါတ်တစ် အဖော်ပြဆုံး အကြောင်းပြချက်ဖြစ်လာခဲ့ပြီး၊ ပဋိပက္ခသည် ဖော်ပြခံရသောစာရင်းတွင်ပင် ပါဝင်ခဲ့ခြင်းမရှိပါ။ ထိုသို့ကွဲပြားမှုသည် သုတေသနစစ်တမ်း တစ်ခုချင်းစီကို ပြုလုပ်ခဲ့သည့် အချိန်ကွာခြားမှုကြောင့်ဖြစ်နိုင်သော်လည်း၊ ပဋိပက္ခ၏ သက်ရောက်မှုက မျက်ဝါးထင်ထင်မရှိသည့် မြို့ပြပတ်ဝန်းကျင်များကို အဓိက ထားသည့် မြို့ပြလူနေမှုဘဝစာတမ်း၏ ထင်ဟပ်မှုလည်း ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။

## အဓိကမေးခွန်း

မေးခွန်း ၂၀။ အဘယ်ကြောင့်အကောင်းဘက်သို့ ဦးတည်နေသည်ဟုဆိုရသနည်း။

မေးခွန်း ၂၁။ အဘယ်ကြောင့် အဆိုးဘက်သို့ ဦးတည်နေသည်ဟု ဆိုရသနည်း။



ပုံ ၄.၂

*အကောင်းမြင်ခြင်းနှင့် အဆိုးမြင်ခြင်းများအတွက် အကြောင်းပြချက်များ (စစ်တမ်းတစ်ခုလုံး)*





# ၅

# နေထိုင်ရန်သင့်တော်မှု အခြေအနေ

# နိဒါန်း

ဤအခန်းတွင် မြို့နယ် ၅ မြို့နယ် တစ်ခုချင်းစီရှိ မြို့ပြလူနေမှုဘဝနှင့် ဆက်နွယ်နေသော တမူထူးခြားသည့်အချက်များအပေါ် ထားရှိသည့် ဖြေဆိုသူများ၏ ရှုမြင်ပုံကိုဖော်ပြထားသည်။ ယေဘုယျအားဖြင့် မြို့ကြီးများတွင်ရှိသော မြို့ပြနေရာများနှင့် ဝန်ဆောင်မှုများကို ဖြေဆိုသူများက သိရှိကြသော်လည်း ထိုအရာများကို လက်လှမ်းမီနိုင်ရန် အတွက် အခွင့်အလမ်းများကိုမူ အကန့်အသတ်ဖြင့်သာရရှိသည်ဟု ဤသုတေသနစစ်တမ်းကတွေ့ရှိခဲ့သည်။ အခြားအခန်းများနှင့်မတူဘဲ၊ ဤအပိုင်းတစ်လျှောက်လုံးရှိ တုံ့ပြန်ဖြေဆိုမှုများမှာ အရပ်ဒေသပေါ် မူတည်၍ မြို့ကြီးများနှင့် မြို့နယ်များအလိုက် ထင်ရှားသော ကွဲပြားမှုများ ရှိသည်။ မည်သည့်မြို့ကြီးသို့မဟုတ် မြို့နယ်ကမျှ စစ်တမ်းကောက်ယူသည့် အခြားမြို့ကြီးတစ်ခုခုထက် နေထိုင်ရန် သင့်တော်မှုအခြေအနေအရ တသမတ်တည်း ပိုမိုမြင့်မားသည်ဟု ဖြေဆိုဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း ဖြေဆိုမှုပုံစံသည် ခန့်မှန်းနိုင်သော အနေအထားများဖြစ်ရာ၊ ပို၍မြို့ပြဆန်သော မြို့နယ်များတွင် သာလွန်ကောင်းမွန်သော အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်လက်လှမ်းမီနိုင်မှုရှိခြင်းကို တင်ပြကြပြီး ဆူညံမှုနှင့် လေထုညစ်ညမ်းမှုများနှင့်စပ်လျဉ်း၍ အနုတ်လက္ခဏာဆောင်သော သဘောထားများကိုလည်း တင်ပြကြသည်။

# အဓိကတွေ့ရှိချက်များ

ဖျော်ဖြေရေးအတွက် ရွေးချယ်စရာများ ရှိသည်ဟု ၇၃% နှင့် ဈေးဝယ်စရာ နေရာများရှိသည်ဟု ၉၀% သော ဖြေဆိုသူများက **၎င်းတို့၏ မြို့အသီးသီးတွင် မြို့ပြ၏ ဝန်ဆောင်မှုကောင်းများရှိကြောင်း** တင်ပြခဲ့ကြသည်။



ဖျော်ဖြေရေး

၇၃%



ဈေးဝယ်ခြင်း

၉၀%

၄၅% သော ဖြေဆိုသူများက ၎င်းတို့တွင် မြို့ပြ ဝန်ဆောင်မှုများကို ရယူခံစားရန် **အားလပ်ချိန် အလုံအလောက် မရှိပါ** ဟု ဖြေဆိုခဲ့ကြသည်။



အားလပ်ချိန်

၄၅%



ရန်ကုန်မြို့တွင် အဓိကအသုံးပြုသော သယ်ယူပို့ဆောင်ရေးမှာ **အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး** (၄၆%) ဖြစ်ပြီး ဘားအံနှင့် တောင်ကြီးတွင်မူ **မော်တော်ဆိုင်ကယ်များ**ကို အများဆုံး (၅၀% နှင့် ၇၀%) အသုံးပြုကြသည်။






၅၄%သော ဖြေဆိုသူများက မြို့တွင်းတွင် မော်တော်ဆိုင်ကယ်စီးရာတွင် **ယာဉ်ကြောလုံခြုံဘေးကင်းခြင်းသည် စိတ်အပူပန်ရဆုံး** အချက်ဖြစ်ကြောင်း ဖြေကြားကြသည်။

# အားလပ်ချိန်

**ဖြေဆိုသူများနေထိုင်ရာ သက်ဆိုင်ရာမြို့ကြီးများသည် ကောင်းမွန်သော မြို့ပြနေရာများနှင့် ဝန်ဆောင်မှုများရှိသော်လည်း၊ ယင်းတို့ကို ရရှိခံစားနိုင်ရန် အချိန်အနည်းငယ်သာ ရှိသည်ဟုဖြေဆိုခဲ့ကြသည်။**

မြို့ပြနေထိုင်သူများကို ယင်းတို့နှင့်သက်ဆိုင်ရာ မြို့ကြီးများတွင် အားလပ်ချိန်လုပ်ဆောင်မှုများ၏ အရည်အသွေးနှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သော ဖော်ပြချက်များကို မည်သည့်အတိုင်းအတာထိ သဘောတူကြောင်း  မေးခွန်း ၆ ခု ဖြင့် အစဉ်လိုက်မေးမြန်းခဲ့ပါသည်။ နယ်မြေဒေသအားလုံးရှိ ဖြေဆိုမှုများက ၇၃% (ဖျော်ဖြေမှုနှင့်အပန်းဖြေမှု)နှင့် ၉၀% (ဈေးဝယ်ထွက်ခြင်း) အကြား သဘောတူကြောင်း သို့မဟုတ် ခိုင်ခိုင်မာမာသဘောတူကြောင်းပြကာ များစွာ အကောင်းမြင်မှုရှိသည်။ အထူးသဖြင့် တောင်ကြီးတွင် ထိုသို့သဘောတူညီမှုများ မြင့်မားသည့် အဆင့်ရှိကြောင်း တသမတ်တည်းတွေ့ရှိရသည်။ ၈၂ ရာခိုင်နှုန်းအောက် မနည်းသော ဖြေဆိုသူများသည် အထက်ပါ ဖော်ပြချက်များအား သဘောတူခြင်း (သို့) ခိုင်ခိုင်မာမာသဘောတူခြင်းရှိသည်။ ဘားအံတွင် အနိမ့်ဆုံးသောသဘောတူမှုရှိသော်လည်း၊ ဖြေဆိုမှုများမှာ အဆိုးမြင်သည့် သဘောထားများ ရှိမနေပါ။ ဘားအံရှိ ဖြေဆိုသူများ၏ ၅၂% ကသာ "ဘားအံတွင် ဖျော်ဖြေမှုနှင့် အပန်းဖြေမှုတို့အတွက် ကောင်းမွန်သောနေရာများ များပြားစွာရှိသည်"ဟူသော ဖော်ပြချက်ကို သဘောတူကြသော်လည်း၊ ၂၄% က မသိပါ သို့မဟုတ် ထိုမေးခွန်းကို ဖြေဆိုနိုင်ခြင်းမရှိပါ။

အားလပ်ချိန်လုပ်ဆောင်မှုများနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ဖြေဆိုနိုင်စွမ်း မရှိခြင်းသည် ရှိနေသောမြို့ပြနေရာများနှင့် ဝန်ဆောင်မှုများနှင့် ပြည့်ပြည့်ဝဝ ပတ်သက် ကျွမ်းဝင်မှုမရှိသောကြောင့်ဟု ဆိုလိုနိုင်ချေရှိပါသည်။ ထိုသုံးသပ်ချက်ကို ထိုမေးခွန်းစဉ်တွင် မေးသောနောက်ဆုံးမေးခွန်းဖြစ်သည့် "[xxx]မြို့ရှိ ကောင်းမွန်သောအရာများကို တွေ့ကြုံခံစားနိုင်ရန် ကျွန်တော်တွင် အချိန်ပိုရှိသည်။"ဟူသော မေးခွန်းကိုဖြေသည့် တုံ့ပြန်ဖြေဆိုချက်များက အတည်ပြုထောက်ခံနေပါသည်။ ထိုမေးခွန်းကို စစ်တမ်းဖြေဆိုသူများ၏ ၄၇% ကသာ ထောက်ခံသည့်သဘောဖြေဆိုခဲ့ပါသည်။ တောင်ကြီးမြို့ရှိ ဖြေဆိုသူများအနက် ၆၃% က ထိုဖော်ပြချက်အပေါ် သဘောတူသည် သို့မဟုတ် အလွန်သဘောတူကြောင်း ဖြေဆိုကြခြင်းဖြင့် အချိန်ပိုအများဆုံးရှိကြောင်း ဖော်ပြခဲ့ချိန်တွင်၊ သာကေတ၊ ဘားအံနှင့်မြောက်ဒဂုံမြို့နယ်များရှိ စစ်တမ်းကောက်ယူခံရသူများ၏ ၄၀% က ယင်းတို့၏မြို့များက ပေးမည့်အရာများကို ရရှိခံစားရန် လုံလောက်သော အချိန်ရှိပါသည် ဟူသောအမြင်ကို သဘောမတူ သို့မဟုတ် အလွန်သဘောမတူခဲ့ကြပါ။

## အဓိကမေးခွန်း

မေးခွန်း ၃၈။ ရန်ကုန်မြို့တွင် ကောင်းမွန်သော အများပြည်သူဆိုင်ရာ ပန်းခြံများ၊ ပန်းဥယျာဉ်များ ရှိသည်။

မေးခွန်း ၄၀။ ရန်ကုန်မြို့တွင် အိမ်အပြင်ထွက်ပြီး စားသောက်ရန်နေရာကောင်းများစွာရှိသည်။

မေးခွန်း ၄၁။ ရန်ကုန်မြို့တွင် ဈေးဝယ်ထွက်ရန် နေရာကောင်းများစွာရှိသည်။

မေးခွန်း ၄၂။ ရန်ကုန်မြို့တွင် ဖျော်ဖြေရေးနှင့် အပန်းဖြေစရာ နေရာများစွာရှိသည်။

မေးခွန်း ၄၃။ ရန်ကုန်မြို့ရှိ ကောင်းမွန်သောအရာများကို တွေ့ကြုံခံစားနိုင်ရန် ကျွန်တော့်မှာ အချိန်ပိုရှိသည်။

*ဘားအံရှိ ဖြေဆိုသူများ၏ ၅၂% ကသာ "ဘားအံတွင် ဖျော်ဖြေမှုနှင့် အပန်းဖြေမှုတို့အတွက် ကောင်းမွန်သောနေရာများ များပြားစွာရှိသည်"ဟူသော ဖော်ပြချက်ကို သဘောတူကြသော်လည်း၊ ၂၄% က မသိပါ သို့မဟုတ် ထိုမေးခွန်းကို ဖြေဆိုနိုင်ခြင်းမရှိပါ။*

## ပုံ ၅.၁

*မြို့ပြ၏ သာယာစိုပြေခြင်းအပေါ် သဘောတူညီမှု (စစ်တမ်းတစ်ခုလုံး)*




# သယ်ယူပို့ဆောင်ရေး

**စစ်တမ်းကောက်ယူခံရသောနေထိုင်သူများ၏ ၁၀% အောက်မှာ အလုပ်သွားရန် သယ်ယူပို့ဆောင်ရေးအတွက် အဓိကအားဖြင့် ကားကိုအသုံးပြုပါသည်။**

အလုပ်သွားအလုပ်ပြန်အတွက် ၎င်းတို့၏ အဓိကသယ်ယူပို့ဆောင်ရေးပုံစံနှင့် ပတ်သက်၍ မေးမြန်းသည့်အခါ၊ မြို့ပြနယ်မြေဒေသများအကြား ကြီးမားသော ကွာခြားချက်ရှိပါသည်။ ရန်ကုန်ရှိမြို့နယ်များရှိ ဖြေဆိုသူများက အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးစနစ်နှင့် စွမ်းအင်မလိုသော သယ်ယူပို့ဆောင်ရေး (ဥပမာစက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်း) တို့ကို ၈၉ ရာခိုင်နှုန်း အမှီသဟဲပြုနေရမှုကို ဖော်ပြခဲ့ကြသော်လည်း၊ တောင်ကြီးနှင့် ဘားအံရှိ ထက်ဝက်ထက်မကသော ဖြေဆိုသူများက ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ဖြင့် သွားလာမှုအပေါ် (၅၉% နှင့် ၅၅% အသီးသီး) အားထားမှီခိုကြပါသည်)။ အလုပ်လုပ်ကြသည်ဟုဖြေဆိုကြသော အမျိုးသမီးဖြေဆိုသူများအနက် ၇၁%သော အမျိုးသမီးများသည် အများပြည်သူသယ်ယူပို့ဆောင်ရေးသို့ စွမ်းအင်မလိုသော သယ်ယူပို့ဆောင်ရေးအသုံးပြု၍ လုပ်ငန်းနေရာသို့သွားရောက်ကြသည်ဟု ဖြေဆိုထားပြီး ၂၉ ရာခိုင်နှုန်းမှာမူ ကိုယ်ပိုင်ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကိုသာ အမှီပြုကြသည်ဟုဖော်ပြကြသည်။ အလုပ်အကိုင်ရှိသော အမျိုးသမီးများ၏ အသုံးအများဆုံးသော သယ်ယူပို့ဆောင်ရေးမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ ထိုအကြောင်းအချက်အရ အမျိုးသမီးများသည် ၎င်းတို့အိမ်နှင့်နီးသော အလုပ်များတွင် အလုပ်လုပ်ကိုင်ကြသည်ဟု ယူဆနိုင်သည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူမှုအရ ထိုအမျိုးသမီးများသည် မိသားစုစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင် ဆောင်ရွက်နေကြသူများ ဖြစ်သည်ဟု ယူဆနိုင်သည်။

## အဓိကမေးခွန်း

မေးခွန်း ၃၂။ အလုပ်သို့သွားရန် မည်သည့်သွားလာရေးနည်းကို သင်အများဆုံးအသုံးပြုသနည်း။

## ပုံ ၅.၂

*အလုပ်သို့သွားရန် မည်သည့်သွားလာရေးနည်းကို သင်အများဆုံးအသုံးပြုသနည်း။ (မြို့ကြီး ၃ ခုနှင့် စစ်တမ်းတစ်ခုလုံး)*




# လမ်းခရီးဘေးကင်းလုံခြုံမှု

> **ယာဉ်ကြောလုံခြုံဘေးကင်းရေးသည်တောင်ကြီးမြို့ပေါ်နေထိုင်သူများအတွက် အဓိကပူပန်စရာဖြစ်သည်။**

ဖြေဆိုသူများ၏ထက်ဝက်ကျော်(၅၄%)က "မြို့တွင်းလမ်းများတွင် စက်တပ်ယာဉ်များ စီးနင်းသည့်အခါ ကျွန်ုပ်၏ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှု အတွက် ကျွန်ုပ်စိုးရိမ်နေရပါသည်"ဟူသောဖော်ပြချက်ကို သဘောတူကြသည် သို့မဟုတ် အလွန်သဘောတူကြပါသည်။ မြို့နယ်များတစ်လျှောက်တွင် ဤစိုးရိမ် ပူပန်မှုက မြင့်မားဆဲဖြစ်ပြီး၊ မော်တော်ဆိုင်ကယ်အသုံးပြုသူ ပိုမိုများပြားသည့် ဒေသများတွင် စိုးရိမ်ပူပန်မှုအများဆုံးဖြစ်သည်။ ရန်ကုန်ရှိစစ်တမ်းကောက်ယူရာ မြို့နယ်သုံးခု၏ ၄၅% က ထိုမေးခွန်းအတွက် သဘောတူမှု သို့မဟုတ် အလွန် သဘောတူမှုကို ဖော်ပြခဲ့ကြသော်လည်း၊ ဘားအံတွင် နေထိုင်သူများ၏ ၅၁% နှင့် တောင်ကြီးတွင် နေထိုင်သူများ၏ ၇၀% (အလွန်သဘောတူသူ၂၁%)အကြားက မိမိတို့သက်ဆိုင်ရာ မြို့ကြီးများရှိ စက်တပ်ယာဉ်များ စီးနင်းသည့်အခါ ရုပ်ပိုင်းဆိုင်ရာ လုံခြုံဘေးကင်းမှုအတွက် စိုးရိမ်ခဲ့ပါသည်ဟုဖြေဆိုခဲ့ကြပါသည်။

## အဓိကမေးခွန်း

မေးခွန်း ၃၇။ သင့်မြို့ပေါ်ကလမ်းများတွင် ကား/ ဆိုင်ကယ် (စက်တပ်ယာဉ်) စီးလျှင် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် စိတ်ပူရသည်။

ဖြေဆိုသူအမျိုးသမီးအားလုံးအနက်မှ ၅၃ ရာခိုင်နှုန်းသည် စက်တပ်ယာဉ်များစီးရာတွင် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် စိတ်ပူပန်ရပါသည်ဆိုသည့်အချက်အား ခိုင်ခိုင် မာမာသဘောတူခြင်းသို့ သဘောတူခြင်း ရှိသည်ကို တွေ့ရသည်။

## ပုံ ၅.၃

*"မြို့တွင်းလမ်းများတွင် စက်တပ်ယာဉ်များ စီးနင်းသည့်အခါ ကျွန်ုပ်၏ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှု အတွက် ကျွန်ုပ်စိုးရိမ်နေရပါသည်။" (မြို့ကြီး ၃ ခုနှင့် စစ်တမ်းတစ်ခုလုံး)*




# အများပြည်သူပို့ဆောင်ရေး

**ဖြေဆိုသူအများစုကရင်းတို့ မြို့ကြီးများရှိ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကို စရိတ်သက်သာပြီး လုံခြုံဘေးကင်းကာ သက်သောင့်သက်သာရှိကြောင်း သဘောတူကြသည်။**

သုတေသနစစ်တမ်းတွင် ဤအပိုင်းအတွက်ရွေးချယ်ထားသော မေးခွန်းများသည် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး၏ စရိတ်သက်သာမှု၊ ဘေးကင်းလုံခြုံမှုနှင့် အဆင်ပြေချောမွေ့မှုတို့ကို အဓိကထားရည်ရွယ်ပါသည်။ ထိုရှုထောင့်နယ်ပယ် သုံးခုလုံးတစ်လျှောက် အမြင်များသည် ဖော်ပြချက်များအပေါ်သဘောတူခြင်း သို့မဟုတ် အလွန်သဘောတူခြင်း (၇၀%ကျော်) ဖြင့် ထောက်ခံကြပါသည်။ ဖြေဆိုသူအမျိုးသမီးများအနက် ၆၈ ရာခိုင်နှုန်းသော အမျိုးသမီးများသည် အလွန်သဘောတူသည် (သို့) သဘောတူသည်ဟုဖြေဆိုခဲ့ကြသည်။

## အဓိကမေးခွန်း

မေးခွန်း ၃၄။ အောက်ဖော်ပြပါစာသားများအပေါ် သင်မည်သည့် အတိုင်းအတာအထိ သဘောတူညီပါသနည်း။ သင့်မြို့တွင် အများပြည်သူ အသုံးပြုသော သယ်ယူပို့ဆောင်ရေးမှာ ဘေးကင်းလုံခြုံသည်။

မေးခွန်း ၃၅။ အောက်ဖော်ပြပါစာသားများအပေါ် သင်မည်သည့် အတိုင်းအတာအထိ သဘောတူညီပါသနည်း။ သင့်မြို့တွင် အများပြည်သူ အသုံးပြုသော သယ်ယူပို့ဆောင်ရေးမှာ အဆင်ပြေသည်။

မေးခွန်း ၃၃။ အောက်ဖော်ပြပါစာသားများအပေါ် သင်မည်သည့်အတိုင်းအတာအထိ သဘောတူညီပါသနည်း။ သင့်မြို့တွင် အများပြည်သူအသုံးပြုသော သယ်ယူပို့ဆောင်ရေးမှာ စရိတ်သက်သာသည်။

## ပုံ ၅.၄

*ဖြေဆိုသူအများစုကငင်းတို့ မြို့ကြီးများရှိ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကို . . . (စစ်တမ်းတစ်ခုလုံး)*




# မြို့ပြလူနေသိပ်သည်းမှု

**မြို့ပြသို့စုပြုရောက်ရှိလာမှုသည် မြို့ပြဝန်းကျင်အတွက် စီးပွားရေးနှင့်လူမှုရေး အကျိုးအမြတ်များ ရှိလာစေသည့်တိုင်၊ မြို့ပြလူနေသိပ်သည်းလာမှုနှင့် အတူပါလာသည့် အခက်အခဲအတားအဆီးများကိုလည်း ဖြေဆိုသူများက သတိမူမိကြသည်။**

စစ်တမ်းကောက်ယူခဲ့သောမြို့နယ်ငါးခုရှိ မြို့ပြအခြေချနေထိုင်သူများကို ၎င်းတို့၏သက်ဆိုင်ရာမြို့နယ်များသည် လူထူထပ်လွန်းသည်၊ ဆူညံလွန်းသည်နှင့် လေကောင်းလေသန့် ရရှိသည်ဟု ခံစားရပါသလားဟု မေးမြန်းခဲ့ပါသည်။ ဖြေဆိုတုံ့ပြန်မှုများက မြို့နယ်အလိုက် ကွဲပြားမှုများရှိပါသည်။ ဘားအံမြို့တွင် နေထိုင်သူများအနေဖြင့် မိမိတို့၏ မြို့ကြီးကို မည်မျှလူထူထပ်သည်ဟု မြင်ပါသနည်းဟု မေးမြန်းသောအခါ၊ ဘားအံမြို့သည် အလွန်လူထူထပ်ပါသည်ဟူသော အချက်ကို ၆၇% က သဘောတူသည် သို့မဟုတ် အလွန်သဘောတူကြပြီး၊ ၁၈% ကမူ သဘောမတူ သို့မဟုတ် အလွန်သဘောမတူကြောင်း ဖြေဆိုမှုအားဖြင့် အဖြေမျိုးစုံ အများအပြားရရှိခဲ့သည်။ ကြိုတင်ခန့်မှန်းနိုင်သည့် အတိုင်းပင် လူနေသိပ်သည်းမှု ပိုမိုမြင့်မားသော မြို့နယ်များတွင် နေထိုင်သူများက ထိုမေးခွန်းကို အမြင့်ဆုံးသဘောတူမှုကို ဖော်ပြခဲ့ကြသည်။ ကျောက်တံတား မြို့နယ်တွင် နေထိုင်သူများထဲမှ မိမိတို့မြို့သည် လူနေအလွန် ထူထပ်သည်ဟု သဘောတူကြသူ ၉၂% အနက်၊ ၇၉% က အလွန်သဘောတူကြောင်း သိသာစွာဖြေဆိုခဲ့ကြသည်။ ခြုံငုံကြည့်လျှင် မြို့နယ်များအားလုံးရှိ ဖြေဆိုသူ အမျိုးသမီးများအနက် ၈၀ ရာခိုင်နှုန်းသော အမျိုးသမီးများသည် အလွန် သဘောတူသည် သို့ သဘောတူသည်ဟုဖြေဆိုကြသည်။

## အဓိကမေးခွန်း

မေးခွန်း ၄၇။ အောက်ဖော်ပြပါ စာသားများအပေါ် သင်မည်သည့် အတိုင်းအတာအထိ သဘောတူညီပါသနည်း။ သင့်မြို့သည် လူနေထူထပ်သည်။

မေးခွန်း ၄၅။ အောက်ဖော်ပြပါစာသားများအပေါ် သင်မည်သည့် အတိုင်းအတာအထိ သဘောတူညီပါသနည်း။ သင့်မြို့သည် ဆူညံသည်။

မေးခွန်း ၄၆။ အောက်ဖော်ပြပါစာသားများအပေါ် သင်မည်သည့် အတိုင်းအတာအထိ သဘောတူညီပါသနည်း။ သင့်မြို့သည် သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ရှိသည်။

မိမိတို့၏မြို့သည်အလွန်ဆူညံပါသလားဟု မေးမြန်းသောအခါ၊ တောင်ကြီးမြို့က ဖြေဆိုသူများ၏ ၆၅% က ထိုဖော်ပြချက်ကို သဘောမတူ ကန့်ကွက်ကြခြင်းဖြင့် ပိုမိုအပြုသဘော ဆောင်သော အမြင်ရှိကြသည်။ မြောက်ဒဂုံနှင့် သာကေတ တို့က မိမိတို့မြို့ကြီးများသည် အလွန်ဆူညံသည်ဟု

## ပုံ ၅.၅

မြို့သည် လူနေသိပ်သည်းကြပ်တောက်လွန်းသည်။ (မြို့ပြဒေသ ၅ ခု)




## ပုံ ၅.၆

မြို့သည် ဆူညံလွန်းသည်။ (မြို့ပြဒေသ ၅ ခု)



သဘောတူသူ ၅၅% ရှိပြီး၊ ဘားအံမြို့က ၄၄% ရှိသည့်အတွက် ပိုမိုအမြင်ကွဲပြားကြသည်။ တစ်ဖန် ပိုမိုလူနေသိပ်သည်းသော ကျောက်တံတားကဲ့သို့သော မြို့နေလူထုတွင်၊ မိမိတို့မြို့သည် အလွန်ဆူညံပါသည်ဟု ဖြေဆိုသူ ၇၂%ရှိပြီး၊ ဆူညံမှုနှင့်ပတ်သက်ပြီး ပြင်းထန်သော အမြင်ရှိကြသည်။

လေထုအရည်အသွေးနှင့်သက်ဆိုင်သည့် မေးခွန်းအပေါ် ဖြေဆိုကြရာတွင်၊ တောင်ကြီးနှင့် ဘားအံမြို့များက (၉၆% နှင့် ၉၁% သဘောတူ သို့မဟုတ် အလွန်သဘောတူကြပြီး) သူတို့မြို့ကြီးများသည် လေကောင်းလေသန့်ရှိသည်ဟု အပြတ်အသတ်ဖြေဆိုကြသည်။ ရန်ကုန်ရှိ မြို့နယ်များတွင်မူ လူနေပိုမိုထူထပ်သော မြို့ကြီးများက လေထုအရည်အသွေးအပေါ် ပိုမိုမကောင်းမြင်စိတ်ဖြင့် ရှုမြင်ကြသည့်အတွက်၊ ထိုအချက်နှင့်ပတ်သက်၍ အကောင်းမြင်သူနှင့် မကောင်းမြင်သူ ထက်ဝက်ခန့်စီ ကွဲပြားနေကြပါသည်။

## ပုံ ၅.၇

*မြို့သည် လေကောင်းလေသန့်ရှိသည်။ (မြို့ပြဧရိယာ ၅ ခု)*




> *လေထုအရည်အသွေးနှင့်သက်ဆိုင်သည့် မေးခွန်းအပေါ်ဖြေဆိုကြရာတွင်၊ တောင်ကြီးနှင့်ဘားအံမြို့များက (၉၆%နှင့်၉၀% သဘောတူသို့ မဟုတ်အလွန်သဘောတူကြပြီး) သူတို့မြို့ကြီးများသည် လေကောင်းလေသန့် ရှိသည်ဟု အပြတ်အသတ် ဖြေဆိုကြသည်။*





# ၄

# ကျန်းမာသာယာဝပြောမှု

# နိဒါန်း

ဤခေါင်းစဉ်တွင် ပျော်ရွှင်ချမ်းမြေ့မှု၊ ကျန်းမာရေး၊ စိတ်ပူပန်ရမှုနှင့် ဘဝနေထိုင်မှုအပေါ် ယေဘုယျကျေနပ်နှစ်သက်မှုတို့နှင့် စပ်လျဉ်းသည့် မြို့ပြနေထိုင်သူများ၏ အမြင်များကို ဖော်ပြထားပါသည်။ ဤအမျိုးအစားများရှိ မေးခွန်းများတစ်ခုစီကို ယေဘုယျအားဖြင့် အကောင်းသဘော ဖြေဆိုခဲ့ကြပြီး၊ ရလာဒ်အနေဖြင့် စစ်တမ်းကောက်ယူခဲ့သော မြို့နယ်များအားလုံးတွင် သိပ်မကွာခြားလှပါ။ ဘားအံမြို့နေ လူထုအနေဖြင့် မေးမြန်းသော မေးခွန်းများအားလုံးအတွက် အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက ပိုမိုနိမ့်သည့်ရလဒ်ကို ဖြေဆို ဖော်ပြခဲ့ကြပြီး တူညီသောအတိုင်းအထွာအားဖြင့်ပင် တောင်ကြီးမြို့မှ ဖြေဆိုမှုများက ပိုမို၍အကောင်းဘက်သို့ဦးတည်ပါသည်။ အရေးအကြီးဆုံးမှာ ဤအပိုင်းသည် ကျန်းမာသာယာဝပြောမှုနှင့် သက်ဆိုင်သည့် အမြင်များကို အချိန်ပြောင်းလဲမှုနှင့် လိုက်လျော ညီထွေစွာ ခြေရာခံနိုင်အတွက် နောင်တွင်ပြုလုပ်မည့် စစ်တမ်းများ အတွက် အခြေခံဖြစ်နိုင်ပါသည်။ ဤအပိုင်းတစ်လျှောက်လုံးတွင်၊ ဖြေဆိုသူများနှင့် ၂၀၁၇ခုနှစ် ဗြိတိန်နိုင်ငံအစိုးရက ပြုလုပ်သည့် ပုဂ္ဂလိက ကျန်းမာသာယာဝပြောမှု စစ်တမ်းတို့အကြားရှိ ရလာဒ်များကို နှိုင်းယှဉ်သည့်အခါ ရရှိသည့်ကိုးကားဖော်ပြချက်များကို တင်ပြသွားပါမည်။ ဤစစ်တမ်းနှင့်ကိုက်ညီစေရန်နှင့် နိုင်ငံတကာနှင့် နှိုင်းယှဉ်ချိန်ဆနိုင်ရန်၊ ဤသုတေသနစစ်တမ်းရှိ မေးခွန်းများကို တိကျစွာ ရွေးချယ်စာစီခဲ့သော်လည်း၊ ယခင်ကတင်ပြခဲ့သည့်အတိုင်း ဤမေးခွန်းများရှိ အစစ်အမှန်တန်ဖိုးများမှာမူ အနာဂတ် စစ်တမ်းများတွင် ရုပ်လုံးပေါ်လာပါလိမ့်မည်။

# အဓိကတွေ့ရှိချက်

ပျော်ရွှင်မှုနှင့်ပတ်သက်သော ရမှတ်မှာ မြင့်မားပြီး ပျမ်းမျှအားဖြင့် . . .
၆.၇ (စကေး ၁၀ အနက်)

ဘဝအပေါ်ကျေနပ်မှုနှင့်ပတ်သက်သော ရမှတ်မှာ မြင့်မားပြီး ပျမ်းမျှအားဖြင့် . . .
၆.၄ (စကေး ၁၀ အနက်)

စိုးရိမ်ပူပန်မှုနှင့်ပတ်သက်သော ရမှတ်မှာ နိမ့်ကျပြီး ပျမ်းမျှအားဖြင့် . . .
၃.၃ (စကေး ၁၀ အနက်)

ဖြေဆိုသူအများစုဖြစ်သော ၇၀% က ကျန်းမာရေးရမှတ်များနှင့် ပတ်သက်၍ အနည်းဆုံး ၇.၀ အဆင့် ဖော်ပြကြသည်။

ကျန်းမာသာယာဝပြောမှုနှင့် ပတ်သက်လျှင် မြို့အလိုက်* ဖြေဆိုမှုများမှာ သိသိသာသာ ကွဲပြားနေသည်။

# ပျော်ရွှင်မှု

## အဓိကမေးခွန်း

မေးခွန်း ၁၅။ ခြုံငုံကြည့်လျှင် မနေ့ကသင်ဘယ်လောက်ပျော်ရွှင်ခဲ့ပါသလဲ။

### ဖြေဆိုသူအများစုကပျော်ရွှင်ခဲ့ကြသည်ဟုဖြေဆိုတင်ပြခဲ့ကြသည်။

စစ်တမ်းကောက်ယူသော မြို့နေလူထု၏ ထက်ဝက်ကျော် (၅၅%)က စစ်တမ်းမဖြေဆိုခင်နေ့က ပျော်ရွှင်ခဲ့ကြသည် (စကေး ၇ မှ ၁၀) ဟု ဖော်ပြကြပြီး၊ လေးပုံတစ်ပုံခန့် (၂၃%)က ပျော်ရွှင်မှု စကေး၁၀တွင် ၁၀ဟုတင်ပြကြပါသည်။ ဖြေဆိုသူအမျိုးသမီးများ၏ ၅၄ ရာခိုင်နှုန်းက ယမနေ့က ပျော်ရွှင်ခဲ့ကြသည်ဟု ဖြေဆိုခဲ့ပြီး ၂၃ရာခိုင်နှုန်းသည် စကေး ၁၀ တွင် ၁၀ ဟု ဖြေဆိုခဲ့ကြသည်။ စစ်တမ်းဖြေဆိုသူတို့ထံမှ ပျမ်းမျှအမှတ်မှာဖြစ်နိုင်ခြေ ၁၀တွင် ၆.၇ ရှိ၍သာမန်အခြေအနေအတိုင်းအတာတစ်ရပ်၏ ပျမ်းမျှအမှတ်ထက်မြင့်သည်ဟု ဆိုနိုင်သည်။ စစ်တမ်းဖြေဆိုသူများအနက် ၁၂ ရာခိုင်နှုန်းကသာ စကေး ၀ (သုည) နှင့် ၃ အကြားဖြေဆိုခဲ့ကြသည်။ ရလဒ်များကို ဗြိတိန်နိုင်ငံတစ်ဝှမ်းတွင် နှစ်စဉ်ပြုလုပ်သော စစ်တမ်းကောက်ယူမှုနှင့် နှိုင်းယှဉ်ကြည့်ပါက စကေး ၁၀ တွင် ပျမ်းမျှ ၇.၅ ရှိသည့် ဗြိတိန်နိုင်ငံရှိ ပျော်ရွှင်မှုအဆင့်ထက် အနည်းငယ်နိမ့်ပါးနေသည်ကို တွေ့ရှိရသည်။ (အင်္ဂလန်နိုင်ငံအစိုးရ၏ အမျိုးသားစာရင်းဇယားများဆိုင်ရာရုံး, ၂၀၁၇ခုနှစ်)

ဘားအံမြို့နေများကပျမ်းမျှပျော်ရွှင်မှုအဆင့်(၅.၆)သာဖော်ပြခဲ့ကြပြီး၊နေထိုင်သူများအနက်၂၁%က စကေး ၀နှင့်၃အကြား သာအမှတ်ပေးခဲ့ကြသည်ကိုတွေ့ရှိရသည်။ တောင်ကြီးမြို့နေများကပျော်ရွှင်မှုပျမ်းမျှအဆင့်များထဲမှ အမြင့်ဆုံး (၇.၆) ကိုဖော်ပြခဲ့ကြပြီး၊ စကေးအမှတ်၃နှင့်အောက်တင်ပြသူ၅%သာရှိသဖြင့် မပျော်ရွှင်ဟူသော တုံ့ပြန်မှုရာခိုင်နှုန်းအနိမ့်ဆုံးဖြစ်ပါသည်။ ပျော်ရွှင်မှုနှင့် ဤစစ်တမ်းတွင် မေးမြန်း သွားသည့် ကိစ္စရပ်များအပေါ် ခြုံငုံအကောင်းမြင်ခြင်းတို့အကြား ရှင်းလင်းသောဆက်နွယ်မှုများနှင့်အတူ နောက်ဆက်တွဲ အစီရင်ခံစာများ၊ အနာဂတ်တွင်ပြုလုပ်မည့် စစ်တမ်းများမှ တစ်ဆင့် စဉ်ဆက်မပြတ်ခွဲခြားဆန်းစစ်ခြင်းများလုပ်ဆောင်ခြင်းသည် မြို့ပြလူနေမှုအနေအထားများအကြား ဥပမာ ပို၍ လုံခြုံသော၊ ပို၍အေးချမ်းသော မြို့ပြဝန်းကျင်ကို ပိုမိုပေးစွမ်းနိုင်သောကြောင့် သို့မဟုတ် မြို့ပြနေထိုင်သူများအနေဖြင့် ပို၍ ပျော်ရွှင်သောကြောင့် ၎င်းတို့နေထိုင်ရာမြို့များအပေါ် ပို၍ကောင်းမွန်သော အမြင်သဘောထားများ ရှိခြင်းဟုတ်၊မဟုတ် စသည့်ဆက်နွယ်မှုများကို ထည့်သွင်းစဉ်းစား ဆန်းစစ်သွားမည်ဖြစ်သည်။

ပုံ ၆.၁

*တကိုယ်ရည် ပျော်ရွှင်မှု။ (မြို့ကြီး* ၃ မြို့နှင့် စစ်တမ်းတစ်ခုလုံး)*



## ပုံ ၆.၂

*၀ သည် "လုံးဝမပျော်ရွှင်ခြင်း" ဖြစ်ပြီး၊ ၁၀ သည် "အပြည့်အဝပျော်ရွှင်ခြင်း" ကိုရည်ညွှန်းထားရာ ၀ မှ ၁၀ အထိ ရမှတ်မျဉ်းပေါ်တွင် သင်မနေ့က မည်သည့်အတိုင်းအတာအထိ ပျော်ရွှင်ခဲ့သည်ကို ဖြေဆိုဖော်ပြပါ။ (မြို့ကြီး ၃ မြို့၏ ရမှတ်)*




# ဘဝနေထိုင်မှုအပေါ် ကျေနပ်နှစ်သက်မှု

> ဖြေဆိုသူအားလုံး၏ ထက်ဝက်အောက် အနည်းငယ်သာနည်းသော (၄၉%) ရာခိုင်နှုန်းက မိမိတို့ဘဝနေထိုင်မှု အပေါ်ကျေနပ်နှစ်သက်ကြသည်။

စကေး၁၀တွင် ပျှမ်းမျှစကေးအဆင့် ၆.၄ ဖြင့် စစ်တမ်းဖြေဆိုကြသူအားလုံး၏ ပျှမ်းမျှလူဦးရေသည် အလယ်အလတ်အမျိုးအစားအတွင်း ကျရောက်နေပါသည်။ လွန်ခဲ့သော မေးခွန်းအတွင်း ဖော်ပြခဲ့သောပျော်ရွှင်မှုအဆင့်ကဲ့သို့ပင် စကေးအမှတ် ၀ နှင့် ၃ အကြား ပေးခြင်းဖြင့် မြို့နေလူများ၏ ၁၂% ကသာ မကောင်းသည့်သဘော ဖြေဆိုခဲ့ကြသည်။ (ထိုတူညီသောမေးခွန်းကိုပင် ဗြိတိန်တွင် နေထိုင်နေသူများကို မေးမြန်းသည့်အခါ ၂၀၁၇ ခုနှစ်ဇွန်လအတွင်း ဖြေဆိုမှုတွင် စကေး ၁၀ အနက်  ပျှမ်းမျှ ၇.၇ ရှိသည့်အတွက် ဗြိတိန်ရှိဖြေဆိုသူများက အနည်းငယ် ပိုမြင့်မားသည့်အမှတ်ပေးခဲ့ကြပါသည်။)

ဖြေဆိုမှုများသည်မြို့နယ်များ အားလုံးအကြားကိုက်ညီမှုမရှိပါ။ တောင်ကြီးမြို့ပေါ်နေသူများက စကေး ၇ နှင့် ၁၀ အကြား အမှတ်ပေးသူ ၅၉% ဖြင့် ဘဝနေထိုင်မှုအပေါ် ကျေနပ်နှစ်သက်မှု အမြင့်ဆုံးအဆင့်ကို ဖော်ပြခဲ့ကြသည်။ ယင်းနှင့်ပြောင်းပြန်ပင်၊ ဖြေဆိုသူများ၏ လေးပုံတစ်ပုံခန့် (၂၆%)သာ အမြင့်ဆုံး ၇ ပေးခြင်းဖြင့် ဘားအံမြို့နေများက ကျေနပ်မှု အနိမ့်ဆုံးအဆင့် ဖော်ပြဖြေဆိုခဲ့ကြသည်။ ဘားအံမှဖြေဆိုမှုများက မည်သို့ပင်လွန်ကဲစွာမကောင်းမြင်မှုရှိသော်လည်း (စကေး ၃ နှင့်အောက် အမှတ်ပေးသူ ၁၆% သာ)၊ စစ်တမ်းဖြေဆိုသူများ၏ ၆၀% နီးပါးက အလယ်စကေးအမှတ် (၄-၆) ကို ရွေးချယ်ခဲ့ကြခြင်းဖြင့် ၎င်းတို့သည် အလယ်အလတ်ဘက်သို့ ယိမ်းကြပါသည်။

## အဓိကမေးခွန်း

မေးခွန်း ၁၃။ ခြုံငုံပြောရလျှင် ယခုလက်ရှိ သင့်ဘဝကိုဘယ်လောက်အတိုင်းအတာအထိ ကျေနပ်ပါသလဲ။

## ပုံ ၆.၃

*၀ သည် "လုံး၀မကျေနပ်ခြင်း" ဖြစ်ပြီး၊ ၁၀ သည် "အပြည့်အ၀ကျေနပ်ခြင်း" ကိုရည်ညွှန်းထားရာ ၀ မှ ၁၀ အထိ ရမှတ်မျဉ်းပေါ်တွင် သင့်ဘ၀အပေါ် လက်ရှိမည်သည့်အတိုင်းအတာအထိ ကျေနပ်သည်ကို ဖြေဆိုဖော်ပြပါ။ (မြို့ကြီး ၃ မြို့၏ ရမှတ်)*




# စိုးရိမ်ပူပန်မှု

**ဖြေဆိုသူများအနက်ထက်ဝက်ကျော်(၅၆%) က အမှတ် ၁၀ ရှိ စကေးပေါ်တွင် စကေးအမှတ် ၀ နှင့် ၃ အကြား အမှတ်ပေးခြင်းဖြင့် စိုးရိမ်ပူပန်မှု အနည်းငယ်သာ ခံစားနေရသည်ဟု ဖော်ပြကြသည်။**

ထိုအစုအဖွဲ့အတွင်း ဖြေဆိုသူများအနက် အမြင့်ဆုံးသော အချိုးအစား (၃၁%) က စစ်တမ်း မဖြေခင်နေ့က စိုးရိမ်ပူပန်မှုလုံး၀မခံစားခဲ့ရပါဟု ဖြေဆိုခဲ့ကြသည်။ ဖြေဆိုသူအမျိုးသမီးများ၏ ၅၅ ရာခိုင်နှုန်းသည် စိုးရိမ်းပူပန်မှု နည်းခဲ့သည်ဟု ဖြေဆိုခဲ့ကြသည်။ စုစုပေါင်းပျမ်းမျှအမှတ် အဆင့် ၃.၃ ရှိ ဘားအံနှင့် ကျောက်တံတားမြို့နေလူထု၏ ပိုမိုစိုးရိမ် ပူပန်နေမှုကို ပျမ်းမျှအမှတ်အဆင့် ၄.၃၊ မြောက်ဒဂုံမှ ပျမ်းမျှအမှတ်အဆင့် ၃.၀ ဖြင့် စိုးရိမ်ပူပန်မှုအဆင့် အနိမ့်ဆုံးဖော်ပြခဲ့ကြသည့်အတွက် စစ်တမ်းကောက်ယူခဲ့သော မြို့နယ်ငါးမြို့နယ်လုံးရှိ ပျမ်းမျှတုံ့ပြန်ဖြေဆိုမှုက သိသာစွာနိမ့်ကျနေသည်။ တစ်ဖန် ထိုအမှတ်အဆင့်များသည် ထိုတူညီသော မေးခွန်းမေးသည့်အခါ ပျမ်းမျှအားဖြင့် ၂.၉ ရှိသည့် ဗြိတိန်နိုင်ငံမှ အမှတ်အဆင့်များနှင့် ကိုက်ညီမှုရှိနေပါသည်။

### အဓိကမေးခွန်း

မေးခွန်း ၁၆။ မြို့ငုံပြောရလျှင် မနေ့က သင်ဘယ်လောက်အတိုင်းအတာအထိ စိတ်ပူပန်မှုများရှိခဲ့ပါသလဲ။

> ဖြေဆိုသူများအနက် ထက်ဝက်ကျော် **၅၆%** က အမှတ်၁၀ရှိစကေးပေါ်တွင် စကေးအမှတ် ၀ နှင့် ၃ အကြား အမှတ်ပေးခြင်းဖြင့် စိုးရိမ်ပူပန်မှု အနည်းငယ်သာ ခံစားနေရသည်ဟု ဖော်ပြကြသည်။

## ပုံ ၆.၄

စိုးရိမ်ပူပန်မှု (မြို့ကြီး ၃ မြို့နှင့် စစ်တမ်းတစ်ခုလုံး)




## ပုံ ၆.၅

၀ သည် "လုံးဝစိုးရိမ်ပူပန်မှု မရှိခြင်း" ဖြစ်ပြီး၊ ၁၀ သည် "စိုးရိမ်ပူပန်မှု အမြင့်ဆုံး" ကိုရည်ညွှန်းထားရာ
၀ မှ ၁၀ အထိ ရမှတ်များပေါ်တွင် သင်မနေ့က မည်မျှစိုးရိမ်ပူပန်ခဲ့ရသည်ကို ဖြေဆိုပေးပြပါ။ (မြို့ကြီး ၃ မြို့၏ ရမှတ်)



# ကျန်းမာရေး

## အဓိကမေးခွန်း

မေးခွန်း ၁၇။ ယေဘုယျအားဖြင့် သင့်ကျန်းမာရေး အခြေအနေဘယ်လိုရှိပါသလဲ။

**ဖြေဆိုသူများက ယေဘုယျအားဖြင့် ၎င်းတို့ကိုယ်၎င်းတို့ ကျန်းမာကြသည်ဟု ရှုမြင်ကြသည်။**

၇၀% အောက် အနည်းငယ်မျှသာနိမ့်သော ဖြေဆိုသူများက မိမိတို့သည် ကျန်းမာရေးကောင်းသည်ဟု အမှတ် ၁၀ ရှိ စကေးတွင် အနိမ့်ဆုံး ၇ ဟူသော ဖြေဆိုမှုကို အကဲဖြတ်၍ ဖော်ပြခဲ့ကြသည်။တောင်ကြီးမြို့မှ စစ်တမ်းဖြေဆိုခဲ့ကြသော မြို့နေလူထု ၇၅% က အမှတ်စကေးအမှတ် ၇ မှ ၁၀ အတွင်း မိမိတို့ကျန်းမာရေးကို ထားရှိဖြေဆိုခြင်းဖြင့် အကောင်းဆုံးကျန်းမာရေး အခြေအနေကို ဖော်ပြဖြေဆိုခဲ့ကြသည်။ဘားအံမြို့မှ ဖြေဆိုသူများသည် ကျန်းမာရေး ကောင်းမွန်မှုအပေါ် အနိမ့်ဆုံးအဆင့် (အကောင်းမြင်သော အဖြေ ၅၂%) နှင့် စကေးအမှတ် ၃ နှင့်အောက်ကို ၁၆% က ဖြေဆိုခဲ့ကြခြင်းဖြင့် ကျန်းမာရေးမကောင်းမှုအတွက် အမြင့်ဆုံးအဆင့် ဖော်ပြခဲ့ကြသည်။

### ပုံ ၆.၆

*ကျန်းမာရေးအခြေအနေ။ (မြို့ကြီး ၃ မြို့နှင့် စစ်တမ်းတစ်ခုလုံး)*





# ၇

# ကျားမရေးရာ



# နိဒါန်း

ဤအပိုင်းကအမျိုးသမီးနှင့်အမျိုးသားတို့အတွက်ဇင်းတို့မြို့ကြီးများကို တွေ့ကြုံခံစားရသည့် ကွဲပြားခြားနားသော နည်းလမ်းများကို ကိုင်တွယ်တင်ပြထားပါသည်။ ပညာရေး ရရှိမှုတွင်သိသာသော ကွာခြားမှုမရှိသော်လည်း၊ အမျိုးသမီးများ အနေဖြင့် အလုပ်သမားအင်အားစုတွင် ပါဝင်မှုက သိသိသာသာ ပိုနည်းပါးပြီး အခကြေးငွေမရသော အိမ်တွင်းအလုပ်များအတွက် ကုန်ဆုံးရချိန်က အမျိုးသားများထက်သိသိသာသာ ပိုများပါသည်။ စစ်တမ်းကောက်ယူခဲ့သော မြို့နယ်ငါးခုစလုံးတွင်၊ အမျိုးသမီးများက အမျိုးသားများထက်မိမိကိုယ်ကိုယ်ကျန်းမာရေးကောင်းသည်ဟု ထင်မြင်ယူဆမှုပို၍နည်းပါးပါသည်။

# အဓိကတွေ့ရှိချက်များ

အလုပ်မရှိပါဟု ဖြေဆိုသော အမျိုးသား ၂၇% နှင့် အမျိုးသမီး ၅၀% တို့ကိုနှိုင်းယှဉ်မှုအရ အမျိုးသားများနှင့်ယှဉ်လျှင် **အမျိုးသမီးများ၏ အလုပ်လုပ်ကိုင်မှုမှာ နည်း**ပါးပါသည်။




စစ်တမ်းကောက်မြို့ကြီးများအားလုံး ခြုံငုံကြည့်လျှင် **ကျားမ ပညာရေးအဆင့်အတန်းမှာ တူညီကြပါသည်။**



အိမ်မှုကိစ္စများအား ၆-၁၀ နာရီကြာ လုပ်ကိုင်သူ ၂၇ % နှင့် ၁၁-၁၅ နာရီကြာ လုပ်ကိုင်သူ ၁၄ % ရှိသည်ဖြစ်ရာ **အမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စနှင့်ရင်သွေးပြုစုရာတွင် တာဝန်ပိုယူ**ရသည့်သဘောဖြစ်သည်။

အမျိုးသားများအနေဖြင့်မှု **၆-၁၀ နာရီကြာ လုပ်ကိုင်သူ ၁၂% နှင့် ၁၁-၁၅ နာရီကြာ လုပ်ကိုင်သူ ၃%** သာရှိသည်။



# အလုပ်အကိုင်

> **စစ်တမ်းကောက်ယူခဲ့သောမြို့နယ်များအားလုံးတွင်အမျိုးသမီးများ၏ အလုပ်အကိုင်ရရှိနေမှုက အမျိုးသားများထက်သိသိသာသာနည်းပါးပါသည်။**

အလုပ်အကိုင်အမျိုးအစားကို မေးမြန်းသည့်အခါ၊ ဖြေဆိုသူအမျိုးသမီး ၅၀% က “အလုပ်မလုပ်ပါ” ဖြေဆိုခဲ့ကြပြီး ဖြေဆိုသူအမျိုးသား၂၇ ရာခိုင်နှုန်းကသာ ထိုသို့ ဖြေဆိုခဲ့သည်ကို နှိုင်းယှဉ်နိုင်ပါသည်။ တစ်နည်းဆိုပါက အမျိုးသမီးများသည် အလုပ်လက်မဲ့ဖြစ်နိုင်ခြေ ၂ ဆခန့် ပိုများပြီး အလုပ်အကိုင်ရှာဖွေနေခြင်းလည်းမရှိပါ။ ထို့အပြင် အချိန်ပြည့်အလုပ်ခန့်ထားခြင်းခံရသော၊အချိန်ပိုင်းအလုပ်ခန့်ထားခြင်း ခံရသော၊ နေ့စားအလုပ်လုပ်ကိုင်နေသော၊ သို့မဟုတ် အလုပ်အကိုင်ရရှိရန်အတွက် တက်ကြွစွာရှာဖွေနေသောအမျိုးသမီးရာခိုင်နှုန်းက အမျိုးသားများထက် ပိုမိုနည်းပါးပါသည်။

ဤတွေ့ရှိချက်က မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်း အချက်အလက်များနှင့် ကိုက်ညီမှုရှိပါသည်။ သန်းခေါင်စာရင်းက မြို့ပြနေ အမျိုးသားများ၏ ၈၀% က စီးပွားရေးအရ တက်ကြွနေမှုနှင့်နှိုင်းယှဉ်ပါက မြို့ပြနေအမျိုးသမီး ၄၇% သာ စီးပွားရေးအရ တက်ကြွလှုပ်ရှားမှုရှိသည်ဟု ဆိုပါသည်။ ထို့ပြင်၊ အမျိုးသမီးများက မိမိတို့၏ အလုပ်အကိုင်အမျိုးအစားကို (၆၁%က) “မိသားစုလုပ်ငန်းကို ပံ့ပိုးကူညီပေးနေသူများ”အဖြစ်သာ ပိုမိုဖွင့်ဆို လိုသည်ကို တွေ့ရပြီး၊ အမျိုးသားများကမူ ထိုသို့ဖွင့်ဆိုလိုသူ ၄၀%သာ ရှိပါသည်။ Myanmar’s Thematic Report on Gender Dimensions [REF][၁၁] တွင် ဖော်ပြထားသည့်အတိုင်း၊ “မိသားစုလုပ်ငန်းကို ပံ့ပိုးကူညီပေးနေသူများသည် ၎င်းတို့စိုက်ထုတ်ရသော လုပ်အားအနေဖြင့် စီးပွားရေးအရကူညီပေးနေမှု ရှိနေသည့်တိုင် အခကြေးငွေအတွက် အလုပ်လုပ်ခြင်း မဟုတ်ပါ”။ ဤသည်မိသားစုစီးပွားရေးလုပ်ငန်းများတွင် အလုပ်လုပ်ကြသော်လည်း၊ ၎င်းတို့ကို ၎င်းတို့၏လုပ်အားအတွက် နည်းလမ်းတကျ အခကြေးငွေပေးအပ်ခံရခြင်းမရှိသော အိမ်ထောင်စုဝင်များကို ဆိုလိုသည်။

> **ကမ္ဘာ့ရေစီးကြောင်းနှင့်အံဝင်စွာပင် စစ်တမ်းကောက်ယူသော မြို့ကြီးများရှိ အမျိုးသမီးများသည် အခကြေးငွေမရသော အိမ်တွင်းအလုပ်များကို အမျိုးသားများထက် ပိုမိုတာဝန်ယူရနိုင်ခြေများပါသည်။**

ဤစစ်တမ်းအရ အမျိုးသမီးများသည် ကလေးထိန်းခြင်းနှင့် ချက်ပြုတ်ခြင်း၊ အိမ်သန့်ရှင်းရေး၊ လျှော်ဖွတ်ခြင်းနှင့် အိမ်ဆိုင်ဖွင့်ခြင်းကဲ့သို့သော အိမ်အလုပ်များအတွက် ပိုမိုတာဝန်ယူရနိုင်ခြေရှိပါသည်။ ဖြေဆိုသူအမျိုးသား ၁၉% က အိမ်အလုပ်လုံးဝမလုပ်ပါ၊ ကလေးလုံးဝမထိန်းပါဟု ဖြေဆိုကြပြီး ထိုသို့ဖြေဆိုသူ အမျိုးသမီးမှာမူ ၅% သာရှိခြင်းဖြင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ဖြေဆိုသူ အမျိုးသမီး ၂၇% က အိမ်အလုပ်နှင့် ကလေးထိန်းခြင်းအတွက် တစ်နေ့လျှင် ၆ နာရီမှ ၁၀ နာရီအထိ လုပ်ဆောင်ရသည်ဟု ဖြေဆိုကြပြီး၊ ထိုသို့ ဆင်တူဖြေဆိုသူ အမျိုးသား ၁၂% ထက် နှစ်ဆကျော်ပိုများပါသည်။ ထို့အပြင်၊ အိမ်အလုပ် ၁၁ နာရီ မှ ၁၅ နာရီကြား လုပ်ဆောင်ရသူ အမျိုးသမီး ၁၄%ရှိပြီး၊ ထိုသို့ဖြေဆိုသူ အမျိုးသား ၃% ထက် လေးဆကျော်ပိုမိုများပြားသည်ကို တွေ့ရှိရသည်။ ရရှိနိုင်သော အထောက်အထားများက မြို့ပြနေ အလုပ်လက်မဲ့ အမျိုးသမီးများက အထက်တွင် ဖော်ပြခဲ့သော အိမ်ထောင်စုတာဝန်များကို ထမ်းရွက်ရန်အတွက် အိမ်တွင်နေကြသည်ဟု ညွှန်းဆိုနေပါသည်။

## အဓိကမေးခွန်း

မေးခွန်း ၈။ အလုပ်အကိုင် အမျိုးအစား

ပုံ ၇.၁

*ကျား/မ အလုပ်အကိုင်အခြေအနေ။ (စစ်တမ်းတစ်ခုလုံး)*



# ပညာရေး

**စစ်တမ်းကောက်ယူသော မြန်မာနိုင်ငံမြို့ကြီးများတွင် သိသာသော ပညာရေးကွာဟမှုများ မရှိနေပါ။**

ဖြေဆိုသူများ၏ အမြင့်ဆုံးအဆင့် ပညာရေးရရှိမှုနှင့်ပတ်သက်၍ မေးမြန်းသည့်အခါ၊ ရာခိုင်နှုန်းတူညီသော (၆%) အမျိုးသားများနှင့် အမျိုးသမီးများက ဘွဲ့လွန်အဆင့်၊ အလယ်တန်းအဆင့် (၂၂%)နှင့် ကျောင်းပညာရေးလုံးဝမရှိ(၂%)တို့ကို ရွေးချယ်ခဲ့ကြသည်။ အခြားသော တုံ့ပြန်ဖြေဆိုမှုများတွင်မူ သေးငယ်သော ကွာခြားမှုများရှိသည်။ ဘွဲ့ရအဆင့်အဖြစ် ရွေးချယ်သူအမျိုးသားများမှာ ထိုသို့ရွေးချယ်သူအမျိုးသမီးများထက် အနည်းငယ်သာပိုများ (၂၅% နှင့် ၂၄%) ပြီး၊ အထက်တန်းအဆင့်ဟု ဖြေဆိုသူ အမျိုးသားများက ထိုသို့ဖြေဆိုသူအမျိုးသမီးများထက် ၂% ပိုများ (၃၅% နှင့် ၃၃%) ပါသည်။ အကြီးဆုံးကွာဟချက်ကို မူလတန်းအဆင့် ကျောင်းပညာရေး တွင် တွေ့ရပါသည်။ မိမိတို့၏ ပညာရေးရရှိမှုအမြင့်ဆုံးမှာ မူလတန်းအဆင့် ဖြစ်ပါ သည်ဟု ဖြေဆိုကြသူ အမျိုးသမီးများက ထိုသို့ဖြေဆိုသူ အမျိုးသားများထက် ၅% ပိုများ (၁၄% နှင့် ၉%) သည်။ ကွာဟချက်ကသေးငယ်သော်လည်း၊ ထိုအချက်က မူလတန်းအဆင့် အောင်မြင်ပြီးနောက် ကျောင်းထွက်သူ အမျိုးသားများထက် ကျောင်းထွက်သူအမျိုးသမီးများက ပိုမို များပြားနိုင်ခြေရှိသည်ဟူသောအချက်နှင့် အမျိုးသားများက အထက်တန်းအဆင့်နှင့်/သို့မဟုတ်ဘွဲ့ရအဆင့်သင်ယူမှုများ ပြီးဆုံးနိုင်ခြေပိုများသည်ဟူသော အချက်တို့ကိုညွှန်းဆိုနေသည်ဟု သိသာစွာ ဖော်ပြနေဟန်တူပါသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းအရ ပိုမိုအသက်အရွယ်ကြီးသော အရွယ်များအကြားတွင် အမျိုးသားနှင့် အမျိုးသမီးစာတတ်မြောက်နှုန်း ကွာခြားချက်က အနည်းငယ်သိသာသော်လည်း၊ အရွယ်ရောက်ပြီးသူ စာတတ်မြောက်မှုနှုန်းသည် အမျိုးသားများနှင့် အမျိုးသမီးများအကြား အနည်းနှင့်အများ တန်းတူညီမျှမှုရှိနေသဖြင့်၊ အချိန်ကြာလာသည်နှင့်အမျှ အမျိုးသားနှင့် အမျိုးသမီးများအကြား ပညာရေးကွာဟချက် ကျဉ်းမြောင်းလာသည်ဟု ယူဆစရာရှိပါသည်။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းက "စာတတ်မြောက်မှု အဆင့်အတန်းများသည်ကျေးလက်ဒေသများထက် မြို့ပြဒေသများတွင် ယေဘုယျအားဖြင့် ပိုမိုမြင့်မားပြီး၊ ကျေးလက်ဒေသများတွင် ကျားမအကြား ကွာဟချက်က ပိုမိုကြီးမားသည်ဟု ဖော်ပြနေပါသည်။" မြို့ပြလူနေမှုဘဝစစ်တမ်းက စာတတ်မြောက်မှုနှုန်းအကြောင်း သီးသန့်မေးခွန်းများမမေးမြန်းခဲ့သော်လည်း၊ မြို့ပြဒေသများရှိ အမျိုးသားနှင့် အမျိုးသမီးတို့အကြား ပညာရေးအဆင့်ကွာဟချက်ရှိသည့်တိုင် ထိုကွာဟချက်သည် အတော်အတန် သေးငယ်သည်ဟူသောအဆိုကို ဤစစ်တမ်းမှ ကောက်ခံရရှိသော အချက်အလက်များက ထောက်ခံလျက်ရှိသည်။

## အဓိကမေးခွန်း

မေးခွန်း ၅။ ပညာအရည်အချင်း(သင်ယူပြီးဆုံးခဲ့သည့် အမြင့်ဆုံးပညာရေးအဆင့်)

## ပုံ ၇.၂

*ကျား/မ ပညာရေး အခြေအနေ။ (စစ်တမ်းတစ်ခုလုံး)*

■ ကျား ၉၆၇ ဦး

■ မ ၇၀၀ ဦး



# ကျန်းမာရေး

> စစ်တမ်းကောက်ယူခဲ့သော မြို့နယ်များအားလုံးတွင်၊ အမျိုးသမီးများက အမျိုးသားများထက် ကျန်းမာရေးအဆင့် ပိုနိမ့်ကြောင်း ဖြေဆိုခဲ့ကြသည်။

ဤစစ်တမ်းအတွင်း အမျိုးသမီးများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ သီးသန့်မေးခွန်းများ မမေးမြန်းခဲ့သော်လည်း၊ ဖြေဆိုသူများကို အလွန်နေမကောင်းဖြစ်နေပါက '၀' နှင့် လုံး၀ကျန်းမာပါက '၁၀' ဟူသော စကေးအပေါ်တွင် မိမိတို့၏ ကျန်းမာရေးကို အဆင့်သတ်မှတ်ပေးရန် ဖြေဆိုသူများကို မေးမြန်းခဲ့ပါသည်။ ဖြေဆိုမှုများ၏ ပျှမ်းမျှကိန်းကို တွက်ချက်၍ ယင်းကို ကျားမအခြေခံဖြင့် ခွဲခြမ်းလိုက်သောအခါ၊ စစ်တမ်းကောက်ယူခဲ့သော မြို့နယ်တစ်ခုချင်းစီရှိ အမျိုးသမီးများက အမျိုးသားများထက် ကျန်းမာရေး ပိုနိမ့်ကြောင်း တွေ့ရှိရသည်။ အကြီးမားဆုံးကွာဟချက်ကို ဘားအံနှင့် ကျောက်တံတားတို့တွင် တွေ့နိုင်ပြီး၊ အမျိုးသားများထက် ကျန်းမာရေးစကေး အမှတ်တစ်မှတ်အပြည့် ပိုနိမ့်စွာ တင်ပြခဲ့ကြသည်။ အသေးငယ်ဆုံးကွာခြားချက်ကို တောင်ကြီးတွင် တွေ့ခဲ့ရပြီး စကေးအမှတ်အားဖြင့် ၀.၂ သာ ရှိပါသည်။

### အဓိကမေးခွန်း

မေးခွန်း ၈။ ယေဘုယျအားဖြင့် သင့်ကျန်းမာရေး အခြေအနေဘယ်လိုရှိပါသလဲ။

*စစ်တမ်းကောက်ယူခဲ့သော မြို့နယ်များအားလုံးတွင်၊ အမျိုးသမီးများက အမျိုးသားများထက် ကျန်းမာရေးအဆင့်ပိုနိမ့်ကြောင်း ဖြေဆိုခဲ့ကြသည်။*



# ရဲလုပ်ငန်းဝန်ဆောင်မှုများ၏ အရည်အသွေး

> မြန်မာနိုင်ငံရှိအမျိုးသမီးများသည်အကြမ်းဖက်ခံရမှုနှင့် ရာဇဝတ်ကျူးလွန်မှုများ ခံရနိုင်ခြေ ပိုများသော်လည်း၊ အမျိုးသားများထက် ရဲလုပ်ငန်းဝန်ဆောင်မှု ကဲ့သို့သော ပုံမှန်နည်းလမ်းတကျ တရားစီရင်ရေးစနစ်ကို လက်လှမ်းမီမှု ပိုမိုနည်းပါးနိုင်ခြေရှိသည်ဟု ထင်မြင်ရသည်။

## အဓိကမေးခွန်း

မေးခွန်း ၈၄။ အတိုင်းအတာ ၁ မှ ၅ အတွင်း မိမိမြို့ရှိ ရဲများ၏ ဝန်ဆောင်မှုအရည်အသွေးကို သင်မည်သို့ အမှတ်ပေးမည်နည်း။

မိမိတို့မြို့နယ်များရှိ ရဲလုပ်ငန်းဝန်ဆောင်မှုများ၏ အရည်အသွေးကို အဆင့်သတ်မှတ်ပေးရန် ဖြေဆိုသူများကို မေးမြန်းသောအခါ၊ အမျိုးသမီးများက “မသိပါ”ဟု နှစ်ဆနီးပါးပိုမိုဖြေဆိုကြပါသည်။ အမျိုးမျိုးသော အကြောင်းများကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ပုံမှန်နည်းလမ်းတကျဖြစ်သော တရားစီရင်ရေးစနစ်နှင့် ဆက်ဆံလိုမှု ပိုမိုနည်းပါးသည်ဟူသော Justice Baseမှထုတ်ဝေခဲ့သည့် “Women’s Access to Justice in the Plural Legal System of Myanmar” စာတမ်းပါတွေ့ရှိချက်အား ဤမြို့ပြလူနေမှုဘဝ စစ်တမ်းမှတွေ့ရှိချက်များက ထောက်ခံနေသည်ဟု ယူဆနိုင်သည်။[၁၂]

ပုံ ၇.၃

*ကျား/မ တရားမျှတမှု ရပိုင်ခွင့်။ (စစ်တမ်းတစ်ခုလုံး)*





# ၈

# အလုပ်နှင့် စီးပွားရေး အခွင့်အလမ်းများ

# နိဒါန်း

ဤအပိုင်းတွင် မြို့နယ်ငါးခုအတွင်းရှိ မြို့ပေါ်နေထိုင်သူများအကြား ငွေရေးကြေးရေးနှင့် အလုပ်အခြေအနေများအပေါ် ရှုမြင်ပုံများကို တင်ပြထားသည်။ ယေဘုယျခြုံကြည့်ပါက၊ လွန်ခဲ့သောနှစ်အတွင်း အခြေအနေများက သိသာထင်ရှားစွာ မပြောင်းလဲခဲ့ပါ။ အလုပ်အကိုင် တိုးတက်နိုင်မှုအတွက် အခွင့်အလမ်းများကို အနည်းငယ်မျှတိုးတက်ခဲ့သည်ဟု ရှုမြင် ကြသည့်တိုင်၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဖြေဆိုသူများမြင်သော ငွေရေးကြေးရေး ဆိုင်ရာ အခြေအနေကောင်းမွန်မှုတို့ ပြောင်းလဲခဲ့သည်ဆိုလျှင်ပင် အနည်းငယ်မျှသာ ပြောင်းလဲခဲ့သည်ဟု ထင်မြင်ရသည်။ ကျောက်တံတားမြို့နယ်တွင် ငွေရေးကြေးရေးအရ အခြေအနေ ကောင်းမွန်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းတို့တွင် ပိုမိုနိမ့်သော ရလဒ်များနှင့် အလုပ်အကိုင်တိုးတက်မှုအတွက် ပိုမိုမြင့်မားသော ရလဒ်များရှိနေခြင်းဖြင့် ဤသုတေသန စစ်တမ်းက မြို့နယ်များအကြား ကွဲပြားခြား နားသောဖြေဆိုတုံ့ပြန်မှုများကို ဖော်ပြနေပါသည်။အမျိုးသားနှင့်အမျိုးသမီးတို့အကြား ကိန်းဂဏန်းအရ ကွာခြားမှုအလွန်နည်းပါသည်။

# အဓိကတွေ့ရှိချက်များ

- လွန်ခဲ့သော ၂ နှစ်အတွင်းတွင် **ငွေရေးကြေးရေးအခြေအနေ**သည် တူညီသည် သို့မဟုတ် ပိုမိုကောင်းမွန်လာသည်ဟု ဖြေဆိုသူများက တင်ပြရာတွင်



အခြေအနေတူညီသည်ဟု ဖြေဆိုသူ **၅၁%**

အခြေအနေပိုမိုကောင်းမွန်လာသည်ဟု ဖြေဆိုသူ **၂၆%**



- လစဉ်မိသားစုဝင်ငွေ ၃၅၀,၀၀၀ အောက် ရရှိသည်ဟု ဖြေဆိုသူ **၇၅%** အထက်



- အလုပ်ကြိုးစားလုပ်ကိုင်မှု၏ တန်ဖိုးကို ယုံကြည်သူ **၈၀%**

# ငွေရေးကြေးရေး အခြေအနေ

**ယေဘုယျခြုံကြည့်ပါက၊ ဤမြို့နယ်ငါးခုရှိ နေထိုင်သူများ၏ ငွေရေးကြေးရေး အခြေအနေကောင်းမွန်မှုသည်၊ လွန်ခဲ့သောနှစ်အတွင်း တည်ငြိမ်နေဆဲ ဖြစ်သည်ဟု ထင်မြင်ရသည်။ ၎င်းတို့၏ အခြေအနေကောင်းမွန်မှု ပြောင်းလဲခဲ့ သည်ဟု ဖြေဆိုကြသူများအနက် ကျောက်တံတားမြို့နယ်ရှိ ဖြေဆိုသူ အများစုက အခြေအနေများပိုမိုဆိုးဝါးလာခဲ့သည်ဟုဖြေဆိုခဲ့ကြသည်။**

## အဓိကမေးခွန်း

မေးခွန်း ၁၁၃။ လွန်ခဲ့သော ၂ နှစ်နှင့် နှိုင်းယှဉ်ပါက ငွေရေးကြေးရေးအရ ပိုမိုကောင်းမွန်လာသည်ဟု ထင်မြင်ပါသလား။

ဖြေဆိုသူအများစု (၅၁%) က လွန်ခဲ့သောနှစ်အတွင်း ၎င်းတို့၏ ငွေရေးကြေးရေး အခြေအနေသည် "မပြောင်းမလဲအတူတူ"ပင်ဖြစ်နေခဲ့သည်ဟု ဖြေဆိုဖော်ပြ ကြသည်။ သို့သော်လည်း ငွေရေးကြေးရေးအခြေအနေ ပြောင်းလဲခဲ့သည်ဟု ဖြေဆိုသူများအနက် အနည်းငယ်ဆိုသလို ပိုများသည့်လူများစုမှ "ပိုမိုကောင်းမွန်"လာသည်ဟု ဖော်ပြခဲ့သည်။ ၂၆% က ငွေရေးကြေးရေးအရ အခြေအနေ ပိုမိုတိုးတက် ကောင်းမွန်လာသည်ဟု ဖြေဆိုခဲ့ကြပြီး ၂၂% က ငွေရေးကြေးရေးအရ ပိုမိုဆိုးဝါးသွားခဲ့သည်ဟု ဖြေဆိုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများအကြား ဖြေဆိုမှုများတွင် ကိန်းဂဏန်းအရ သိသာထင်ရှားသော ကွာခြားချက်မရှိပါ။ သို့သော်လည်း မြို့နယ်များအကြားတွင် ကွာခြားချက်များ ရှိသည်။ ဥပမာမြောက်ဒဂုံတွင် ၁၉% ကသာ ၎င်းတို့၏ ငွေရေးကြေးရေး အခြေအနေ "ပိုမိုဆိုးဝါး"သွားခဲ့သည်ဟု ဖြေဆိုခဲ့ကြသော်လည်း ၂၅% ကမူ အခြေအနေ "ပိုမိုကောင်းမွန်"လာသည်ဟု ဖြေဆိုခဲ့ကြသည်။ ကျောက်တံတားမြို့နယ်တွင်မူ ၂၈% ထက် ပိုများသူများက အခြေအနေ "ပိုမိုဆိုးဝါး" သွားခဲ့သည်ဟု ဖြေဆို ခဲ့ကြပြီး ၂၃% ကသာ အခြေအနေ "ပိုမိုကောင်းမွန်" လာခဲ့ သည်ဟု ဖြေဆိုခဲ့ကြသည်။ ဘားအံတွင် ဖြေဆိုသူများ၏ ၃၀ ရာခိုင်နှုန်းမှာ ငွေရေးကြေးရေးအရ ပိုမိုကောင်းမွန်လာသည်ဟု ဖြေဆိုကြသဖြင့် ငွေရေးကြေးရေးအခြေအနေ တိုးတက်မှု အများဆုံးမှာ ဘားအံမြို့ဟု ယူဆရသည်။

ပုံ ၈.၁

*လွန်ခဲ့သော ၂ နှစ်အတွင်း ငွေရေးကြေးရေးဆိုင်ရာ အပြောင်းအလဲ။ (မြို့ပြဇရိယာ ၅ ခုနှင့် စစ်တမ်းတစ်ခုလုံး)*



# အလုပ်အကိုင်အခွင့်အလမ်းများ

## အဓိကမေးခွန်း

မေးခွန်း ၁၁၄။ လွန်ခဲ့သော ၂ နှစ်နှင့် နှိုင်းယှဉ်ပါက အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်လာသည်ဟု ထင်မြင်ပါသလား။

> ငွေရေးကြေးရေးအခြေအနေအကြောင်း မေးခဲ့သော ယခင်မေးခွန်းနှင့် တူညီစွာပင် ယခုမေးခွန်းအတွက် အတွေ့ရအများဆုံး (၄၆%နီးပါးရှိ) တုံ့ပြန်ဖြေဆိုမှုမှာ အခြေ အနေများက "မပြောင်းမလဲယခင်အတိုင်း"ဟူ၍ ဖြစ်သည်။

တစ်ဖန် အလုပ်အကိုင်အခွင့်အလမ်းအခြေအနေများ ပြောင်းလဲခဲ့သည်ဟု ဖြေဆိုသူများအနက် အနည်းငယ်သောလူများက အလုပ်အကိုင်အခွင့်အလမ်းများ "ပိုမိုတိုးတက်ကောင်းမွန်"လာခဲ့သည်ဟု ဖြေဆိုခဲ့ကြသည်။ အမျိုးသားများထက် ပိုများသော အမျိုးသမီးအချို့အစားက အလုပ်အကိုင် အခွင့်အလမ်းများသည် "မပြောင်းမလဲယခင်အတိုင်း"ဟု ဖော်ပြခဲ့ကြသည်။ ဤမေးခွန်းကို ဖြေဆိုသူ တစ်ဦးတည်းအတွက်မဟုတ်ဘဲ၊ အိမ်ထောင်စုတစ်ခုလုံးအတွက် အခွင့် အလမ်းများအတွက် မေးမြန်းခဲ့သည့်အတွက်၊ ဤဖြေဆိုတုံ့ပြန်မှုက အမျိုးသားများနှင့် အမျိုးသမီးများအကြားတွင် မိမိတို့အိမ်ထောင်စု၏ အလုပ်အကိုင်အခွင့်အလမ်းအပေါ် ရှုမြင်ပုံတွင် စိတ်ဝင်စားစရာ ကွာခြားမှုရှိကြောင်း ဖော်ပြနေသည်။ ထို့ထက်ပိုမိုသော ခွဲခြမ်းစိတ်ဖြာမှုက အမျိုးသားဦးစီးသော အိမ်ထောင်စုနှင့် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများအကြား နှိုင်းယှဉ်သည့်အခါ ထိုကွာခြားမှု ဆက်လက်ရှိနေနိုင်ပါသလားဟူသောအချက်ကို စူးစမ်းဖော်ထုတ် နိုင်သည်။ စိတ်ဝင်စားစရာကောင်းလောက်အောင်ပင် အကြီးမားဆုံး တိုးတက်မှုကို ဖော်ပြခဲ့သည့် ဘားအံမြို့တွင် အမျိုးသမီးများက အခြေအနေများ "ပိုမိုတိုးတက်ကောင်းမွန်" လာခဲ့သည်ဟု သိသိသာသာ ပိုမိုပြောလိုကြသည်။ ယခင်မေးခွန်းကဲ့သို့ပင် အလုပ်အကိုင် အခွင့်အလမ်းများ ပြောင်းလဲလာခဲ့သည်ဟု ဖြေဆိုကြသူများအနက် ကျောက်တံတားမြို့နယ်တွင်သာ အများစုက အခြေအနေများက "ပိုမိုဆိုးဝါး"လာခဲ့သည်ဟုပြောဆိုကြသည်။

> အနည်းငယ်သောလူများက အလုပ်အကိုင်အခွင့်အလမ်းများ "ပိုမိုတိုးတက် ကောင်းမွန်" လာခဲ့သည်ဟု ဖြေဆိုခဲ့ကြသည်။ အမျိုးသားများထက် ပိုများသော အမျိုးသမီးအချို့အစားက အလုပ်အကိုင် အခွင့်အလမ်း များသည် "မပြောင်းမလဲ ယခင်အတိုင်း"ဟု ဖော်ပြခဲ့ကြသည်။

## ပုံ ၈.၂

*လွန်ခဲ့သော ၂ နှစ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အပြောင်းအလဲ။ (စစ်တမ်းတစ်ခုလုံး)*



# အလုပ်အကိုင်တိုးတက်မှုအတွက် အခွင့်အလမ်းများ

**ဖြေဆိုသူများ၏ အကြီးမားဆုံး အချိုးအစား(၄၄%) က အလုပ်အကိုင် တိုးတက်နိုင်မှုအတွက် အခွင့်အလမ်းများသည် လွန်ခဲ့သောနှစ်အတွင်း "မပြောင်းမလဲ ယခင်အတိုင်း"ဟု ဖြေဆိုကြသည်။**

အခြေအနေများ ပြောင်းလဲသွားခဲ့သည်ဟု ယူဆကြသူများအနက် အနည်းငယ်သိသာသော လူအများ (၆၁%) က အလုပ်အကိုင် တိုးတက်နိုင်မှုအတွက် အခွင့်အလမ်းများက တိုးတက်ခဲ့သည်ဟု ထင်မြင်ကြသည်။ အမျိုးသားနှင့် အမျိုးသမီးများအကြား ကိန်းဂဏန်းအရ သိသာထင်ရှားသော ခြားနားမှုမရှိခဲ့ပါ။ မြို့နယ်များအကြား ခွဲခြားစစ်ဆေးသည့်အခါ စိတ်ဝင်စားစရာကောင်းသော ကွာခြားမှုများ ပေါ်ထွက်လာခဲ့သည်။ ဘားအံမြို့ရှိ ဖြေဆိုသူများက အလုပ်အကိုင် အခွင့်အလမ်းနှင့် ငွေရေးကြေးရေးအခြေအနေကောင်းမွန်မှုတို့တွင် တစ်နှစ်ပြီးတစ်နှစ် အကြီးမားဆုံး တိုးတက်မှုကို ဖော်ပြခဲ့သော်လည်း အလုပ်အကိုင်တိုးတက်မှုအတွက် အခွင့်အလမ်းများ "ပိုမိုတိုးတက်ကောင်းမွန်"လာခဲ့သည်ဟု ဖြေဆိုကြသူများတွင်မူ မြို့နယ်ငါးမြို့နယ်လုံးတွင် အနိမ့်ဆုံးသော အချိုးအစား (၂၈%) သာရှိခဲ့သည်။ ကျောက်တံတားတွင် နေထိုင်သူများကမူ အလုပ်အကိုင် အခွင့်အလမ်းနှင့် ငွေရေးကြေးရေးအခြေအနေများက "ပိုမိုဆိုးဝါး"လာခဲ့သည်ဟု ဖြေဆိုတင်ပြခဲ့ကြသော်လည်း၊ အလုပ်အကိုင် တိုးတက်မှုအတွက် အခွင့်အလမ်းများက တိုးတက်လာခဲ့သည်ဟု ဖြေဆို ကြသူများမှာ အမြင့်ဆုံးအချိုးအစား (၃၀%) ရှိခဲ့သည်။

## အဓိကမေးခွန်း

မေးခွန်း ၁၁၄။ လွန်ခဲ့သော ၂ နှစ်နှင့် နှိုင်းယှဉ်ပါက အသက်မွေးဝမ်းကြောင်းပညာဆိုင်ရာ တိုးတက်မှုနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်လာသည်ဟု ထင်မြင်ပါသလား။

> ဖြေဆိုသူများ၏ အကြီးမားဆုံး အချိုးအစား **၄၄%** က အလုပ်အကိုင် တိုးတက်နိုင်မှုအတွက် အခွင့်အလမ်းများသည် လွန်ခဲ့သော နှစ်အတွင်း "မပြောင်းမလဲ ယခင်အတိုင်း"ဟု ဖြေဆိုကြသည်

### ပုံ ၈.၃

*လွန်ခဲ့သော ၂ နှစ်အတွင်း အလုပ်အကိုင်တိုးတက်မှုအတွက် အခွင့်အလမ်းများ။ (စစ်တမ်းတစ်ခုလုံး)*



# လက်ရှိအလုပ်အကိုင်

## အဓိကမေးခွန်း

မေးခွန်း ၈။ အလုပ်အကိုင်အမျိုးအစား

**စစ်တမ်းကောက်ယူခဲ့သော လူအားလုံးအနက် ၃၆% ကသာ အချိန်ပြည့် ခန့်ထားခြင်းခံရသည်ဟု တင်ပြခဲ့ကြသည်။**

နေ့စားလုပ်သားများနှင့် အချိန်ပိုင်းအလုပ်သမားများအပါအဝင်၊ ဖြေဆိုကြသူများ၏ ၅၉% တွင် အလုပ်အကိုင်ပုံစံ တစ်ခုခုရှိကြသည်။ အကြမ်းအားဖြင့် ၃၉% က အလုပ်မလုပ်ကြပါဟု ဖြေဆိုကြသော်လည်း၊ အလုပ်လက်မဲ့နှုန်းကို ပုံမှန်တွက်ချက် တိုင်းတာမှုအရ ၂% သည်သာ အလုပ်လက်မဲ့ သို့မဟုတ် အလုပ်အကိုင် ရှာဖွေနေကြသည်ဟု ဖြေဆိုဖော်ပြကြသည်။ အမျိုးသမီးများ၏ ၅၀% ကျော်က သူတို့သည် အလုပ်မလုပ်ကြဘဲ အလုပ်အကိုင်လည်း ရှာဖွေနေခြင်းမရှိဟု ဖြေဆိုကြသည်။ စစ်တမ်းတွင် အသက်အရွယ်ကြီးသူများကို ပိုမိုကိုယ်စားပြုထားပြီး၊ ထိုအချက်က အလုပ်လက်မဲ့ဖြစ်နေပြီး အလုပ်အကိုင်လည်း ရှာဖွေနေခြင်းမရှိသော ဖြေဆိုသူအချိုးအစား မြင့်မားနေမှု၏ အကြောင်းတစ်စိတ်တစ်ပိုင်းဖြစ်နိုင်ပါသည်။

ပုံ ၈.၄

*လက်ရှိအလုပ်အကိုင်။ (စစ်တမ်းတစ်ခုလုံး)*




# တစ်လစာ ဝင်ငွေ

## အဓိကမေးခွန်း

မေးခွန်း ၇။ ပြီးခဲ့သောလက သင့်အိမ်ရဲ့ဝင်ငွေသည် အကြမ်းအားဖြင့် ဘယ်လောက်ဖြစ်ပါသလဲ။

**ဖြေဆိုသူ ၅၀% ကျော်က ၎င်းတို့၏ အိမ်ထောင်စုသည် လစဉ်မြန်မာကျပ်ငွေ ၂၅၀,၀၀၀ ကျပ်အောက် နည်းသောဝင်ငွေရှိပြီး ၇၅% နီးပါးက လစဉ်မြန်မာကျပ်ငွေ ၃၅၀,၀၀၀ ကျပ်အောက် နည်းသောဝင်ငွေရှိသည်ဟု ဖော်ပြကြသည်။**

မြန်မာနိုင်ငံတွင် ကျားမအပေါ်အခြေခံသော လစာငွေကွာဟမှုရှိသော်လည်း၊ ဤစစ်တမ်းက ဖြေဆိုသူတစ်ဦးချင်း၏ တစ်ဦးချင်းဝင်ငွေကို မေးမြန်းခြင်းမဟုတ်ဘဲ၊ အိမ်ထောင်စုတစ်ခုလုံး၏ ဝင်ငွေကိုမေးမြန်းခြင်းဖြစ်သဖြင့် ထိုအချက်က ဤနေရာတွင် ထင်ရှားခြင်းမရှိပါ။ ရန်ကုန်ရှိမြို့နယ်သုံးခုအတွက် အိမ်ထောင်စု ပျမ်းမျှတစ်လဝင်ငွေ (၃၀၀,၀၀၀ မြန်မာကျပ်) က တောင်ကြီးမြို့ရှိ အိမ်ထောင်စု ပျမ်းမျှတစ်လဝင်ငွေ (၂၀၀,၀၀၀ မြန်မာကျပ်) ထက် ၅၀% ပိုများပြီး၊ ဘားအံရှိ အိမ်ထောင်စု ပျမ်းမျှတစ်လဝင်ငွေ (၁၉၀,၀၀၀ မြန်မာကျပ်) ထက် ၅၇% ပိုမိုများပြားပါသည်။ ရန်ကုန်ရှိမြို့နယ်သုံးမြို့လုံးတွင်အိမ်ထောင်စုပျမ်းမျှ တစ်လဝင်ငွေမှာ အကြမ်းအားဖြင့် ၃၀၀,၀၀၀ မြန်မာကျပ်ရှိသော်လည်း၊ ကျောက်တံတားမြို့နယ်သည် အမြင့်ဆုံးအိမ်ထောင်စုတစ်လဝင်ငွေရှိပါသည်။

## ပုံ ၈.၅

*တစ်လစာဝင်ငွေ။ (မြို့ပြဒေသ ၅ ခု)*



# လူမှုအဆင့်အတန်းပြောင်းလဲနိုင်မှု

**ဖြေဆိုသူများအနေဖြင့် အလုပ်ကြိုးစားလုပ်ကိုင်မှု၏တန်ဖိုးတွင် နိုင်နိုင်မာမာယုံကြည်မှုရှိသည်။**

ကြိုးစားပမ်းစား လုပ်ကိုင်မှုမှတစ်ဆင့် လူတစ်ဦး၏ တိုးတက်မြင့်မားနိုင်မှု အကြောင်း မေးမြန်းသောအခါ ဖြေဆိုသူများ၏ အများအပြားဖြစ်သော ၈၀% က ၎င်းတို့၏ သက်ဆိုင်ရာ မြို့ကြီးတွင်သာမက နိုင်ငံတွင်ပါ အလုပ်ကြိုးစားလုပ်ကိုင်မှုက တိုက်ရိုက်အကျိုးကျေးဇူး ရရှိစေနိုင်သည်ကို သဘောတူသည် သို့မဟုတ် အလွန်သဘောတူကြပါသည်။ တောင်ကြီးမြို့ရှိ ဖြေဆိုသူများက အလုပ်ကြိုးစား လုပ်ကိုင်မှုမှတစ်ဆင့် လူတစ်ဦးချင်း၏ တိုးတက်မြင့်မားနိုင်မှုအပေါ် ယုံကြည်မှု

## ဖော်ပြချက် ၈.၁

*ဝင်ငွေနှင့် လူမှုအဆင့်အတန်းပြောင်းလဲနိုင်မှု အပေါ်အမြင်*

"ဤနိုင်ငံတွင် အလုပ်ကြိုးစားလုပ်ကိုင်သောသူတစ်ယောက်သည် တိုးတက် အောင်မြင်နိုင်သည်။" ဆိုသောအဆိုကို သဘောတူသည်လား၊ သဘောမတူ သည်လား မေးမြန်းသောအခါ ဝင်ငွေပိုပြီးနည်းပါးသော ဖြေဆိုသူများက ပိုမိုချမ်းသာသော ဖြေဆိုသူများထက် ပိုမို၍ သဘောတူ (သို့) အလွန် သဘောတူနိုင်ဖွယ်ရှိသည်ကို တွေ့ရသည်။ ဝင်ငွေမြင့်လာသည်နှင့်အမျှ ဖြေဆိုသူများသည် ဤအဆိုပြုချက်ကို သဘောတူမှု မပြောင်းမလဲ နည်းသထက်နည်းလာသည်ကိုတွေ့ရပါသည်။ အဆင်းရဲဆုံး ဖြေဆိုသူ များ၏ ၈၅% နီးပါးက သဘောတူ(သို့)အလွန်သဘောတူ ဟူ၍ဖြေဆိုကြပြီး၊ အချမ်းသာဆုံး ဖြေဆိုသူများ၏ ၆၇% ကသာ သဘောတူ(သို့)အလွန် သဘောတူဟု ဖြေဆိုကြသည်ကို တွေ့ရပါသည်။

## အဓိကမေးခွန်း

မေးခွန်း ၂၂။ အောက်ဖော်ပြပါစာသား အပေါ် သင်မည်သည့် အတိုင်းအတာအထိ သဘော တူညီပါသနည်း။
*ဤနိုင်ငံတွင် အလုပ်ကြိုးစားလုပ်ကိုင်သော သူတစ်ယောက်သည် တိုးတက်အောင်မြင်နိုင်သည်။*

မေးခွန်း ၂၃။ အောက်ဖော်ပြပါစာသား အပေါ် သင်မည်သည့် အတိုင်းအတာအထိ သဘောတူညီပါသနည်း။
*သင်နေထိုင်ရာ ရန်ကုန်မြို့တွင် အလုပ်ကြိုးစားလုပ်ကိုင်သော သူတစ်ယောက်သည် တိုးတက်အောင်မြင်နိုင်သည်။*

အမြင့်မားဆုံး (၈၅% က နိုင်ငံနှင့်စပ်လျဉ်း၍၊ ၈၆% က မိမိမြို့နှင့်စပ်လျဉ်း၍) ဖော်ပြကြခြင်းဖြင့် စစ်တမ်းကောက်ယူ ခဲ့သော မြို့နယ်များအတွင်း သဘောတူညီမှုက တစ်ပြေးညီဖြစ် နေသည်။ ဤတွေ့ရှိချက်များက ပိုမိုကောင်းမွန်သော ဘဝရရှိစေ နိုင်သည်မှာ အလုပ်ကြိုးစားမှု သို့မဟုတ် ကံ သို့မဟုတ် အဆက် အသွယ်လားဟု မေးမြန်းသည့် ၂၀၁၄ ခုနှစ်နိုင်ငံသား အသိ ပညာနှင့် တန်ဖိုးစစ်တမ်းနှင့် ကိုက်ညီမှုရှိသည်။

## ပုံ ၈.၆

*ဝင်ငွေအချိုးအစားနှင့် ဤနိုင်ငံတွင် အလုပ်ကြိုးစားလုပ်ကိုင်သော သူတစ်ယောက်သည် တိုးတက်အောင်မြင်နိုင်သည်ဟူသည့် အယူအဆ။ (စစ်တမ်းတစ်ခုလုံး)*





# ၄

# အစိုးရ ဝန်ဆောင်မှုများ၏ အရည်အသွေး

# နိဒါန်း

ဤအပိုင်းက ပြည်နယ်/မြူနီစီပါယ်ဝန်ဆောင်မှုများနှင့် ထိုဝန်ဆောင်မှုများကို စီမံထိန်းသိမ်းရသော အဖွဲ့အစည်းများအပေါ် မြို့ပြနေထိုင်သူများ၏ အမြင်များကို အသေးစိတ်ဖော်ပြထားသည်။ စစ်တမ်းကောက်ယူခဲ့သော မြို့နယ်ငါးခုလုံးတွင်၊ ဖြေဆိုသူများသည် ၎င်းတို့ပုံမှန်ပတ်သက်ဆက်ဆံနေရသည့် ဝန်ဆောင်မှုများအပေါ် အပေါင်းလက္ခဏာဆောင်သော အမြင်ရှိကြသည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ လမ်း၊ ပန်းခြံများနှင့် ဈေးများအားလုံးကို သုံးသပ်ချက်အမြင်ကောင်းများ ရရှိကြပြီး၊ အမြင်တွင် မထင်ရှားသော ဝန်ဆောင်မှုများ၊ သို့မဟုတ် ပြဿနာတစ်စုံတစ်ရာ ရှိမှသာထိတွေ့ဆက်ဆံရသော ဝန်ဆောင်မှုများဖြစ်သည့် ရေဆိုးမြောင်း၊ ပိုက်လိုင်းများနှင့် ရေနုတ်မြောင်းများအပေါ်တွင် ဝေဖန်မှုများစွာရရှိခဲ့သည်။ ဖြေဆိုသူများက ၎င်းတို့၏မြို့ကြီးများတွင်အပြုသဘောဆောင်သောပြုပြင်ပြောင်းလဲမှု များပြုလုပ်သည်ကို တွေ့မြင်ကြသည်ဟု တင်ပြကြပြီး၊ စစ်တမ်းဖြေဆိုကြသူများ၏ ၇၂% က လျှပ်စစ်မီး ရရှိမှုတွင် တိုးတက်မှုရှိသည်ကို အသိအမှတ်ပြုကြသည်။ စည်ပင်သာယာရေး ကော်မတီများအပေါ် လူတစ်ဦး၏ သက်ရောက်လွှမ်းမိုးနိုင်မှုမှာ ချို့ကြည့်လျှင် နိမ့်ပါးသော်လည်း ဖြေဆိုသူအများစုက ယင်းအဖွဲ့အစည်းများသည် ၎င်းတို့တာဝန်ရှိရာ နယ်ပယ်များအတွင်း ပြည်သူများ၏ လိုအပ်ချက်အပေါ် ပိုမို၍ တုံ့ပြန်ဖြည့်ဆည်း ပေးလာကြသည်ကို သဘောတူကြပါသည်။

# အဓိကတွေ့ရှိချက်များ

ဖြေဆိုသူများအနေဖြင့် အခွင့်အရေးရလျှင် **ရန်ပုံငွေအများဆုံး ထည့်ဝင်လိုသည့်** ကဏ္ဍများ

- **လမ်းအခြေအနေ** **၂၃%**
- **အမှိုက်သိမ်းစနစ်** **၁၆%**
- **ရေမြောင်း** **၂၀%**
- **လမ်းမီး** **၁၆%**




ဖြေဆိုသူများ၏ တဝက်ကျော်က ပြီးခဲ့သောနှစ်အတွင်း **စည်ပင်သာယာ/ မြို့တော်စည်ပင်တို့၏ တိုးတက်မှုကို အသိအမှတ်ပြု**ခဲ့ကြသည်။

**ရပ်ကွက်အုပ်ချုပ်ရေးမှူးများ** အား အငြင်းပွားမှုများအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိ သူများအဖြစ် မှတ်ယူမှုနှင့် ပတ်သက်၍

**၅၂%** က အိမ်နီးနားချင်းများနှင့် အငြင်းပွားမှု ဖြစ်ပွားပါက ရပ်ကွက် အုပ်ချုပ်ရေးမှူးထံသို့ သွားမည် ဖြစ်ကြောင်းနှင့်

**၄၈%** က ရာဇဝတ်မှုတစ်စုံတရာ ဖြစ်ပွားပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ သွားမည်ဟု ဖြေဆိုကြသည်။

# ကျောင်းများနှင့်တက္ကသိုလ်များ

**ဖြေဆိုသူများအနက်မှ အနည်းငယ်သော လူများစုကသာ ၎င်းတို့မြို့တော်ရှိ ပညာရေးအဖွဲ့အစည်းများအပေါ် အပြုသဘောဆောင်သော အမြင်ရှိကြသည်။**

၎င်းတို့နေထိုင်သော မြို့ကြီးများရှိ ကျောင်းများ၏ အရည်အသွေးကို မေးမြန်းသည့်အခါ စစ်တမ်းကောက်ယူခဲ့သော မြို့ပေါ် နေထိုင်သူများမှ ထက်ဝက်ကျော် (၅၅%)က ၎င်းတို့မြို့ပြရှိ ကျောင်းများအပေါ် ကောင်းမွန်သော အမြင်ရှိကြပြီး ၅ မှတ်စကေးပေါ်တွင် ၄ သို့မဟုတ် ၅ ဟု အဆင့်သတ်မှတ် ဖြေဆိုခဲ့ကြသည်။ ဖြေဆိုသူများ၏ လေးပုံတစ်ပုံကျော်ရုံမျှ (၂၇%)ကကျောင်းများ၏ အရည်အသွေးကို ပျမ်းမျှသာမန်အဆင့် (၅ မှတ်စကေးတွင် ၃ ကို ရွေးချယ်ခြင်း)ဖြင့် ဖော်ပြဖြေဆိုခဲ့ပြီး၊ စစ်တမ်း၏ ၁၀ % မှာ ကျောင်းများ၏ အရည်အသွေးအပေါ် စိတ်ဘဝင်မကျဖြစ်သည်ဟု ယူဆရပြီး ၅ မှတ်စကေးတွင် ၂ သို့မဟုတ် ထို့ထက် နည်းသော အဖြေများဖြင့် ဖြေဆိုခဲ့ကြသည်။ အမျိုးသမီးဖြေဆိုသူများသည် အမျိုးသားဖြေဆိုသူများထက် အကောင်းမြင်သော အမြင်ပိုမိုရှိကြသည်။ အမျိုးသမီးဖြေဆိုသူများမှ ၈% ကသာ မြို့တွင်းရှိ ကျောင်းများအပေါ် ကောင်းမွန်သော အမြင်မရှိကြောင်းတွေ့ရှိရသည်။ကျောက်တံတားမြို့နယ်မှလွဲ၍ မြို့နယ်ငါးခုအတွင်း ကိန်းဂဏန်းအရ ကွာခြားမှုမရှိပါ။ ကျောက်တံတားမြို့နယ်တွင်မူ စစ်တမ်းဖြေဆိုခဲ့သူများက အကောင်းမြင်မှုတွင် ပိုနိမ့်သောအမှတ်များကို ဖြေဆိုခဲ့ပြီး၊ ၎င်းတို့မြို့ကြီးတွင်ရှိသော ကျောင်းများ၏ အရည်အသွေးကို မသိဟု ဖြေဆိုသောသူ ၁၉% ရှိသည်။

ယေဘုယျခြုံကြည့်ပါက ၎င်းတို့၏ မြို့ကြီးရှိတက္ကသိုလ်များအပေါ် ၎င်းတို့မြင်သော အရည်အသွေးနှင့်ပတ်သက်၍ မေးမြန်းသည့်အခါ စစ်တမ်းဖြေဆိုခဲ့သူ ၃၄% က မဖြေဆိုနိုင်ခဲ့ကြပါ။ "မသိပါ" သို့မဟုတ် "မဖြေလိုပါ"ဟု ဖြေဆိုသည့်အဖြေများကို ဖယ်ထုတ်ရန် အဖြေများကိုပြင်ဆင်ပြီးနောက် အဖြေများသည် ယခင်မေးခွန်းတွင် မေးမြန်းခဲ့သော ကျောင်းများကို အဆင့်သတ်မှတ်ခြင်းများနှင့် ကိုက်ညီဆဲဖြစ်သည်။ ခြုံငုံကြည့်ပါက ဖြေဆိုခဲ့ကြသူများ၏ ၅၅% က တူညီသော အမှတ်စကေးပေါ်တွင်အမှတ် ၄ သို့မဟုတ် ၅ ဖြင့် အပြုသဘောဆောင်စွာ တက္ကသိုလ်များကို အဆင့်သတ်မှတ်ဖြေဆိုခဲ့ကြသည်။ အမျိုးသမီးဖြေဆိုသူများ၏ ၅၈% ထံမှ အကောင်းမြင်သောရလဒ်များကို ရရှိခဲ့သည်။ ၆၀% အောက် အနည်းငယ်မျှသာ နိမ့်သောဖြေဆိုသူများက ၎င်းတို့၏တက္ကသိုလ်များကို အဆင့် ၄ သို့မဟုတ် ၅ ဟု အဆင့်သတ်မှတ်ဖြေဆိုခြင်းဖြင့် ဘားအံနှင့်တောင်ကြီးမြို့များမှ ဖြေဆိုသူများသည် အမြင့်ဆုံးအဆင့်ဖြင့် တင်ပြဖြေဆိုခဲ့ကြသည်။ "မသိပါ"ဟူသော တုံ့ပြန်ဖြေဆိုမှုများကို ဖယ်ထုတ်ပြီးသည့်အခါတွင်ပင် ကျောက်တံတားမြို့ နေထိုင်သူများအပေါ် စစ်တမ်းကောက်ယူချက်မှ အကောင်းသဘော အဆင့်သတ်မှတ်ချက်မှာ မြို့ပြ ၅ ခုအတွင်း အနိမ့်ဆုံးရာခိုင်နှုန်းအနေဖြင့်(၄၆%) သာရှိခဲ့ပါသည်။ ရန်ကုန်ရှိတက္ကသိုလ်များကို (အတိုင်းအတာ ၁ မှ ၅ အတွင်း) ၁ သို့မဟုတ် ၂ အဆင့်ကို ၃၂% က ပေးခြင်းဖြင့် မကောင်းသည့်သဘော သတ်မှတ်မှု အမြင့်ဆုံးအဆင့်ကို တွေ့ရှိခဲ့ရသည်။

## အဓိကမေးခွန်း

မေးခွန်း ၈၅။
အတိုင်းအတာ ၁ မှ ၅ အတွင်း အောက်ဖော်ပြပါ ရန်ကုန်မြို့ရှိ ဝန်ဆောင်မှုများ၏ အရည်အသွေးကို သင်မည်သို့ အမှတ်ပေးမည်နည်း။ *ကျောင်းများ*

မေးခွန်း ၈၆။
အတိုင်းအတာ ၁ မှ ၅ အတွင်း အောက်ဖော်ပြပါ ရန်ကုန်မြို့ရှိ ဝန်ဆောင်မှုများ၏ အရည်အသွေးကို သင်မည်သို့ အမှတ်ပေးမည်နည်း။ *တက္ကသိုလ်များ*

*မြို့ပေါ်နေထိုင်သူများ၏ ၅၅% က ၎င်းတို့မြို့ပြရှိ ကျောင်းများအပေါ် ကောင်းမွန်သော အမြင်ရှိကြပြီး ၅ မှတ်စကေးပေါ်တွင် ၄ သို့မဟုတ် ၅ ဟု အဆင့်သတ်မှတ် ဖြေဆိုခဲ့ကြသည်။*

## ပုံ ၉.၁

*ကျောင်းများ၏ အရည်အသွေးအပေါ် ထင်မြင်ချက် (မြို့ပြ ၅ နေရာ)*




## ပုံ ၉.၂

*တက္ကသိုလ်များ၏ အရည်အသွေးအပေါ် ထင်မြင်ချက် (မြို့ပြ ၅ နေရာ)*



# စည်ပင်သာယာရေးဝန်ဆောင်မှုများ၏ အရည်အသွေး

**စစ်တမ်းဖြေဆိုခဲ့သူများ၏ ထက်ဝက်ကျော်က ဝန်ဆောင်မှုများက ပိုမိုကောင်းမွန်လာသည်ဟု ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုလာခဲ့ကြပြီး စည်ပင်သာယာရေး ဝန်ဆောင်မှုများအပေါ် ယေဘုယျအားဖြင့် အကောင်းမြင်သော ရှုမြင်မှုများပြသခဲ့ကြသည်။**

ဖြေဆိုသူအားလုံးက မြို့နယ်/ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပိုမိုမြင်သာသော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အကောင်းမြင်ဆုံး ပြောဆိုနိုင်ခဲ့ကြသည်။ လမ်းအရည်အသွေး (၅၄%သဘောတူ)၊ အမှိုက်သိမ်း (၅၄% သဘောတူ)၊ လမ်းမီး (၅၀%သဘောတူ)၊ ပန်းခြံစီမံခန့်ခွဲမှုနှင့် ဈေးစီမံခန့်ခွဲမှု (ပန်းခြံ၅၃% သဘောတူ၊ ဈေး၅၅%သဘောတူ) ကဲ့သို့သော ဝန်ဆောင်မှုများ အစရှိသည့် ဝန်ဆောင်မှုပေးခြင်းများ၏ အရည်အသွေးအပေါ်ကျေနပ်မှုကို ဖြေဆိုသူများ၏ အနည်းဆုံးတစ်ဝက်က ဖော်ပြခဲ့ကြသည်။ ဖြေဆိုသူ အမျိုးသားများနှင့် အမျိုးသမီးများအကြားတွင် သိသာသော ကွာဟချက်ကိုမူ မတွေ့ရပေ။ လျှပ်စစ်မီးပေးမှုကဲ့သို့ ယခင်က ပျက်ကွက်ခဲ့သော ဝန်ဆောင်မှုကလည်း လွန်ခဲ့သော ၂ နှစ်အတွင်း တိုးတက်လာမှုအတွက် အသိမှတ်ပြုခံရသည်။ ယေဘုယျအားဖြင့် ဖြေဆိုသူ ၇၂% က လျှပ်စစ်မီးပေးမှုက တိုးတက်လာခဲ့သည်ဟု သဘောတူကြပြီး၊ တောင်ကြီးမြို့နေများ၏ လေးပုံသုံးပုံ (၇၅%)က ၎င်းတို့မြို့သည် သန့်ရှင်းသော လမ်းများနှင့် အများပြည်သူများအတွက် နေရာများရှိသည်ဟု သဘောတူကြပြီး တချို့မှာ အလွန်သဘောတူကြသည်။ အမျိုးသမီးဖြေဆိုသူများ၏ ၇၁% က လျှပ်စစ်ဖြန့်ဝေပေးမှုတွင် ပိုမိုကောင်းမွန်လာသည်ဟု မြင်ကြသည်။ ၅၈% ကမူ မြို့တွင်းတွင် သန့်ရှင်းသောလမ်းများနှင့် အများပြည်သူများအတွက် နေရာများ ရှိသည်ဟု သဘောတူကြသည်။

ရေပိုက်လိုင်းများနှင့်ရေဆိုးမြောင်းတို့အပေါ်အမြင်များက ၂၂% အောက် ကျေနပ်မှုကိုပြနေပြီး ဖြေဆိုမှုတစ်ခုနှင့်တစ်ခုတွင်  ကွာခြားချက်များကိုပြနေသည်။ ထိုသို့ အကောင်းမမြင်မှုများသည် အစဉ်ချောမွေ့စွာ လည်ပတ်နေခြင်းထက် ပြဿနာတစ်ရပ် ဖြစ်ပေါ်လာသောအချိန်တွင် ရရှိသော ဝန်ဆောင်မှု၏ အခြေအနေကြောင့် ဖြစ်နိုင်ပါသည်။ အခြားတစ်ဖက်တွင်လည်း ဖြေဆိုသူများအနေဖြင့် ထိုကဲ့သို့သော ဝန်ဆောင်မှုမျိုးကို တစ်ချိန်ဖူးမျှ ရရှိခဲ့ခြင်း မရှိသေးသောကြောင့်ဟု ကောက်ချက်ချနိုင်ပါသည်။ ဥပမာသာကေတမြို့နယ်တွင် နေထိုင်သူများသည် စည်ပင်သာယာအဖွဲ့က ရေဆိုးမြောင်းများ ထိန်းသိမ်းပေးမှု အပေါ် မကောင်းသောအမြင် (၆၂%) ကို ဖော်ပြခဲ့သော်လည်း၊ မကောင်းသော အမြင် ဖြေဆိုမှုများက ထိုဝန်ဆောင်မှုစနစ်ကို နားလည်မှုမရှိခြင်းသို့မဟုတ် ထိုစနစ်နှင့် စပ်လျဉ်း၍ပွင့်လင်းမြင်သာမှု မရှိခြင်းတို့ကိုလည်း ပြဆိုခြင်းဖြစ်နိုင်သည်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များနှင့် ပြောဆိုဆက်သွယ်မှုအခြေအနေကို မေးမြန်းသည့်အခါ၊ ယေဘုယျအားဖြင့်ဖြေဆိုမှုများက အနုတ်သဘောသဘော ဆောင်သည်ကို တွေ့ရသည်။ ဘားအံနှင့်တောင်ကြီးမြို့ အသီးသီးတို့တွင် စစ်တမ်းဖြေဆိုခဲ့သည့် နေထိုင်သူ ၅၁% နှင့် ၅၇% အသီးသီးတို့က ထိုအဖွဲ့အစည်းများသည် ယင်းတို့၏ စီမံချက်များကို ဆက်သွယ်ပြောကြား ခဲ့ပါသလားဆိုသည့် မေးခွန်းကိုသဘောမတူ၊ အလွန်သဘောမတူ သို့မဟုတ် မဖြေဆိုနိုင်ခဲ့ကြပါ။ ထိုသို့ဆက်သွယ်ပြောကြားမှုမရှိခြင်းက ပိုက်လိုင်းရေပံ့ပိုးပေးမှု၏ အရည်အသွေးအပေါ်အမြင်ကို မေးမြန်းသောအခါ၊ စစ်တမ်းဖြေဆိုခဲ့သော ဘားအံမြို့နေများ၏ ၇၄% က ထိုဝန်ဆောင်မှုကို စည်ပင်သာယာရေးအဖွဲ့က မည်မျှကောင်းမွန်စွာ ပေးနေကြောင်းမသိရှိပါဟု ဖြေဆိုရခြင်း အကြောင်းအရင်းကို ရှင်းပြနိုင်ပါသည်။အထက်တွင် ဖော်ပြခဲ့ သကဲ့သို့ပင်၊ သိရှိနားလည်မှုတွင်အကန့်အသတ်ရှိနေခြင်းသည် အရည်အသွေးကို မသိခြင်းကြောင့်ထက် ဝန်ဆောင်မှု မရှိခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ခြုံငုံသုံးသပ်ကြည့်လျှင် ၅၃% သော ဖြေဆိုသူအမျိုးသမီးများသည် ၎င်းတို့မြို့၏ ရေပိုက်လိုင်း ဝန်ဆောင်မှုကို ကျေနပ်မှုမရှိပါ။ ၆၀% ကမူ ရေဆိုးမြောင်းနှင့် ပတ်သက်၍ ကျေနပ်မှုမရှိကြပါ။

## အဓိကမေးခွန်း

မေးခွန်း ၇၃ မှ ၈၀။ မြို့နယ်စည်ပင်/ ရန်ကုန်မြို့တော် စည်ပင်မှ ပံ့ပိုးပေးသော အောက်ပါဝန်ဆောင်မှုများ အားကျေနပ်မှုရှိပါသည်။

- လမ်းများ၏ အရည်အသွေး
- အိမ်များအတွက် ပေးဆောင်သော အမှိုက်သိမ်းဝန်ဆောင်မှု
- လမ်းမီး
- စည်ပင်သာယာမှ အိမ်များသို့ပေးဝေသော ပိုက်လိုင်းရေ အရည်အသွေး
- မိလ္လာစနစ်
- ရေနုတ်မြောင်းစနစ်
- ပန်းခြံများစီမံထိန်းသိမ်းခြင်း
- ဈေးများအားစီမံထိန်းသိမ်းခြင်း

မေးခွန်း ၄၄။ မြို့ရှိလမ်းများနှင့် အများပြည်သူဆိုင်ရာနေရာများသည် သန့်ရှင်းသည်။

မေးခွန်း ၁၁၆။ လွန်ခဲ့သော၂ နှစ်က အခြေအနေနှင့် နှိုင်းယှဉ်လျှင် သင့်အိမ်အခြေအနေသည် လျှပ်စစ်မီးရရှိမှုပို၍ကောင်းလာသည်၊ အတူတူ (သို့) ပို၍ဆိုးလာသည်ဟု ပြောနိုင်ပါသလား။

မေးခွန်း ၉၀။ မြို့တော်စည်ပင်သာယာရေးဌာနသည် မြို့အတွက် နောင်နှစ်တွင်ပြုလုပ်မည့် စီမံထားမှုနှင့်ပတ်သက်၍ ပြည်သူကိုအသိပေး ပြောဆိုသည်။

ဖြေဆိုသူ အားလုံး၏ ၅၄% (၅၆%သော ဖြေဆိုသူ အမျိုးသမီးများ) ကရေနုတ်မြောင်းဝန်ဆောင်မှုသည် လက်ခံနိုင်လောက်သောအဆင့် အတန်းမရှိဟု ဖြေဆိုတင်ပြကြခြင်းဖြင့် ရေနုတ်မြောင်းဝန်ဆောင်မှုသည် စစ်တမ်းကောက်ယူခဲ့သော မြို့နယ်အားလုံးတွင် မကောင်းဆုံး တုံ့ပြန်ဖြေဆိုမှု ရရှိခဲ့သည်။ ရေစီးရေလာပြဿနာများကို သတိအထားမိဆုံး အချိန်ဖြစ်သော မိုးရာသီအတွင်း မေးခွန်းများကို မေးမြန်းခဲ့ခြင်း ဖြစ်သဖြင့်၊ နှစ်တစ်နှစ်တွင်းစစ်တမ်း ကောက်ယူခဲ့သော အချိန်ပိုင်းက ရှုမြင်ပုံများအပေါ် သိသာထင်ရှားစွာ သက်ရောက်လွှမ်းမိုးနိုင်ပါသည်။ မြို့ပြစီမံကိန်းများ ချမှတ်ခြင်းနှင့် ဤရှုမြင်ပုံများအပေါ် တုံ့ပြန်ဖြေဆိုမှုများတွင် သတိချပ်သင့်သောအချက်ဖြစ်သည့် ရာသီဥတုဆိုင်ရာ ကွဲပြားခြားနားသော အခြေအနေများကြောင့် ဦးစားပေးမှုဆိုင်ရာ  အလေးထားစရာကိစ္စနှင့် ရှုမြင်ပုံများသည် နှစ်တစ်နှစ်အတွင်းအချိန်ကာလရာသီအလိုက် အမှန်တကယ်ပြောင်းလဲနေပေသည်။

*စစ်တမ်းဖြေဆိုခဲ့သူများ၏ ထက်ဝက်ကျော်က ဝန်ဆောင်မှုများက ပိုမိုကောင်းမွန်လာသည်ဟု ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုလာခဲ့ကြပြီး စည်ပင်သာယာရေး ဝန်ဆောင်မှုများအပေါ် ယေဘုယျအားဖြင့် အကောင်းမြင်သော ရှုမြင်မှုများပြသခဲ့ကြသည်။*

## ပုံ ၄.၃

*အောက်ပါ စည်ပင်သာယာဝန်ဆောင်မှုများအား "ကျေနပ်မှုရှိသည်။" (စစ်တမ်းတစ်ခုလုံး)*



## ပုံ ၉.၄

*"မြို့များတွင် သန့်ရှင်းသော ပန်းခြံများရှိသည်။" (စစ်တမ်းတစ်ခုလုံး)*




## ပုံ ၉.၅

*"လွန်ခဲ့သော ၂ နှစ်အတွင်းလျှပ်စစ်မီးပေးဝေမှု တိုးတက်လာသည်။" (စစ်တမ်းတစ်ခုလုံး)*




## ပုံ ၉.၆

*"မြို့တော်စည်ပင်သာယာရေးဌာနသည် မြို့အတွက် နောင်နှစ်တွင်ပြုလုပ်မည့် စီမံထားမှုနှင့်ပတ်သက်၍ ပြည်သူကိုအသိပေး ပြောဆိုသည်။" (စစ်တမ်းတစ်ခုလုံး)*



# စည်ပင်သာယာရန်ပုံငွေများကို ခွဲတမ်းချခြင်း

**မြို့စည်ပင်သာယာရေး ရံပုံငွေများကို ရွေးချယ်ထားသော ဝန်ဆောင်မှုများအကြား အကောင်းဆုံး ခွဲဝေသည့်နည်းလမ်းကို ဖြေဆိုသူများအား မေးမြန်းသည့်အခါ ပိုမိုမြင်သာသော ဝန်ဆောင်မှုများကသာ အမှတ်အမြင့်ဆုံးရရှိပြန်သည်။**

ရေမြောင်းများ၊ ရေဆိုးထုတ်မြောင်းများ၊ ပိုက်လိုင်းရေ၊ လမ်းမီးလင်းအောင်လုပ်ခြင်း၊ အမှိုက်သိမ်းခြင်းနှင့် လမ်းအခြေအနေများအကြား ပဲစေ့နှစ်ဆယ်ကို မည်သို့မည်ပုံခွဲဝေရမည်ကို ဖြေဆိုသူများကို မေးမြန်းခဲ့သည်။ ပိုမိုအကောင်းမြင်ခံရသော ဝန်ဆောင်မှုများ (လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ၂၃%၊ အမှိုက်၁၆%နှင့် လျှပ်စစ်မီးရရှိခြင်း ၁၆%) က ဘတ်ဂျက်၏ထက်ဝက်ကျော် ရရှိခဲ့ပါသည်။ စိတ်ကျေနပ်မှုရှိခြင်း အနိမ့်ဆုံးအမှတ်ပေးခြင်းခံရသည့်တိုင် မြင်သာမှု အားနည်းသော သို့မဟုတ် မရရှိနေသော ဝန်ဆောင်မှုများမှာ ဘတ်ဂျတ်အနည်းငယ်သာ ခွဲဝေမှုကိုရရှိသည်။ ပိုက်ရေနှင့် ရေဆိုးထုတ်မြောင်းတို့အတွက် မြူနီစီပါယ်ဘတ်ဂျက်မှ ခွဲတမ်းအနိမ့်ဆုံး (ရေဆိုးထုတ်မြောင်း၁၁%) နှင့် ဒုတိယအနိမ့်ဆုံး (ပိုက်ရေ၁၄%) ရရှိကြသည်။ မကောင်းသော ရှုမြင်ဖြေဆိုမှု အမြင့်ဆုံးရရှိခဲ့သော်လည်း၊ တစ်ခုတည်းသော ခြွင်းချက်မှာ ရေမြောင်းကိစ္စဖြစ်ပြီး၊ ယင်းကို ဒုတိယအများဆုံး အရင်းအမြစ်သုံးစွဲမှုအဖြစ် (ဘတ်ဂျက်၏ ၂၀%) ခွဲတမ်းချပေးခဲ့သည်။

## အဓိကမေးခွန်း

မေးခွန်း ၈၁။ သင့်ကိုယ်သင် စည်ပင်သာယာဌာန၏ အကြီးအကဲ တစ်ယောက်ဖြစ်သည်ဟု စိတ်ကူးကြည့်ပါ။ သင့်တွင် ပဲစေ့ ၂၀ စေ့ ရှိပြီး၊ ထိုပဲစေ့များသည် စည်ပင်သာယာဌာန၏ ရှေ့လာမည့်နှစ် ဘတ်ဂျက်ငွေကို ကိုယ်စားပြုသည်။ အောက်ဖော်ပြပါ စည်ပင်သာယာဌာန၏ ဦးစားပေးကဏ္ဍ ၅ မျိုးတွင် သင့်အနေဖြင့် ပို၍ဘတ်ဂျက်သုံးစွဲသင့်သည်ဟု ထင်သည့်အတိုင်း ပဲစေ့များကိုနေရာချထားနိုင်သည်။ သင့်ဆန္ဒအရ ပဲစေ့များကို ကြိုက်သလို ထားနိုင်သည်။ (ညွှန်ကြားချက်။ ပဲစေ့များကို သက်ဆိုင်ရာ စတုရန်းအကွက်များအတွင်း နေရာချရန် ညွှန်ကြားပါ။ စစ်တမ်းဖြေဆိုသူများအား သူတို့စိတ်ကျေနပ်သည်အထိ ပဲစေ့များကို အကွက်များတွင် နေရာပြောင်းရွှေ့ချထားကြည့်ရန် တိုက်တွန်းပါ။)

ပုံ ၉.၇

"စည်ပင်သာယာဘတ်ဂျက်ကို စိတ်ကြိုက်ခွဲတမ်းချဝေခြင်း" (ဖြေဆိုသူအားလုံး၏ ပျမ်းမျှ)



# စည်ပင်သာယာရေးအဖွဲ့များနှင့် ဆက်ဆံရခြင်း

**မြို့ပြ ၅ နေရာရှိ ဖြေဆိုသူများက ၎င်းတို့တွင် အဆင့်နိမ့်သော နိုင်ငံရေးကိုယ်စားပြု ခံရမှုသာရှိသည်ဟု ၎င်းတို့ကိုယ်၎င်းတို့ရှုမြင်ကြသည်။**

ဖြေဆိုသူများ၏ ထက်ဝက်ကျော် (၅၂%) က စည်ပင်သာယာရေးကော်မတီ သို့မဟုတ် DAO တို့၏ ဆုံးဖြတ်ချက်များအပေါ် ဩဇာလွှမ်းမိုးနိုင်မှုရှိသည်ဟု မခံစားရကြောင်း ဖြေဆိုဖော်ပြခဲ့ကြသည်။ ၁၅% အောက်နည်းသော ဖြေဆိုသူများကသာ သက်ဆိုင်ရာမြို့နယ်များရှိစည်ပင်သာယာရေးကော်မတီ သို့မဟုတ် DAO တို့၏ ဆုံးဖြတ်ချက်များအပေါ် ဩဇာလွှမ်းမိုးနိုင်မှု "အချို့" သို့မဟုတ် "အများအပြား"ရှိနိုင်သည်ဟု ယုံကြည်ကြောင်း တင်ပြခဲ့ကြသည်။ အထူးသဖြင့် တောင်ကြီးတွင် "အလွန်နည်းသော" ဩဇာလွှမ်းမိုးမှုသာ ရှိနိုင်သည် သို့မဟုတ် "ဩဇာလွှမ်းမိုးနိုင်မှုလုံးဝမရှိနိုင်"ဟု အခိုင်အမာပြောကြားသည့်ဖြေဆိုသူ ၈၂% နှင့် ဩဇာလွှမ်းမိုးနိုင်မှု "အချို့" သို့မဟုတ် "အများအပြား" ရှိနိုင်သည်ဟု ပြောကြားသူ ၉% မျှသာ ရှိခြင်းဖြင့် ထိုမေးခွန်းအပေါ်တွင် အမှတ်နိမ့်နိမ့်သာ ပေးခဲ့သည်။ ရဲလုပ်ငန်း ဝန်ဆောင်မှု၏ အရည်အသွေးနှင့် သက်ဆိုင်သည့် မေးခွန်းနှင့် တူညီစွာပင်၊ စည်ပင်သာယာရေး ကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် မည်မျှဩဇာ လွှမ်းမိုးနိုင်သည်ဟု ယုံကြည်ကြောင်း မေးမြန်းသည့်အခါ အမျိုးသမီးများသည် အမျိုးသားများထက် "မသိပါ"ဟု နှစ်ဆနီးပါး ဖြေဆိုလိုကြပါသည်။

စည်ပင်သာယာရေးကော်မတီများ၏ ဆုံးဖြတ်ချက်ချခြင်းအပေါ် လူများအနေဖြင့် ဩဇာလွှမ်းမိုးနိုင်မှု များများစားစား မရှိပါဟူသော ထင်ရှားပေါ်လွင်သည့် ရှုမြင်ချက်ရှိလင့်ကစား၊ ဖြေဆိုသူအများစုက လွန်ခဲ့သောနှစ်အတွင်း စည်ပင်သာယာရေး အဖွဲ့များ၏ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်မှုတွင် တိုးတက်လာမှုများကို အသိအမှတ်ပြုကြပါသည်။ လွန်ခဲ့သော နှစ်အတွင်း စည်ပင်သာယာရေး ကော်မတီတို့သည် ပိုမို၍တုံ့ပြန်ဖြည့်ဆည်းပေးမှုများ ရှိလာသည်ဟု ယုံကြည်ပါသလားဟု မေးမြန်းသည့်အခါ မြို့ပြ ၅ နေရာလုံးရှိ စစ်တမ်းဖြေဆိုခဲ့ကြသူများ၏ ထက်ဝက်ကျော်က သဘောတူကြသည် သို့မဟုတ် အလွန်သဘောတူကြပါသည်။ ဖြေဆိုသူအမျိုးသမီးများ၏ ၅၄% ကလည်း ထို တင်ပြချက်ကို သဘောတူသည် သို့မဟုတ် အလွန်သဘောတူကြပါသည်။ မြို့နယ်များအကြား တိုးတက်မှုအပေါ် ရှုမြင်ပုံက ကိုက်ညီမှုရှိနေပြီး၊ မြောက်ဒဂုံရှိ စစ်တမ်းဖြေဆိုခဲ့ကြသူများက သဘောတူမှုအမြင့်ဆုံး (၆၂% သဘောတူ သို့မဟုတ် အလွန်သဘောတူ) ဖြင့်တင်ပြဖြေဆိုခဲ့ကြသည်။

> *ဖြေဆိုသူများ၏ ထက်ဝက်ကျော် ၅၂% က စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် အဖွဲ့တို့၏ ဆုံးဖြတ်ချက်များ အပေါ် ဩဇာလွှမ်းမိုးနိုင်မှုရှိသည်ဟု မခံစားရကြောင်း ဖြေဆိုဖော်ပြခဲ့ကြသည်။*

## အဓိကမေးခွန်း

မေးခွန်း ၉၄။ သင့်လိုပြည်သူတစ်ယောက်အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာဌာန၏ ဆုံးဖြတ်ချက်များအပေါ် မည်မျှလွှမ်းမိုးနိုင်သည်ဟု ယူဆပါသနည်း။

မေးခွန်း ၉၃။ လွန်ခဲ့သော တစ်နှစ်ကနှင့် နှိုင်းယှဉ်လျှင် မြို့တော်စည်ပင်သာယာဌာနသည် ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုတုန့်ပြန်လာသည်။

**ပုံ ၉.၈**

*"စည်ပင်သာယာရေး အဖွဲ့များအပေါ် ဩဇာလွှမ်းမိုးနိုင်မှု" (စစ်တမ်းတစ်ခုလုံး)*



# ရပ်ကွက်အုပ်ချုပ်ရေးမှူးများ

သုတေသနစစ်တမ်းပြုလုပ်နေချိန်တစ်လျှောက်လုံးတွင် ကွဲပြားခြားနားသော အခြေအနေသုံးရပ်ကို ဖြေရှင်းရန် မည်သူ့ကို ဆက်သွယ်မည်ဆိုသည်နှင့်စပ်လျဉ်း၍ စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများကို မေးခွန်းသုံးခုမေးမြန်းခဲ့ပါသည်။ မိမိ၏ မိသားစုဝင်တစ်ဦးက အကျူးလွန်ခံရသည့်အခါ အိမ်နီးချင်းနှင့် အငြင်းပွားရန် ဖြစ်သည့်အခါ သို့မဟုတ် စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်တစ်ခု အပေါ် ဩဇာလွှမ်းမိုးရန်လိုအပ်နေသည့်အခါမျိုးတွင် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့အတွက် အာဏာရှိသူအဖြစ် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို မပြောင်းမလဲ မှတ်ယူကြသည်။ ရာဇဝတ်မှု သို့မဟုတ် ရန်ဖြစ်မှုတို့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို အဓိကဖျန်ဖြေသူပုဂ္ဂိုလ်များအဖြစ် ဘုံအတူညီဆုံး ဖော်ပြကြပြီး ဖြေဆိုသူများ၏ ထက်ဝက်ကျော် (၅၂%) က အငြင်းပွား ရန်ဖြစ်မှု များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ရွေးချယ်ကြပြီး ဖြေဆိုသူများ၏ ၄၈% က ရာဇဝတ်ပြစ်မှုအခြေအနေတစ်ခုကို ညှိနှိုင်းကြားရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ဆက်သွယ်ရန်ရွေးချယ်ကြသည်။ နှိုင်းယှဉ်ကြည့်ပါက၊ မိသားစုဝင်တစ်ဦးက ရာဇဝတ်ပြစ်မှုတစ်ခု၏ ကျူးလွန်ခံရသူဖြစ်ခဲ့သည့် အခြေအနေဖြစ်ရပ်မျိုး၏ ၃၆% တွင်သာ ရဲများကို ဆက်သွယ်ရန် ရွေးချယ်ခဲ့ကြသည်။

စည်ပင်သာယာရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုအပေါ် ဩဇာလွှမ်းမိုးရန် နေထိုင်သူတစ်ဦးက လိုအပ်သောအခါမျိုးတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို

## အဓိကမေးခွန်း

မေးခွန်း ၂၈။ အကယ်၍သင့်အိမ်နှင့်အိမ်နီးနားချင်းတစ်ဦးတို့ပြဿနာအခြေအတင်ဖြစ်ပါကထိုပြဿနာကိုဖြေရှင်းရန်သင်မည်သူ့ထံမှအကူအညီတောင်းမည်နည်း။ (တစ်ခု ထက်ပို၍ရွေးနိုင်သည်။)

မေးခွန်း ၂၉။ အကယ်၍သင့်မိသားစုဝင်တစ်ဦးသည်ရာဇဝတ်မှုတစ်ခုတွင်ကျူးလွန်ခံ ရလျှင်ထိုပြဿနာကိုဖြေရှင်းရန်သင်မည်သူ့ထံမှအကူအညီတောင်းမည်နည်း။(တစ်ခု ထက်ပို၍ရွေးနိုင်သည်။)

မေးခွန်း ၉၅။ သင့်လို ပြည်သူတစ်ယောက်အနေဖြင့် မြို့တော်စည်ပင်သာယာဌာန၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်ရန်အကောင်းဆုံးနည်းလမ်းမှာ မည်သည့်နည်းလမ်း ဖြစ်ပါသနည်း။

ပုံ ၉.၉

"ပြဿနာများကို ဖြေရှင်းရန် ဆက်သွယ်မည့်ပုဂ္ဂိုလ်" (စစ်တမ်းတစ်ခုလုံး)




ပိုမိုရွေးချယ်လိုမှုကို တွေ့ရှိရသည်။ စည်ပင်သာယာရေး ကော်မတီတို့၏ ဆုံးဖြတ်ချက်များကို ဩဇာလွှမ်းမိုးရန် အကောင်းဆုံးနည်းလမ်းကို မေးမြန်းသည့်အခါ ဖြေဆိုသူများ၏၂၄% က ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ချဉ်းကပ်ခြင်းဖြစ်ကြောင်း အခိုင်အမာပြောဆိုခဲ့ပြီး ယင်းနှင့်ပမာဏတူသော အရေအတွက်က "မသိပါ"ဟု ဖြေဆိုခဲ့ကြသည်။  ဘားအံမြို့နေ နေထိုင်သူများ စည်ပင်သာယာရေးအဖွဲ့များကို မည်ကဲ့သို့ ဆက်သွယ် မေးမြန်းရမည်ကို မသိပါဟု ၄၀%ခန့်ကဖြေဆိုကြသည်။ ထိုမေးခွန်းကို အမျိုးသမီးများက "မသိပါ"ဟုပိုမိုဖြေဆိုလိုကြပြီး၊ စည်ပင်သာယာရေးအဖွဲ့များကို ဩဇာလွှမ်းမိုးရန်အတွက် အမျိုးသမီးများနှင့် ယှဉ်လျှင်အမျိုးသားများ၏ နှစ်ဆက မိမိတို့၏လွှတ်တော်အမတ်ထံ ပိုမိုသွားလိုကြပြီး၊ အမျိုးသမီး များကမူ ယင်းသို့လွှမ်းမိုးရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထံသို့သာ ပိုမိုသွားလိုကြသည်ဟုတင်ပြဖြေဆိုခဲ့ကြသည်။

# ၁၀

# အခွန်ကောက်ခံခြင်းအပေါ် အမြင်သဘောထားများ



# နိဒါန်း

ဤအခန်းတွင် နိုင်ငံသားများက အခွန်ကောက်ခံခြင်းအပေါ် မည်သည့် သဘောထားများထား ရှိသည်ကို သုံးသပ်ထားသည်။ မြန်မာနိုင်ငံရှိ မြို့ပေါ် နေထိုင်သူများက ပေးဆောင်သော အရေးကြီးဆုံးသော အခွန်သုံးခုဖြစ်သည့် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်နှင့် ပစ္စည်းခွန်တို့ကို အလေးပေးဖော်ပြထားပါသည်။ ဤစစ်တမ်းမှ ဖြေဆိုသူအများစုသည် ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်တို့ကို မပေးဆောင်ကြပါ။ ထက်ဝက်ကျော်က ပစ္စည်းခွန်ပေးဆောင်ကြသည်ဟု ဖြေဆိုကြပါသည်။ ဖြေဆိုသူများသည် အခွန်ထမ်းခြင်းကို ဆန့်ကျင်သူများ မဟုတ်ကြပါ။ အခွန်ထမ်းခြင်းသည် နိုင်ငံသားတာဝန်ဖြစ်ကြောင်း ၎င်းတို့က အသိအမှတ်ပြုကြသည်။ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်နှင့် ပစ္စည်းခွန်များသည် သင့်တင့်သည်ဟု ထင်မြင်ယူဆကြသည်။ မြို့ပေါ်နေထိုင်သူများက မည်သည့် အခွန်များကို ၎င်းတို့ပေးဆောင်ရမည်နှင့် ၎င်းတို့၏ အခွန်ငွေများကို မည်သို့ သုံးစွဲကြောင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အချို့ကို သိလိုကြောင်း အလွန်သဘောတူကြသည်။

# အဓိကတွေ့ရှိချက်များ

**၁၁%** သော ဖြေဆိုသူများကသာ **ဝင်ငွေခွန် ပေးဆောင်ဖူး**ကြသည်။

**၉၄%** သော ဖြေဆိုသူများက သင့်တင့်သော **အခွန်ထမ်းခြင်းသည် နိုင်ငံသားများ၏ တာဝန်ဖြစ်ကြောင်း** သဘောတူကြသည်။

**၆၃%** သော ဖြေဆိုသူများက ကျန်ခဲ့သော အခွန်စည်းကြပ်ကာလတွင် **ပစ္စည်းခွန် ပေးဆောင်ခဲ့**သည်ဟု ဆိုသော်လည်း **မြို့အလိုက် ကွာခြား**မှုရှိသည်။

**၈၉%** သော ဖြေဆိုသူများသည် မည်သည့်အခွန်များကို ပေးဆောင်ရမည်နှင့် အခွန်ငွေများကို မည်သို့သုံးစွဲကြောင်း **သတင်းအချက်အလက်ပိုမို ရယူလို**ကြသည်။

**၆၆%** သော ဖြေဆိုသူများက ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ဖြစ်စေနိုင်မည်ဆိုပါက **ပစ္စည်းခွန်ကို ပိုမိုထမ်းဆောင်ကြမည်**ဖြစ်သည်။

**၅၇%** သော ဖြေဆိုသူများက ကောက်ခံရရှိသော အခွန်များကို ဦးစားပေး လိုအပ်သည့် ကဏ္ဍများတွင် သုံးစွဲနေသည်ဟု ယုံကြည်ကြသည်။

# အခွန်ငွေပေးခြင်း

> **အလွန်နည်းသော လူအနည်းငယ်ကသာ ဝင်ငွေခွန်ပေးဆောင်ဖူးကြောင်း တင်ပြဖြေဆိုကြပြီး၊ ဖြေဆိုသူများ၏ ထက်ဝက်ကျော်က ကုန်သွယ်ခွန် ပေးဆောင်ခဲ့ဖူးခြင်း မရှိကြောင်းပြောဆိုသည်။**

ဖြေဆိုသူများ၏ ၁၁% ကသာ ဝင်ငွေခွန် အမြဲဆောင်ကြောင်း တင်ပြကြသည်။ ဝင်ငွေခွန်ပေးဆောင်ခြင်း အတွေ့အကြုံသည် ပိုမိုတိုးတက်ဖွံ့ဖြိုးသော ရန်ကုန်တွင် အမြင့်ဆုံး (ကျောက်တံတားတွင် ၂၇% ထိ) ဖြစ်ပြီး၊ ဖွံ့ဖြိုးတိုးတက်မှုနည်းသော ဘားအံတွင် (၈% ဖြင့်) အနိမ့်ဆုံးဖြစ်သည်။ ဖြေဆိုသူ အမျိုးသမီးများ ၈၂% က ဝင်ငွေခွန် ပေးဆောင်ဖူးခြင်း မရှိကြောင်းဖြေဆိုခဲ့ကြပြီး ဖြေဆိုသူအမျိုးသားများ၏ ၈၀% ကလည်း ထိုသို့ပင် ဖြေဆိုခဲ့ကြသည်။ ထို့ကြောင့် အမျိုးသမီး များသည် အမျိုးသားထက် နှစ်ဆခန့်အလုပ်လက်မဲ့ဖြစ်သော်လည်း ဝင်ငွေခွန် ပေးဆောင်မှုသည် အလုပ်အကိုင်ရှိခြင်းနှင့် မသက်ဆိုင်ဟု ကောက်ချက်ချနိုင်ပါသည်။ ကုန်သွယ်ခွန်ကိုမူ ကြားဖူးသူနှင့် ပေးဆောင် ဖူးသူတို့အကြား ကွာဟချက်မှာ ပိုမိုသေးငယ်သည်။ ၄၅% ထက်နည်း သော ဖြေဆိုသူများကသာ ကုန်သွယ်ခွန် ပေးဆောင်ဖူးကြောင်း ဖြေဆိုကြသည်။ ဖြေဆိုသူ ၅၀% ကျော်ကမူ လွန်ခဲ့သော အခွန် ကောက်ကာလအတွင်း မိမိတို့အိမ်ထောင်စုက ပစ္စည်းခွန်ပေးဆောင်ခဲ့ ကြောင်း ဖြေဆိုကြသည်။

## အဓိကမေးခွန်း

မေးခွန်း ၅၅။ ဖော်ပြထားသော အခွန်များကို သင်ပေးဆောင်ဖူးပါသလား။ [ဝင်ငွေခွန်]

မေးခွန်း ၅၅။ ဖော်ပြထားသော အခွန်များကို သင်ပေးဆောင်ဖူးပါသလား။ [ကုန်သွယ်ခွန်]

မေးခွန်း ၅၂။ 'ပစ္စည်းခွန်'ဆိုသည်မှာသင့်ပိုင်ဆိုင်မှု၏ ရုပ်လက္ခဏာအပေါ် ဆန်းစစ် သတ်မှတ်ထားသည်ကို အခြေခံ၍ စည်ပင်သာယာဌာနသို့ ၆ လတစ်ကြိမ် ပုံမှန်ပေးဆောင်ရသော အခွန်ဖြစ်သည်။ သင့်မိသားစု၊ သင့်အိမ်ပိုင်ရှင် အနေဖြင့် လွန်ခဲ့သော ၆ အတွင်း ပစ္စည်းခွန် ပေးဆောင်ဖူးပါသလား။

### ပုံ ၁၀.၁

*"ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ ပစ္စည်းခွန် ပေးဆောင်သည်ဟု တင်ပြလာသော ဖြေဆိုသူ ရာခိုင်နှုန်း" (စစ်တမ်းတစ်ခုလုံး)*



# အခွန်ပေးဆောင်ရခြင်းအပေါ် သဘောထားများ

## အခွန်ထမ်းခြင်းသည်နိုင်ငံသားတာဝန်ဖြစ်ကြောင်း ခိုင်မာကျယ်ပြန့်စွာ အသိအမှတ်ပြုထားသည်။

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၉ က "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်။[၁၃] ဖြေဆိုသူ ၉၄% အပြည့်က ၎င်းတို့ ပေးဆောင်ရမည့် သင့်လျော်သော အခွန်ဝေစုကို ပေးဆောင်ခြင်းသည် နိုင်ငံသား တာဝန်တစ်ရပ်ဖြစ်ကြောင်း ယေဘုယျသဘောတူကြသည်။ သဘောတူညီမှု အဆင့်သည် မြောက်ဒဂုံတွင် ၉၆% အထိ မြင့်မားရောက်ရှိပြီး အနိမ့်ဆုံးဖြစ်သော ဘားအံတွင်ပင် ခိုင်မာအားကောင်းသော ၈၅% ရှိပါသည်။ ကျောက်တံတားရှိ ဖြေဆိုသူ ၆၂% က ထိုဖော်ပြချက်ကို ခိုင်ခိုင်မာမာသဘောတူကြပြီး၊ ၃၂% က သဘောတူကြသည်။

ထိုထပ်တူတူညီသော မေးခွန်းကို မေးမြန်းသည့်အခါ စစ်တမ်းဖြေဆိုခဲ့သည့် မှတ်ပုံတင်ထားသော အမေရိကန် မဲဆန္ဒရှင်များ၏ ၈၆% က အခွန်ထမ်းခြင်းသည် နိုင်ငံသားတာဝန် တစ်ရပ်ဖြစ်ကြောင်း ယုံကြည်ကြသည်။[၁၄၊ ၁၅] ထိုအချက်ကို အာဖရိက ၃၆ နိုင်ငံအကြား စစ်တမ်းအရ အခွန်ပေးခြင်းသည် နိုင်ငံသား တာဝန်တစ်ရပ်ဖြစ်ကြောင်း ထောက်ခံသောဖြေဆိုသူ ပျမ်းမျှ ၇၂% သာ ရှိခြင်းနှင့် နှိုင်းယှဉ်နိုင်သည်။[၁၆] ထိုပျမ်းမျှ ရာခိုင်နှုန်းတွင် နိုင်ဂျီးရီးယားမှာ ၉၀ % ထိရှိပြီးနှင့် အီဂျစ်တွင် ၄၇% ထိကျဆင်းသည်ကိုတွေ့ရသည်။[၁၇]

## ဖြေဆိုသူအများစုက ဝင်ငွေခွန်၊ ကုန်သွယ်ခွန်နှင့် ပစ္စည်းခွန်တို့ကို သင့်တင့်မှုရှိကြောင်း တွေးထင်ကြသည်။

ဤစစ်တမ်းကဝင်ငွေခွန်၊ ကုန်သွယ်ခွန်နှင့် ပစ္စည်းခွန်တို့သည် သင့်တင့်သည်ဟု ယူဆပါသလားဟု ဖြေဆိုသူများကို မေးမြန်းခဲ့ပါသည်။ ကုန်သွယ်ခွန်နှင့်ဝင်ငွေခွန်တို့ ကိုမကြားဖူးပါဟုဖြေဆိုခဲ့ကြသူများကိုဖယ်ထုတ်ခဲ့ပါသည်။ကြားဖူးသူများအတွင်း တွင် အခွန်များသည်သင့်တင့်မှုရှိသည်ဟု သင့်တင့်မှုမရှိဟုဖြေဆိုသူများ၏ သုံးဆထက်မနဲသော ဖြေဆိုသူများကပြောဆိုဖြေကြားခဲ့သည်။ ပစ္စည်းခွန်သည် သင့်တင့်မှုရှိသည်ဟု ဖြေဆိုသူများကသင့်တင့်မှုမရှိဟုဖြေဆိုသူများထက် (၇၂% သင့်တင့်မှုရှိသည်နှင့် ၁၁% သင့်တင့်မှုမရှိ) ခုနစ်ဆနီးပါးများပြားပါသည်။အခွန်သင့် တင့်မှုနှင့် ပတ်သက်၍ အမျိုးသမီး နှင့် အမျိုးသား ဖြေကြားသူများအကြား သိသိသာသာ အမြင်ကွာဟမှုကို မတွေ့ရပါ။ အမျိုးသမီးဖြေဆိုသူတွေထဲမှ မသိပါ ဟုဖြေဆိုသူမှာ အမျိုးသားဖြေဆိုသူများထက် ရာနှုန်းပိုများသည်ကို မှတ်သား သင့်သည်။ (ဝင်ငွေခွန်တွင် ၁၂% ပိုမိုများပြားခြင်း၊ ကုန်သွယ်ခွန်တွင် ၁၀% ပိုမို များပြားခြင်း၊ ပစ္စည်းခွန်တွင် ၈% ပိုမိုများပြားခြင်း)

### အဓိကမေးခွန်း

မေးခွန်း ၆၂။ သင့်လျော်မျှတသော အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားတိုင်း၏ ပြည်သူ့တာဝန်ဖြစ်သည်။

မေးခွန်း ၅၇။ ဖော်ပြပါ အခွန်များသည် တရားမျှတမှုရှိပါသလား [ဝင်ငွေခွန်]။

မေးခွန်း ၅၇။ ဖော်ပြပါ အခွန်များသည် တရားမျှတမှုရှိပါသလား [ကုန်သွယ်ခွန်]။

မေးခွန်း ၅၇။ ဖော်ပြပါ အခွန်များသည် တရားမျှတမှုရှိပါသလား [ပစ္စည်းခွန်]။

မေးခွန်း ၆၄။ ကျွန်ုပ်နှင့်  ကျွန်ုပ်နေထိုင်ရာမြို့အတွက် ပိုမိုကောင်းမွန်သော စည်ပင်သာယာရေး ဝန်ဆောင်မှုများ ရရှိမည်ဆိုပါကပစ္စည်းခွန်ကို တိုးမြှင့် ပေးဆောင်ပါမည်။

မေးခွန်း ၆၈။ သင်ပေးဆောင်သောအခွန်သည် အလိုအပ်ဆုံးနေရာတွင် သုံးစွဲရန်ရောက်ရှိသည်ဟု ယုံကြည်မှုမည်မျှရှိသနည်း။
၁။ မသေချာပါ
၂။ ဒီလိုပါပဲ
၃။ ယုံကြည်မှုရှိသည်

## ပုံ ၁၀.၂

*"အခွန်များသည် မျှတမှုရှိပါသလား။" (စစ်တမ်းတစ်ခုလုံး)*




**အကယ်၍ ပစ္စည်းခွန်ပိုမိုပေးဆောင်ရခြင်းက ၎င်းတို့အတွက်နှင့် ၎င်းတို့၏ မြို့အတွက် ပိုမိုကောင်းမွန်သော လူမှုရေးဝန်ဆောင်မှုများကို ဆိုလိုသည်ဆိုပါက ပစ္စည်းခွန် ပိုမိုပေးဆောင်ရခြင်းကို ဖြေဆိုသူများ၏ ၆၀%ကျော်က ထောက်ခံပေးဆောင်ကြမည်ဖြစ်သည်။**

နိုင်ငံသားများသည် မြူနီစီပါယ်ဝန်ဆောင်မှုများကို ပိုမိုလိုချင်ကြသော်လည်း ထိုဝန်ဆောင်မှုများအတွက်ပေးဆောင်လိုခြင်းမရှိဟု မှတ်ယူနိုင်သည်။ မြို့ပြလူနေမှုဘဝစစ်တမ်းမှ အထောက်အထားများက ထိုယူဆချက်နှင့် ကွဲပြားနေကြောင်းတွေ့ရပေမည်။ ပစ္စည်းခွန်ပိုမိုပေးဆောင်ရခြင်းသည် ပိုမိုသောမြူနီစီပါယ်ဝန်ဆောင်မှုများ ရရှိလိမ့်မည်ဟုဆိုပါလျှင် ပစ္စည်းခွန်ပိုမိုပေးဆောင်လိုစိတ် ရှိသည်ဟူသော အချက်ကို ၁၇% ကသာ ငြင်းဆိုကန့်ကွက်ခဲ့ပါသည်။ ဤမေးခွန်းအပေါ်အားအသာဆုံး တုံ့ပြန်ဖြေဆိုမှုများက တောင်ကြီးမှ ဖြစ်ပြီး၊ ထိုသို့သာဝန်ဆောင်မှု ပိုမိုလာမည်ဆိုပါကပစ္စည်းခွန် ပိုမိုပေးဆောင်လိုစိတ် ရှိပါသည်ဟူသောအချက်ကို တောင်ကြီးမှဖြေဆိုသူများအနက် ၇၀% အပြည့်က သဘောတူခဲ့ကြသည်။ စစ်တမ်းတစ်လျှောက်တွင်လည်း ၆၃%သော အမျိုးသမီးဖြေဆိုသူများက ပေးဆောင်လိုကြောင်း သဘောတူခဲ့ကြသည်။

## ပုံ ၁၀.၃

*"ပိုမိုသော မြူနီစီပါယ်ဝန်ဆောင်မှုများ ရရှိမည်ဆိုပါက အခွန်ပိုမိုပေးဆောင်ပါမည်။" (စစ်တမ်းတစ်ခုလုံး)*



### မိမိတို့၏အခွန်ငွေများသည် ယင်းတို့ကိုအလိုအပ်ဆုံးနေရာများသို့ ရောက်ရှိသွားသည်ဟု ယုံကြည်သူများက မသေချာသူများထက် ပိုမိုများပြားသည်။

ဖြေဆိုသူအားလုံး၏ထက်ဝက်နီးပါး (၄၇%) က သူတို့၏ အခွန်ငွေများသည် အလိုအပ်ဆုံးနေရာ သို့ရောက်ရှိသွားသည်ဟု ယုံကြည်မှု ရှိသည်ဟု ပြောဆိုကြသည်။ ထိုထပ်တူမေးခွန်းများကိုပင် မေးခဲ့သည့် တောင်ငူနှင့် သံတောင်ကြီးမြို့နယ်များရှိ ကျေးလက်နှင့် မြို့ပြနေထိုင်သူများကို ကောက်ယူသော International Growth Center စစ်တမ်း အတွင်း ရရှိခဲ့သောအချိုးအစားထက်အနည်းငယ်ပိုများပါသည်။ ထိုစစ်တမ်းအတွင်း မသေချာဟု ဖြေသောအဖြေများ (၄၁%) က မြို့ပြလူနေမှု စစ်တမ်း (၂၆%) ထက် ပိုမိုမြင့်မားသောနှုန်းကို တွေ့ရှိခဲ့သည်။ မြောက်ဒဂုံက ယုံကြည်မှုအမြင့်ဆုံးကို ပြသခဲ့ပြီး၊ တောင်ကြီးက ကွာခြားမှုအနည်းငယ်နှင့် ဒုတိယလိုက်ပါသည်။ ခြုံငုံကြည့်လျှင် အမျိုးသမီးဖြေဆိုသူ ၄၅% မှာ ယုံကြည်မှုအပြည့်ရှိပြီး ၂၄% က မသေချာကြောင်း ဖြေဆိုခဲ့ပါသည်။

> ဖြေဆိုသူအားလုံး၏ ထက်ဝက်နီးပါး ဖြစ်သော **၄၇%** က သူတို့၏ အခွန်ငွေများသည် အလိုအပ်ဆုံးနေရာ သို့ရောက်ရှိသွားသည်ဟု ယုံကြည်မှု ရှိသည်ဟု ပြောဆိုကြသည်။

## ပုံ ၁၀.၄

*"အခွန်ငွေများသည် လိုအပ်သည့်နေရာသို့ ရောက်ရှိသွားသည်ဟု ယုံကြည်မှု မည်မျှ ရှိသနည်း။" (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)*



# အခွန်ဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုသိလိုခြင်း

**နိုင်ငံသားများက ပေးဆောင်သင့်သော အခွန်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုရရှိလိုမှုကို ထင်ထင်ရှားရှားတွေ့ရသည်။**

ဖြေဆိုသူအားလုံး၏ သုံးပုံနှစ်ပုံနီးပါး (၆၀%) က ၎င်းတို့ပေးဆောင်သင့်သည့် အခွန်များနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ ပိုမိုရရှိလိုသည်ဟူသော ဖော်ပြချက်ကို အလွန်သဘောတူကြသည်။ ထိုနှုန်းက ကျောက်တံတားနှင့် တောင်ကြီးတွင် ၇၀% ကျော်ထိ ရောက်ရှိသည်။ ထိုရလဒ်များက ပိုမိုများပြားသော သတင်းအချက်အလက်များ ပံ့ပိုးပေးရန် အစိုးရအပေါ် တောင်းဆိုမှု တစ်ရပ်ဖြစ်သည်။

## အဓိကမေးခွန်း

မေးခွန်း ၆၉။ ပေးရမည့်အခွန်များနှင့်ပက်သက်၍ ပိုမိုရှင်းလင်းသော သတင်းအချက်အလက်များ ရရှိလိုသည်။

မေးခွန်း ၇၀။ အစိုးရမှ အခွန်များကို မည်သို့မည်ပုံ သုံးစွဲနေသည်ဆိုသော အချက်အလက်များ ပိုမိုရရှိလိုသည်။

## ပုံ ၁၀.၅

*"မည်သည့်အခွန်များကို ပေးဆောင်ရမည်ကို ရှင်းလင်းစွာ သိရှိလိုသည်။" (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)*



## အစိုးရက အခွန်များကို မည်သို့မည်ပုံသုံးစွဲသည်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ပိုမိုပံ့ပိုးပေးရန် လိုအပ်လာသည်။

“အစိုးရကအခွန်များကို မည်သို့သုံးစွဲနေသည်ဆိုသော သတင်းအချက်အလက်များ ပိုမိုရရှိလိုသည်” ဟူသော ဖော်ပြချက်က မြို့ပြလူနေမှုဘဝစစ်တမ်းအတွင်းရှိ အခွန်နှင့်ဆိုင်သော မေးခွန်းများအားလုံးထဲတွင် သဘောတူညီမှု အများဆုံး ရရှိပါသည်။ ဖြေဆိုမှုအားလုံး၏ ၉၀% ခန့်က သဘောတူကြောင်း ဖော်ပြခဲ့ပြီး၊ ယေဘုယျအားဖြင့် ၆၃% က အလွန်သဘောတူကြောင်းဖြင့် ကျောက်တံတားနှင့် တောင်ကြီးမြို့နယ်များတွင် ၇၃% ကျော် ရှိခဲ့ပါသည်။ မြောက်ဒဂုံတွင် သဘောတူညီမှု အနိမ့်ဆုံးဖြစ်ပြီး ၅၄% သာ အလွန်သဘောတူသည်ဟု ဖော်ပြခဲ့သည်။ ယေဘုယျအားဖြင့် ၈၇% သော အမျိုးသမီး ဖြေဆိုသူများက အခွန်ငွေသုံးစွဲမှုနှင့် ပတ်သက်၍ သတင်းအချက်အလက် ပိုမိုသိရှိလိုကြပြီး အစိုးရက မည်သို့မည်ပုံ သုံးစွဲသည်ဆိုသော သတင်းအချက်အလက်ကိုလည်း သိရှိလိုကြောင်း လက်ခံကြသည်။

### ပုံ ၁၀.၆

*“အစိုးရက အခွန်များကို မည်သို့မည်ပုံသုံးစွဲသည်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ပိုမိုပံ့ပိုးပေးရန် လိုအပ်လာသည်။” (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)*





# ၁၁

# အမှတ်သရုပ်လက္ခဏာနှင့် ရပ်ရွာအသိုက်အဝန်း

# နိဒါန်း

ဤအပိုင်းတွင် မြို့ပြနေထိုင်သူများ၏ အမှတ်သရုပ်လက္ခဏာ၊ တန်ဖိုးများနှင့် အသိုက်အဝန်း စိတ်ဓါတ်များနှင့်သက်ဆိုင်သည့် အမြင်များကို အသေးစိတ်ဖော်ပြ ထားသည်။ ဖြေဆိုသူများက အိမ်နီးချင်းများနှင့် နီးကပ်သောဆက်နွယ်မှုများကို ဖော်ပြခဲ့ကြသော်လည်း လူမှု အသိုက်အဝန်းကြီးတစ်ခုလုံးကို ယုံကြည်မှုနိမ့်ကြောင်းဖော်ပြခဲ့ကြသည်။ အထူးသဖြင့် ဘာသာခြားနှင့် လူမျိုးခြားများအပေါ် ယုံကြည်မှုနိမ့်သည်။ ဘာသာခြားနှင့် လူမျိုးခြား များအပေါ် ယုံကြည်မှုတွင် အမျိုးသမီးများက အမျိုးသားများထက် ပိုမိုနိမ့်သော အဆင့်ကို မပြောင်းမလဲ ဖော်ပြခဲ့ကြသည်။ ဖြေဆိုသူများသည် မိမိတို့၏ သက်ဆိုင်ရာ ဘာသာတရား၊ မိခင်ဘာသာစကားနှင့် နေထိုင်သည့်မြို့အပေါ် ဂုဏ်ယူမှု မြင့်မားကြောင်း ဖော်ပြခဲ့ကြသည်။ ဖြေဆိုသူအားလုံးနီးပါးခန့်က လွန်ခဲ့သောတစ်နှစ်အတွင်း အတိုင်းအတာ တစ်ခုအထိ အလှူအတန်းပြုလုပ်ခဲ့ကြသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ၈၀% ကျော်သော ပမာဏက ၎င်းတို့၏ မြို့ကြီးများကို ကူညီပံ့ပိုးပေးမည့် အစိုးရ၏ ဆောင်ရွက်ချက်များကို ကူညီထောက်ပံ့ပေးရန်အတွက် လုပ်အားပေးလိုစိတ်ကို ဖော်ပြခဲ့ကြသည်။

# အဓိကတွေ့ရှိချက်များ

> **၆၂%** သော ဖြေဆိုသူများက **၎င်းတို့၏ မြို့နေ အများစုသည် ယုံကြည်ရသည်**ဟု သဘောတူ (သို့) အလွန်သဘောတူကြသည်။



> **၉၃%** ကျော်ရှိသော ဖြေဆိုသူများက **အိမ်နီးချင်းများနှင့် ခင်မင်ရင်းနှီးမှုရှိသည်**ဟု သဘောတူ (သို့) အလွန်သဘောတူကြသည်။



> **၈၂%** သော ဖြေဆိုသူတို့သည် **"၎င်းတို့၏ မြို့ကြီးများကို ကူညီပံ့ပိုးပေးမည့် အစိုးရ၏ ဆောင်ရွက်ချက်များကို ကူညီထောက်ပံ့ ပေးရန် အတွက် လုပ်အားပေးလိုစိတ် ရှိသည်"**ဟု သဘောတူ (သို့) အလွန် သဘောတူကြသည်။



> **၉၇%** သော ဖြေဆိုသူများက **မိမိမြို့ကို ဂုဏ်ယူကြကြောင်း** ဖော်ပြခဲ့ကြသည်။



# လူမျိုးရေးအစုအဖွဲ့များနှင့် ဘာသာရေးအစုအဖွဲ့များအကြား လူမှုဆက်ဆံရေး

အကြမ်းအားဖြင့် ဖြေဆိုသူ ၃၀% က မိမိတို့ဘာသာဝင်များမှလွဲ၍ ဘာသာခြားပုဂ္ဂိုလ်များကို မယုံကြည်နိုင်ကြောင်း ထင်မြင်ယူဆကြသည့်တိုင် ၄၃% ကျော်က ဘာသာခြားများကို ယုံကြည်နိုင်ကြောင်း ထင်မြင်ယူဆကြသည်။ တောင်ကြီးမြို့တွင် ဘာသာခြားပုဂ္ဂိုလ်များအပေါ် ယုံကြည်နိုင်မှု အဆင့်မြင့်သည်ကို ပြသခဲ့သော်လည်း၊ ဘားအံမြို့က ယုံကြည်မှုအနိမ့်ဆုံး ဖော်ပြခဲ့ကြသည်။ ပျှမ်းမျှအားဖြင့် အမျိုးသမီးများက အမျိုးသားများထက် ဘာသာခြားများအပေါ် ယုံကြည်မှုပိုနိမ့်ကြောင်း တွေ့ရှိရသည်။ မိမိလူမျိုးအပြင် လူမျိုးခြားများကိုလည်း ယုံကြည်နိုင်သည် ဟူသောအချက်ကို အမျိုးသမီး ၃၈% ကသာ သဘောတူ သို့မဟုတ် အလွန်သဘောတူကြသော်လည်း အမျိုးသားများ၏ ၄၇% ကျော်က သဘောတူသည် သို့မဟုတ် အလွန်သဘောတူကြသည်။

ဘာသာခြားများနှင့် နှိုင်းယှဉ်ပါက လူမျိုးခြားပုဂ္ဂိုလ်များအပေါ် အနည်းငယ် ပိုမိုမြင့်မားသော ယုံကြည်မှုအဆင့်ရှိကြောင်း ဖြေဆိုသူများတွင်တွေ့ရှိရသည်။ ၄၆% သော ဖြေဆိုသူများက လူမျိုးမတူသူ ပုဂ္ဂိုလ်များအပေါ် ယုံကြည်နိုင်ကြောင်း ပြောဆိုခဲ့ကြပြီး ၂၇% က မယုံကြည်နိုင်ကြောင်း ပြောဆိုခဲ့ကြသည်။ ဘာသာခြားများနှင့် သက်ဆိုင်သောကိစ္စကဲ့သို့ပင် အမျိုးသမီးများက အမျိုးသားများထက် ယုံကြည်နိုင်မှုပိုနည်းကြသည်။ တောင်ကြီးမှ ဖြေဆိုသူများ၏ ၆၁% က အခြားလူမျိုးစုများမှ ပုဂ္ဂိုလ်များကို ယုံကြည်မှုပေးနိုင်ကြောင်း ခိုင်ခိုင်မာမာ သဘောတူ သို့မဟုတ် သာမန်သဘောတူလိုကြသည်။ သာကေတမှ ဖြေဆိုသူများထဲမှ ၃၅% မှာ ထိုဖော်ပြချက်ကို လုံးဝသဘောမတူ သို့မဟုတ် သဘောမတူလိုကြပါ။

## အဓိကမေးခွန်း

မေးခွန်း ၉၇။ ယေဘုယျအားဖြင့် ကျွန်ုပ်နေထိုင်ရာမြို့ရှိ ကျွန်ုပ်နှင့်ဘာသာမတူသည့် အခြားဘာသာမှ လူအများစုသည် ယုံကြည်လို့ရသည်။

မေးခွန်း ၉၈။ ယေဘုယျအားဖြင့် ကျွန်ုပ်နေထိုင်ရာမြို့ရှိ ကျွန်ုပ်နှင့် လူမျိုးမတူသည့် အခြားလူမျိုးများမှ လူအများစုသည် ယုံကြည်လို့ရသည်။

*၆၁% သော တောင်ကြီးမြို့မှ ဖြေဆိုသူများသည် လူမျိုးခြားပုဂ္ဂိုလ်များကို ယုံကြည်ရသည်ဟု သဘောတူ (သို့) အလွန်သဘောပိုတူလိုကြသည်။*

## ပုံ ၁၁.၁

"ယေဘုယျအားဖြင့် သင့်မြို့တွင် သင့်ဘာသာမှလွဲ၍" (မြို့ပြ ၅ နေရာ)




## ပုံ ၁၁.၂

"ယေဘုယျအားဖြင့် သင့်မြို့တွင် သင့်လူမျိုးမှလွဲ၍" (မြို့ပြ ၅ နေရာ)



# ရပ်ရွာအသိုက်အဝန်းသိစိတ်

> ဖြေဆိုသူအများစု (၆၂%) က ၎င်းတို့မြို့ရှိ လူအများစုကို ယုံကြည်နိုင်သည်ဟူသော ဖော်ပြချက်ကို သဘောတူကြသည် သို့မဟုတ် အလွန်သဘောတူကြသည်။

ဤစစ်တမ်းကနေထိုင်သူများ၏ ရပ်ရွာအသိုက်အဝန်းသိစိတ်၏ အားကောင်းသန်မာမှုကို တိုင်းတာနိုင်ရန်အလို့ငှာ လူများအကြားတွင် အချင်းချင်း ယုံကြည်နိုင်မှုနှင့် မိမိတို့၏အိမ်နီးချင်းများနှင့် ကျွမ်းဝင်နီးစပ်မှုနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ မေးမြန်းခဲ့ပါသည်။ ထိုဖော်ပြချက်ကို သဘောတူသော သို့မဟုတ် အလွန်သဘောတူသော ၇၄% သော ဖြေဆိုသူများဖြင့် တောင်ကြီးမြို့သည် မြင့်မားသော ယုံကြည်နိုင်မှုအဆင့်ကို ဖော်ပြခဲ့ကြသည်။ ဘားအံရှိ လူများ၏ ယုံကြည်နိုင်မှုမှာ အနိမ့်ဆုံးအဆင့်ဖြစ်သည်။ ဘားအံရှိ ဖြေဆိုသူများ၏ ၅၂% ကသာ ထိုဖော်ပြချက်ကို သဘောတူခဲ့ကြပြီး၊ မြို့နယ်ငါးခုစလုံးတွင် အမြင့်ဆုံး ရာခိုင်နှုန်းဖြစ်သော ၂၈% က သဘောမတူပါ သို့မဟုတ် အလွန်သဘောမတူကြပါဟု ဖော်ပြခဲ့သည်။ အမျိုးသမီး ဖြေဆိုသူများ၏ ၆၀% က သဘောတူ သို့မဟုတ် အလွန် သဘောတူခဲ့ကြပြီး ၁၉%က သဘောမတူ သို့မဟုတ် လုံးဝ သဘောမတူပါဟု ဖြေဆိုခဲ့ကြသည်။

## အဓိကမေးခွန်း

မေးခွန်း ၉၆။ ယေဘုယျအားဖြင့် ကျွန်ုပ်နေထိုင်ရာမြို့ရှိ လူအများစုသည် ယုံကြည်လို့ရသည်။

မေးခွန်း ၉၉။ ကျွန်ုပ်အိမ်နီးနားရပ်ကွက် ပတ်ဝန်းကျင်မှလူများနှင့် ရင်းနှီးမှုရှိသည်။

## ပုံ ၁၁.၃

"ယေဘုယျအားဖြင့် သင့်မြို့တွင် သင့်လူမျိုးမှလွဲ၍" (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)



### ဖြေဆိုသူများက မိမိတို့အိမ်နီးချင်းများနှင့် အလွန်အမင်း နီးကပ်ကျွမ်းဝင်မှုကို ဖော်ပြခဲ့ကြသည်။

“ကျွန်ုပ်အိမ်နီးနားရပ်ကွက်ပတ်ဝန်းကျင်မှလူများနှင့်ရင်းနှီးမှုရှိသည်။”ဟူသော ဖော်ပြချက်ကို ဖြေဆိုသူများ၏ ၉၃% ကျော်က သဘောတူခဲ့ကြသည်။ ၂% ကသာထိုဖော်ပြချက်ကို သဘောမတူခဲ့ကြပဲ အလွန်သဘောမတူသူမှာ သုညရာခိုင်နှုန်း ဖြစ်သည်။ ထိုအချက်နှင့်ပတ်သက်၍ မြို့နယ်များအကြား ကိန်းဂဏန်းများအရ ကွာခြားပြောင်းလဲမှု အလွန်အနည်းငယ်သာရှိခဲ့သည်။ ဤရလဒ်များကို ယုံကြည်မှုအပေါ် တိုင်းတာခဲ့သည့် အတိုင်းအထွာများနှင့် ပေါင်းစပ်ကြည့်ပါက၊ ဤမြို့များတွင် နေထိုင်သူများသည် သေးငယ်ပြီး၊ ထောက်ပံ့ကူညီမှုနှင့် ရင်းနှီးကျွမ်းဝင်မှုများ ရောယှက်နေသော ကွန်ယက်အတွင်း နစ်မြုပ်နေသည်ဟု ပြဆိုနိုင်ပါသည်။ သို့သော်ဤမြို့များတွင် နေထိုင်သူများအနေဖြင့် မိမိတို့သည် ယုံကြည်နိုင်မှု ပိုမိုနည်းပါးသော ပိုမိုကျယ်ပြန့်သည့် ဆက်ဆံရေးကွန်ယက်အတွင်း ရောက်ရှိနေသည်ဟုလည်း မိမိတို့ကိုယ်ကိုယ်မိမိတို့ ရှုမြင်နေကြသည်။

## ပုံ ၁၁.၄

“ကျွန်ုပ်အိမ်နီးနားရပ်ကွက်ပတ်ဝန်းကျင်မှလူများနှင့်ရင်းနှီးမှုရှိသည်။” (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)



# ပေးကမ်းလှူဒါန်းခြင်း

မြန်မာနိုင်ငံသည် ပေးကမ်းလှူဒါန်းခြင်းတွင် ကမ္ဘာတွင်ဦးဆောင်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက်[၁၉၊ ၂၀] လွန်ခဲ့သည့်တစ်နှစ်အတွင်း လှူဒါန်းမှုတစ်ခုခုကို မပြုလုပ်ခဲ့ပါဟု ဖြေဆိုသူမှာ ဖြေဆိုသူများ၏ ၄% သာ ရှိနေခြင်းမှာ အံ့ဩစရာမရှိပါ။ သာကေတတွင် နေထိုင်သူများ၏ ၃၉% ခန့်က အနည်းဆုံး တစ်လတစ်ကြိမ်ခန့် လှူဒါန်းခြင်းများ ပြုလုပ်ကြသည်ဟု ဖော်ပြကြသည်။ ၎င်းတို့၏ ထိုသို့ပုံမှန် လှူဒါန်းခြင်းတွင် အမျိုးသားနှင့် အမျိုးသမီးများအကြား စာရင်းကိန်းဂဏန်းအရ သိသာထင်ရှားသော ကွာခြားမှုမရှိပါ။

ဖြေဆိုသူများ၏ ၅၀% ကျော်က ပရဟိတအသင်းတစ်ခုခု သို့မဟုတ် အရပ်ဘက် လူ့အဖွဲ့အစည်းဝင် အဖွဲ့အစည်းတစ်ခုခုအတွက် စေတနာ့ဝန်ထမ်းမလုပ်ခဲ့ပါဟု ဖော်ပြကြသော်လည်း ၈၂% က "ကျွန်ုပ်၏မြို့ကို အကျိုးရှိစေနိုင်သော အစိုးရ၏ လုပ်ဆောင်ချက်များကို ကူညီပံ့ပိုးပေးရန်အတွက် လုပ်အားပေးလိုပါသည်" ဟူသောဖော်ပြချက်ကို သဘောတူကြသည်။ ဖြေဆိုသူ ၈၅% က ထိုမေးခွန်းကို သဘောတူသည် သို့မဟုတ် အလွန်သဘောတူကြခြင်းဖြင့် တောင်ကြီးမြို့မှ ဖြေဆိုသူများက ထိုမေးခွန်းကို အထောက်ခံဆုံး ဖြေဆိုခဲ့ကြပြီး၊ ထိုဖော်ပြချက်ကို ၄၆% ကသာ သဘောတူ သို့မဟုတ် အလွန်သဘောတူကြခြင်းဖြင့် ကျောက်တံတားမြို့နယ်က ထောက်ခံမှုအနည်းဆုံး ဖြေဆိုမှုများပြုလုပ်ခဲ့ကြသည်။ ဤမေးခွန်းတွင် ဖြေဆိုသူအမျိုးသမီးနှင့် အမျိုးသားတို့ကြား ကိန်းဂဏန်းအရ သိသာသော ကွဲပြားမှုမရှိပါ။

## အဓိကမေးခွန်း

မေးခွန်း ၁၀၀။ လွန်ခဲ့သောနှစ်အတွင်း သင်ပရဟိတအဖွဲ့များသို့ အကြိမ်မည်မျှ လှူဒါန်းခဲ့ပါသလဲ။

မေးခွန်း ၁၀၂။ သင်ပရဟိတအဖွဲ့အစည်းများ၊ လူမှုအကျိုးပြု အဖွဲ့အစည်းများတွင် ပရဟိတလုပ်ငန်းများ ကူညီလုပ်ကိုင်ဆောင်ရွက်ပါသလား။ (ဥပမာ-နာရေးကူညီမှု အဖွဲ့အစည်းများ၊ ရပ်ရွာအခြေစိုက် အဖွဲ့အစည်းများ၊ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ)

မေးခွန်း ၁၀၃။ အောက်ဖော်ပြပါ စာသားအပေါ် သင်မည်သည့် အတိုင်းအတာအထိ သဘောတူညီပါသနည်း။
*ကျွန်ုပ်နေထိုင်ရာမြို့အတွက် အကျိုးဖြစ်စေမည့် အစိုးရ လုပ်ငန်းရပ်များကို ပံ့ပိုးပေးနိုင်ရန် အချိန်ပေး ကူညီလုပ်ကိုင် ဆောင်ရွက်လိုပါသည်။*

## ပုံ ၁၁.၅

*"လွန်ခဲ့သောနှစ်အတွင်း သင်ပရဟိတအဖွဲ့များသို့ အကြိမ်မည်မျှ လှူဒါန်းခဲ့ပါသလဲ။" (စစ်တမ်းတစ်ခုလုံး)*



## ပုံ ၁၁.၆

*"သင် ပရဟိတအဖွဲ့အစည်းများ၊ လူမှုအကျိုးပြုအဖွဲ့အစည်းများတွင် ပရဟိတလုပ်ငန်းများ ကူညီလုပ်ကိုင်ဆောင်ရွက်ပါသလား။" (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)*




## ပုံ ၁၁.၇

*"ကျွန်ုပ်နေထိုင်ရာမြို့အတွက် အကျိုးဖြစ်စေမည့် အစိုးရလုပ်ငန်းရပ်များကို ပံ့ပိုးပေးနိုင်ရန် အချိန်ပေး ကူညီလုပ်ကိုင် ဆောင်ရွက်လိုပါသည်။" (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)*



# ဘာသာရေးနှင့် ပတ်သက်ဆက်နွယ်မှုနှင့် ဂုဏ်ယူမှု

**ဖြေဆိုသူများက ၎င်းတို့၏ ဘာသာရေးယုံကြည်မှုနှင့် နီးကပ်သော ပတ်သက်ဆက်နွယ်မှုကို ဖော်ပြခဲ့ကြသည်။**

၉၉%ကျော်က ၎င်းတို့၏ ဘာသာတရား သို့မဟုတ် ၎င်းတို့ကို ပြုစုပျိုးထောင်ခဲ့သည့် ဘာသာတရားက "အလွန်အရေးကြီး"သည်ဟု ဖြေဆိုခဲ့ကြပြီး၊ ဖြေဆိုသူ ၁၄၀၀ တွင် ၁ ဦး တည်းသော ဖြေဆိုသူကသာ "အရေးမကြီးပါ" ဟု ဆိုပါသည်။ မိမိတို့ ကြီးပြင်းလာရာတွင် ပြောဆိုခဲ့သည့် အဓိကဘာသာစကားအပေါ် ဂုဏ်ယူပါသလားဟု ဆိုသောမေးခွန်းကိုလည်း တူညီသောအဖြေများကိုသာ ဖြေဆိုခဲ့ကြသည်။

## အဓိကမေးခွန်း

မေးခွန်း ၁၀၇။ သင်ကိုးကွယ်ရာ(သို့) သင်ကြီးပြင်းခဲ့ရာ ဘာသာတရား။

မေးခွန်း ၁၁၀။ သင့်ကိုးကွယ်ရာ ဘာသာတရား (သို့) သင်ကြီးပြင်းခဲ့ရာ ဘာသာတရား အတွက် သင်ဂုဏ်ယူပါသလား။

## ပုံ ၁၁.၈

*"သင့်အတွက် ဘာသာတရား၏ အရေးကြီးမှု" (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)*




## ပုံ ၁၁.၉

*"သင်ကိုးကွယ်ရာ ဘာသာတရားအတွက် ဂုဏ်ယူပါသလား။ " (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)*



# မြို့အပေါ်ဂုဏ်ယူမှု

**ဖြေဆိုသူများ၏အလွန်များပြားသောလူများစု(၉၇%)ကသူတို့နေထိုင်ခဲ့ရာသက်ဆိုင်ရာမြို့များ အပေါ်ဂုဏ်ယူကြောင်းဖော်ပြခဲ့ကြသည်။**

တောင်ကြီးမြို့နှင့် မြောက်ဒဂုံမြို့နေများက မိမိမြို့ကို ဂုဏ်ယူမှုအမြင့်ဆုံးအဆင့် (၉၉.၈% နှင့် ၉၇.၆% အသီးသီး) ကို ဖော်ပြခဲ့ကြသည်။ နှိုင်းယှဉ်ကြည့်ပါက ကျောက်တံတားမြို့တွင် ပိုနည်းသော နေထိုင်သူအချိုးအစားက ၎င်းတို့နေထိုင်ရာမြို့ကို ဂုဏ်ယူသည်ဟုဖြေဆိုခဲ့ကြသည်။ သို့သော်လည်း စစ်တမ်းဖြေဆိုသူများ၏ ၈၆% က မိမိတို့၏မြို့အပေါ် ဂုဏ်ယူသည်ဟု ဖြေဆိုကြခြင်းဖြင့် စစ်တမ်းကောက်ယူခဲ့သော ဒေသများအားလုံးတွင် မြင့်မားသော ဂုဏ်ယူမှုကကိုက်ညီမှု ရှိခဲ့ပါသည်။ အမျိုးသမီးနှင့် အမျိုးသားဖြေဆိုသူများကြားတွင်မှု သိသိသာသာ ခြားနားချက်မရှိကြောင်း တွေ့ရှိရပါသည်။

## အဓိကမေးခွန်း

မေးခွန်း ၁၁၁။ သင်နေထိုင်ရာမြို့အတွက် သင်ဂုဏ်ယူပါသလား။

## ပုံ ၁၁.၁၀

*"သင်နေထိုင်ရာမြို့အတွက် သင်ဂုဏ်ယူပါသလား။" (မြို့ပြ ၅ နေရာနှင့် စစ်တမ်းတစ်ခုလုံး)*



# နောက်ဆက်တွဲ ၁။ သုတေသနနည်းနာ

## အကျဉ်းချုပ်

မြို့ပြလူနေမှုစစ်တမ်းသည် မြို့ပြလူနေမှုဘဝအပေါ် အများပြည်သူတို့၏ ရှုမြင်ပုံနှင့် နေထိုင်ရှင်သန်ရသော အတွေ့အကြုံများကို မှတ်တမ်းတင်ရန် မြန်မာနိုင်ငံတွင် ပထမဆုံးပြုလုပ်သော ကာလရှည် လေ့လာဆန်းစစ်မှုဖြစ်သည်။ ဤကနဦးရေ့ပြေးစစ်တမ်းသည် အချိန်တစ်ခုတွင်းရှိ ဖြေဆိုတုံ့ပြန်မှုများကို ဖမ်းဆုပ်မှတ်တမ်းတင်ထားခြင်းဖြစ်သည့်တိုင် ဤသုတေသနစစ်တမ်းတွေ့ရှိချက်များက အရွယ်ရောက်ပြီးသော မြို့ပေါ်နေထိုင်သူများ၏ သဘောထားနှင့် အမြင်များပြောင်းလဲမှုနှင့်တိမ်းညွှတ်မှုများကို ဖော်ထုတ်နိုင်ရန် အနာဂတ်တွင်ပြုလုပ်မည့် သုတေသနများအတွက် အခြေခံအဖြစ် အသုံးပြုနိုင်ပေလိမ့်မည်။ စုစုပေါင်းအားဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းမှ မြို့ကြီး၃ မြို့ရှိ မြို့နယ် ၅ ခုကို ကိုယ်စားပြုသည့် အမျိုးသားနှင့် အမျိုးသမီး ၁၄၀၀ ယောက်ကို စစ်တမ်းကောက်ယူထားပါသည်။ ဤစစ်တမ်းရလဒ်များသည်မြို့နယ် ၅ ခု၏ ကိုယ်စားပြုဖြစ်သည်။

သုတေသနအချက်အလက်များကို၂၀၁၇ခုနှစ်စက်တင်ဘာလ၂၈ရက်နှင့်အောက်တိုဘာလ၁၇ရက်အတွင်းကြီးကြပ်ကွပ်ကဲသူ ၄ ဦးနှင့်အတူ အမျိုးသားစစ်တမ်းကောက်ခံသူ ၇ ဦး၊ အမျိုးသမီးစစ်တမ်းစာရင်းကောက်ခံသူ ၁၃ ဦးပါဝင်သော အဖွဲ့ဖြင့်မြို့နယ်ငါးခု၏ မြို့ပေါ်ရပ်ကွက်များအတွင်း မျက်နှာချင်းဆိုင် အင်တာဗျူးမေးမြန်းမှုများမှတစ်ဆင့် ကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်အဖွဲ့များက ရန်ကုန်ရှိ သာကေတ၊ ကျောက်တံတားနှင့် မြောက်ဒဂုံမြို့နယ်များနှင့် ဘားအံနှင့် တောင်ကြီးမြို့နယ်များရှိ မြို့ပေါ်ရပ်ကွက်များတွင် တစ်ပြိုင်နက်တည်း စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။အင်တာဗျူး မေးမြန်းမှုများအားလုံးကို မေးခွန်းစာရွက်မှတစ်ဆင့် မှတ်တမ်းတင်ခဲ့ပါသည်။

ကွင်းဆင်းဆောင်ရွက်မှုကို ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း (YSPS) မှ ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

## မြို့ကြီးများကိုရွေးချယ်ခြင်း

ရွေးချယ်ခဲ့သော မြို့ကြီးသုံးခုမှာ ၎င်းတို့တည်ရှိရာ သက်ဆိုင်ရာပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ မြို့တော်များဖြစ်ကြပြီး လူဦးရေ ပမာဏ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမျိုးရေးအရဖွဲ့စည်းပုံတို့၏ အနိမ့်အမြင့်အနည်းအများ အတိုင်းအတာကို ထင်ဟပ်ပြသနေသည်။ ထို့ကြောင့် ထိုမြို့များသည် ထိုအတိုင်းအတာအတွင်း ကျရောက်တူညီသော မြန်မာနိုင်ငံ၏ များစွာသောမြို့ကြီးများအရ မြန်မာနိုင်ငံ၏ မြို့ပြသွင်ပြင်အနေအထားကို ထင်ဟပ်နိုင်ပါသည်။ မြို့လယ်ရှိ သေးငယ်သော ကျောက်တံတား (ရန်ကုန်မြို့တော်ခန်းမ အပါအဝင်) မြို့နယ်မှ ကြီးမားပြီး အစွန်အဖျားကျသော မြောက်ဒဂုံတို့ ပါဝင်ခြင်းဖြင့် ရန်ကုန်မြို့တော်အတွင်းရှိ ရွေးချယ်ခဲ့သော မြို့နယ်သုံးမြို့က ကွဲပြားခြားနားမှုတစ်စုံတစ်ရာကို ထင်ဟပ်နေပါသည်။

### တောင်ကြီး

တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်ပြီး တောင်ကြီးခရိုင်တောင်ကြီးမြို့တွင်တည်ရှိပါသည်။ တောင်ကြီးမြို့၏ မြို့ပြဇရိယာတွင် ရပ်ကွက် ၂၂ ခု ပါဝင်ပြီး သန်းခေါင်စာရင်းအရ မြို့ပြလူဦးရေမှာ ၂၆၆,၄၉၀ ဦးရှိပါသည်။ မြို့ပြနေလူဦးရေမှာ မြို့နယ်တစ်ခုလုံး၏ ၆၀.၈% ရှိသည့်အတွက် ပြည်နယ်အတွင်းတွင် လူနေအထူထပ်ဆုံး မြို့ပြဇရိယာဖြစ်လာသည်။ ရွှေ့ပြောင်းနေထိုင်မှုများနှင့် မြို့တော်၏ နယ်နိမိတ်များကို စီမံအုပ်ချုပ်ရေးအရ ပြောင်းလဲမှုများ၏ အကျိုးဆက်အနေဖြင့် မြို့ပြနေလူဦးရေက ပိုမိုတိုးတက်များပြားလာနေသည်။ ရှမ်းပြည်နယ်၏ အခြားမြို့နယ်များကဲ့သို့ပင်၊ တောင်ကြီးသည် ရှမ်း၊ ပအို့ဝ်၊ ဗမာ၊ ကိုးကန့်၊ ဓနု၊ အင်းသားနှင့် တရုတ်လူမျိုးများအပါအဝင် အဓိကလူမျိုးရေးအုပ်စု အများအပြားစုံလင်မှုရှိသည့်မြို့ အဖြစ်လူသိများပါသည်။

### ဘားအံ

ဘားအံမြို့သည် ဘားအံမြို့နယ်နှင့် ဘားအံခရိုင်အတွင်း တည်ရှိပြီး ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ ဘားအံမြို့မြို့ပြဇရိယာတွင် ရပ်ကွက်ကိုးခု ပါဝင်ပြီး သန်းခေါင်စာရင်းအရဘားအံမြို့နယ်၏မြို့ပေါ်နေလူဦးရေမှာ၇၅,၈၈၃ဦးဖြစ်ပြီး၊ယင်းသည်ဘားအံမြို့နယ်၏ စုစုပေါင်းလူဦးရေဖြစ်သော ၄၂၁,၅၇၅ ၏ ၁၈ ရာခိုင်နှုန်းဖြစ်သည်။ ဘားအံမြို့တွင် ကရင်လူမျိုးစုများနှင့် နောက်ထပ်လူဦးရေများပြားသော လူမျိုးစုများဖြစ်သည့် မွန်၊ ဗမာနှင့် ရှမ်းလူမျိုးများဖြင့် ဖွဲ့စည်းထားသော်လည်း၊ ဘားအံမြို့နယ်သည် လူမျိုးရေးအရ ရောနှောနေသော မြို့တစ်မြို့ဖြစ်သည်။[၂၁] ၎င်းတွင် သိသာထင်ရှားသော အရေအတွက်ရှိသည့် ရွှေ့ပြောင်းနေထိုင်သူများရှိပြီး၊ ထိုရွှေ့ပြောင်းနေထိုင်လာသူများတွင် မြစ်ဝကျွန်းပေါ်ဒေသမှ ဧရာဝတီကရင်များနှင့် မြန်မာနိုင်ငံ အပူပိုင်းဒေသမှ လာသောဗမာများဖြစ်ကြသည်။

### မြောက်ဒဂုံ၊ရန်ကုန်

မြောက်ဒဂုံမြို့သည် ရန်ကုန်မြို့တော်တွင် များမကြာသေးမီက အခြေချနေထိုင်သောမြို့နယ်ဖြစ်ပြီး၊ရန်ကုန်တိုင်းဒေသကြီးအရှေ့ပိုင်းခရိုင်အတွင်းတည်ရှိသည်။ မြောက်ဒဂုံမြို့နယ်သည် မြို့ပေါ်ရပ်ကွက် ၂၇ ခုဖြင့် အပြည့်အဝ မြို့ပြဆန်သောမြို့နယ်ဖြစ်သည်။ ၎င်းတွင်၂၀၁၄ခုနှစ်သန်းခေါင်စာရင်းအရ

လူဦးရေ ၂၀၃,၉၄၈ ဦး ရှိသည်။ မြောက်ဒဂုံတွင် ပျမ်းမျှလူဦးရေထက် ပိုများသောလူဦးရေရှိပြီး ရန်ကုန်မြို့တော်ရှိ မြို့ပေါ်နားနီးသည့် အခြားမြို့နယ်များကဲ့သို့ပင် သာမန်ထက်ပိုမိုမြန်ဆန်စွာ ဖွံ့ဖြိုးလာနေသည်။ မြောက်ဒဂုံမြို့နယ်က လွန်ခဲ့သော ၁၆နှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု ၆.၂၉ % ရှိခဲ့ပြီး မြို့တော်တစ်ခုလုံးအတွက် JICA က ခန့်မှန်းထားသော ခန့်မှန်းရာခိုင်နှုန်း ၂.၆ ရာခိုင်နှုန်းထက် နှစ်ဆကျော်ပိုပါသည်။[၂၂] ရန်ကုန်မြို့တော်တွင်းရှိ မြို့ပြနားနီး အခြေချနေထိုင်မှုများ အားလုံးထဲတွင် မြောက်ဒဂုံက အကြွယ်ဝဆုံးဖြစ်သည်။ သို့သော်လည်း မြို့နယ်အတွင်းတွင် လူမှုစီးပွားရေးဆိုင်ရာ ကွဲပြားစုံလင်မှုက ပြောင်းလဲနေဆဲဖြစ်ပြီး မြို့နယ်လူဦးရေ၏ ထက်ဝက်နီးပါးက တစ်လလျှင် ၂၀၀,၀၀၀ ကျပ်အောက် နည်းသောဝင်ငွေဖြင့် နေထိုင်နေသူများ ဖြစ်ကြသည်။[၂၃]

### သာကေတ၊ရန်ကုန်

သာကေတမြို့သည် ရန်ကုန်မြို့တော်မှ ခွဲ့ထွင်လာသောမြို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် အရှေ့ပိုင်ခရိုင်အတွင်း တည်ရှိသည်။ ရန်ကုန်မြို့တော်တွင်း လူဦးရေတိုးပွားလာမှုနှင့် အိမ်ယာများမလုံလောက်မှုများကို ဖြေရှင်းခြင်းအနေဖြင့် တောင်ဥက္ကလာနှင့် မြောက်ဥက္ကလာ မြို့နယ်တို့နှင့်အတူ သာကေတမြို့နယ်ကို ၁၉၅၉ နှင့် ၁၉၆၀ ခုနှစ်အတွင်း ရန်ကုန်မြို့တော်အတွင်းသို့ ပေါင်းစည်းထည့်သွင်းခဲ့သည်။ သာကေတတွင် ၁၉ ရပ်ကွက်ရှိပြီး၊ စုစုပေါင်းလူဦးရေမှာ ၅၅,၄၈၂ ဦး ဖြစ်သည်။ အိမ်ထောင်စုတစ်ခုလုံးဝင်ငွေ တစ်လလျှင် ၂၀၀,၀၀၀ မြန်မာကျပ်အောက် ရှိသည်ဟု တင်ပြဖြေဆိုကြသည့် နေထိုင်သူများ၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် သာကေတတွင်ရှိသဖြင့် သာကေတသည် အိမ်ထောင်စုဝင်ငွေ အနိမ့်ဆုံး သုံးပုံတစ်ပုံတွင် ပါဝင်နေသည်။[၂၄]

### ကျောက်တံတား၊ရန်ကုန်

ကျောက်တံတားမြို့သည် ရန်ကုန်တိုင်းဒေသကြီးနှင့် အနောက်ပိုင်းခရိုင်အတွင်း တည်ရှိသော ရန်ကုန်မြို့၏ သက်တမ်းအရင့်ဆုံး မြို့နယ်များအနက်မှ တစ်ခုဖြစ်သည်။ ဗြိတိသျှအစိုးရ၏ မြို့ပြမူလစီမံကိန်းအတွင်းသို့ ပေါင်းစပ်ခြင်းခံရပြီး ကျောက်တံတားမြို့နယ်သည် ရန်ကုန်မြို့တော်၏ စာရင်းဝင်အုပ်ချုပ်ရေး၊ ဘာသာရေးနှင့် သမိုင်းဝင်အဆောက်အဦး ၁၈၉ ခုအနက် ၃၃ ခု တည်ရှိရာမြို့လည်းဖြစ်သည်။ ကျောက်တံတားမြို့နယ်သည် မြို့ပေါ်ဧရိယာ အပြည့်အဝဖြစ်ပြီး၊ ရပ်ကွက် ၉ ခုနှင့် လူဦးရေ ၂၉,၈၅၃ ရှိသည်။ ကျောက်တံတားမြို့နယ်သည် ရန်ကုန်မြို့တော်၏ ဆောက်လုပ်ရေး အများဆုံး ပြုလုပ်သော မြို့နယ်များအနက်မှ တစ်ခုဖြစ်ပြီး၊ မြို့နေလူထု၏ ၉၇ ရာခိုင်နှုန်းက မိသားစုအများနေထိုင်သော အခန်းများနှင့် ကွန်ဒိုမီနီယမ်များတွင် နေထိုင်ကြပါသည်။ မြို့နယ်၏ လူမှုစီးပွားရေးဖွဲ့စည်းပုံမှာ ရန်ကုန်မြို့တော်အတွင်း ရောထွေးမှုရှိသည့် မြို့နယ်များအနက်မှ တစ်ခုဖြစ်ပြီး၊ ဝင်ငွေနည်း၊ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေအလွန်မြင့်မားသော အဖွဲ့များကို သိသာထင်ရှားစွာ ကိုယ်စားပြုထားမှုရှိသည်။[၂၅]

## စစ်တမ်းကောက်ယူစာရင်းရေးသွင်းသူ သင်တန်း

မြို့ပြလူနေမှုဘဝစစ်တမ်းကောက်ယူရန် သက်ဆိုင်ရာ ပြည်နယ်အစိုးရများထံမှ ခွင့်ပြုချက်ရရှိပြီးနောက်၊ YSPS က စစ်တမ်းကောက်ယူစာရင်းရေးသွင်းသူ ၂၀ ဦးနှင့် ၎င်းတို့၏ ကြီးကြပ်ကွပ်ကဲသူများအတွက် သင်တန်းတစ်ခုကို ဦးဆောင်ပြုလုပ်ခဲ့သည်။ သင်တန်းမှာ သုံးရက်ကြာမြင့်ခဲ့ပြီး၊

- ပထမနေ့တွင် စာရင်းရေးသွင်းသူများကို စစ်တမ်းကောက်ယူခြင်း၊ အင်တာဗျူးမေးမြန်းခြင်း နည်းလမ်းများနှင့် အင်တာဗျူးမေးမြန်းခြင်းဆိုင်ရာ ကျင့်ဝတ်များကို မိတ်ဆက်ပေးခဲ့သည်။
- ဒုတိယနေ့တွင်၊ စာရင်းရေးသွင်းသူများကို စစ်တမ်းမေးခွန်းလွှာနှင့် ရင်းနှီးကျွမ်းဝင်သွားစေအောင် စီစဉ်ပြုလုပ်ခဲ့ပြီး၊ အချက်အလက်ကောက်ယူခြင်းနှင့် ပတ်သက်သည့် သင့်လျော်သည့် နည်းလမ်းများကို သင်ကြားပေးခဲ့သည်။
- တတိယနေ့တွင် သင်တန်းဆရာများ၏ ကူညီပေးမှုဖြင့် ရန်ကုန် မြို့ထဲနေရာများတွင် အင်တာဗျူးမေးမြန်းခြင်းနှင့် အချက်အလက်ကောက်ယူစုဆောင်းခြင်း ဆိုင်ရာနည်းလမ်းများကို လက်တွေ့ပြုလုပ်ခဲ့ကြသည်။

## မေးခွန်းလွှာဒီဇိုင်းပုံစံ

မေးခွန်းများကို ကမ္ဘာတစ်လွှားမှ သုတေသနစစ်တမ်းများကို ပြန်လှန်သုံးသပ်ပြီး စုစည်းခဲ့သည်။ မေးခွန်းများသည် မြန်မာနိုင်ငံ၏ နောက်ခံဆက်စပ်အခြေအနေနှင့် လျောက်ပတ်စွာ ကိုက်ညီမှုရှိကြောင်း သေချာစေရန် မေးခွန်းများကို ပြုပြင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သော အခြားသုတေသန စစ်တမ်းများတွင် မေးမြန်းခဲ့သော မေးခွန်းများနှင့် ပိုမိုတိကျသော နှိုင်းယှဉ်မှုဖြစ်စေရန်အတွက် အချို့သောမေးခွန်းများကို ပြောင်းလဲခဲ့သည်။ ထို့နောက် ထိုမေးခွန်းများကို မြို့ပြကိစ္စရပ်များ၊ သုတေသနစစ်တမ်း သို့မဟုတ် မြန်မာနိုင်ငံအခြေအနေတို့အပေါ် နားလည်တတ်ကျွမ်းသည့် ကျွမ်းကျင်ပညာရှင် ဆယ်ဦးပါအဖွဲ့က သုံးသပ်စိစစ်ခဲ့သည်။ မေးခွန်းတစ်ခုချင်းစီကို ဖြေဆိုသူများက မည်သို့နားလည်သွားနိုင်သည်ဆိုသည့်အချက်ကို အထူးထည့်သွင်းစဉ်းစားခဲ့သည်။ မေးခွန်းများကို မြန်မာဘာသာဖြင့် ဖန်တီးရေးသား မေးမြန်းခဲ့သည်။ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အစိုးရများက ဤသုတေသနစစ်တမ်းတွင် အချို့သောမေးခွန်းများပါဝင်မပါဝင် မေးမြန်းခဲ့ပြီး၊ ယင်းတို့ကို သုတေသနစစ်တမ်း၏ မူရင်းအကြမ်းအတွင်း သွတ်သွင်းခဲ့သည်။ ထို့နောက် မေးခွန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး၊ လိုအပ်သလို ပြင်ဆင်ပြောင်းလဲခဲ့သည်။ သုတေသနစစ်တမ်းကို နောက်ဆုံးအချောသတ် ပြန်ဆိုခြင်းမပြုမီ စုစုပေါင်း ရှစ်ကြိမ် ပြန်လည်ပြုလုပ်ခဲ့သည်။

ဤသုတေသနစစ်တမ်းက မြို့ပြဝန်းကျင်၊ မြို့ကြီးများတွင် နေထိုင်ရှင်သန်နိုင်မှုအပေါ် အမြင်များ၊ အစိုးရဝန်ဆောင်မှုများကို လက်လှမ်းမီမှု၊ အခွန်ကောက်ခံခြင်းအပေါ် သဘောထား၊ အလုပ်နှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ ရပ်ရွာအသိုက်အဝန်းအတွင်း အမှတ်သရုပ်လက္ခဏာနှင့်

ကျန်းမာဝပြောမှုတို့အပေါ် ယေဘုယျခြုံငုံသော အမြင်ကို ဂရုစမ္ပပြုခဲ့သည်။ သုတေသနစစ်တမ်းတွင် လူဦးရေဆိုင်ရာ မေးခွန်း ၁၂ခုနှင့် အကြောင်းအရာကိစ္စဆိုင်ရာ မေးခွန်း ၁၀၆ ခု ပါဝင်သည်။

## သုတေသနစစ်တမ်း နမူနာ

ဤသုတေသနစစ်တမ်းက နမူနာရယူခဲ့သည့် မြို့နယ်ငါးမြို့နယ်ရှိ မြို့ပေါ် ရပ်ကွက်များကို ကိုယ်စားပြုနိုင်စေရန် ရည်ရွယ်ခဲ့သည်။ ၎င်းသည် ရန်ကုန်မြို့တော်ကို ကိုယ်စားပြုမဟုတ်သကဲ့သို့ ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင်၊ မြန်မာနိုင်ငံ၏ မြို့ပြဒေသများ၏ ကိုယ်စားပြုလည်း မဟုတ်ပါ။ ဤသုတေသနစစ်တမ်းပါ မြို့နယ်တစ်ခုစီ၏ အထူးသဖြင့် လူမျိုးရေးနှင့် ဘာသာရေးတို့နှင့် သက်ဆိုင်သော လူဦးရေဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ကန့်သတ်မှုရှိသည့် အချက်အလက်များက ပြင်းထန်သော ကျပန်းနမူနာပြုခြင်းစနစ်က ကိုယ်စားပြုနမူနာတစ်ခု ဖြစ်စေခဲ့ခြင်း ရှိမရှိကို ဆန်းစစ်ရန်အတွက် အခက်တွေ့စေပါသည်။ အစောပိုင်းတွင် မှတ်ချက်ပြုခဲ့သကဲ့သို့၊ ဤနမူနာက ရှိနေသော ကျားမလိင်အချိုးကို ထင်ဟပ်နေပြီး၊ ပိုမိုငယ်ရွယ်သူများကို ကိုယ်စားပြုမှု အားနည်းပါသည်။ နမူနာသည် ကိုယ်စားပြုမှုရှိမရှိ သုံးသပ်ဆုံးဖြတ်နိုင်ရန်အတွက် ယင်းနမူနာကို မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပေးအပ်ခဲ့သော ၂၀၁၆-၂၀၁၇ မြို့တော် လူဦးရေဆိုင်ရာအချက်အလက်များနှင့် နှိုင်းယှဉ်ခဲ့သည်။

- စိတ်ဝင်စားသော လူဦးရေ - မြို့နယ် ၅ခုရှိ မြို့ပေါ်ရပ်ကွက်နေ မြန်မာနိုင်ငံသား အရွယ်ရောက်ပြီးသူများ
- စစ်မှန်သော လူဦးရေနမူနာ - မြို့နယ် ၅ခုရှိ မြို့ပေါ်ရပ်ကွက်များရှိ မြန်မာနိုင်ငံသား အရွယ်ရောက်ပြီးသူ ၁,၄၉၈ဦး။ ယင်းကိန်းဂဏန်းသည် စစ်တမ်းတွင် ပါဝင်ရန် ရွေးချယ်ခဲ့သော စုစုပေါင်း လူအရေအတွက် ဖြစ်သည်။
- ရရှိသော လူဦးရေနမူနာ - မြို့နယ် ၅ခုရှိ မြို့ပေါ်ရပ်ကွက်များရှိ မြန်မာနိုင်ငံသား အရွယ်ရောက်ပြီးသူ ၁,၄၀၀ဦး။ ယင်းကိန်းဂဏန်းသည် စစ်တမ်းတွင် ပါဝင်ခဲ့သော စုစုပေါင်း လူအရေအတွက် ဖြစ်သည်။ ၎င်းသည် မပါဝင်နိုင်ခဲ့သော သို့မဟုတ် မပါဝင်လိုသောသူများကို နှုတ်ပယ်ထားသည့် "စစ်မှန်သော နမူနာ" အရေအတွက် ဖြစ်သည်။

| မြို့နယ် | ၁၈ နှစ်အထက် လူဦးရေ စုစုပေါင်း | မိသားစု စုစုပေါင်း | အချိုးကျ နမူနာ လူဦးရေ |
|---|---|---|---|
| တောင်ကြီး | ၉၃,၄၆၈ | ၂၉,၇၆၆ | ၂၈၆ |
| ဘားအံ | ၃၅,၂၉၃ | ၉,၇၆၉ | ၁၀၈ |
| မြောက်ဒဂုံ | ၁၄၂,၃၉၁ | ၃၉,၉၅၀ | ၄၃၆ |
| သာကေတ | ၁၆၃,၁၆၄ | ၄၅,၉၉၇ | ၅၀၀ |
| ကျောက်တံတား | ၂၂,၆၆၀ | ၆,၀၇၈ | ၇၀ |
| စုစုပေါင်း | ၄၅၆,၉၇၆ | ၁၃၁,၅၆၀ | ၁,၄၀၀ |

## လူဦးရေနမူနာသတ်မှတ်သော လုပ်ငန်းစဉ်

အဆင့် ၁ - အာရှဖောင်ဒေးရှင်းနှင့် YSPS တို့က လုံလောက်သော တိကျမှုရရှိရန်အတွက် လူဦးရေနမူနာပမာဏ စုစုပေါင်း လူပေါင်း ၁,၄၀၀ ဦးနှင့် အထက်ပါဇယားတွင် ဖော်ပြထားသော အရွယ်အစားများရှိသည့် မြို့နယ်အဆင့် နမူနာများ လိုအပ်လိမ့်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ လူဦးရေအတွင်းရှိ လူတစ်ဦးချင်းစီတိုင်း ရွေးချယ်ခံရနိုင်ရန် တူညီသော ဖြစ်တန်စွမ်းရှိကြောင်း သေချာစေရန်အတွက်၊ မြို့နယ်တစ်ခုစီမှ ထုတ်ယူသော လူဦးရေနမူနာအရေအတွက်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပေးအပ်သောအချက်အလက်များမှ သတ်မှတ်သည့် အရွယ်ရောက်ပြီးသူ လူဦးရေဖြင့် ဆုံးဖြတ်ပါသည်။ လူဦးရေ၏ ဆယ်ပုံတစ်ပုံက ရန်ကုန်ဒေသတွင် နေထိုင်ကြသဖြင့်၊ ဘားအံနှင့် တောင်ကြီးတို့မှ ပိုမိုများပြားသော နမူနာများကို ထုတ်ယူခဲ့သည်။ လူဦးရေ ၁,၄၀၀ ပါ စစ်တမ်း၏ ဘောင်အတွင်း ရှိနေစေရန်အတွက်၊ သာကေတနှင့် မြောက်ဒဂုံတို့မှ နမူနာအရွယ်အစားများကို လျှော့ချခဲ့သည်။ ရွေးချယ်ခဲ့သော မြို့နယ်များ၏ နမူနာအရွယ်အစားကို အထက်ပါ ဇယားတွင် တင်ပြထားပါသည်။

အဆင့် ၂ - အာရှဖောင်ဒေးရှင်းနှင့် YSPSတို့က ခွဲခြမ်းစိတ်ဖြာရန်အတွက် မြို့နယ်ငါးမြို့နယ်၏ မြို့ပေါ် ရပ်ကွက်များကို ရွေးချယ်ခဲ့သည်။ တောင်ကြီး၊ ဘားအံ၊ မြောက်ဒဂုံ၊ သာကေတနှင့် ကျောက်တံတားတို့ကို ၎င်းတို့၏ ကွဲပြားစုံလင်သော လူဦးရေဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံအပါအဝင် အမျိုးမျိုးသော အကြောင်းများကြောင့် ရွေးချယ်ခဲ့ပြီး၊ စစ်တမ်းကောက်ယူခြင်းကို စိတ်ဝင်စားမှုပြသော စည်ပင်သာယာရုံးစိုက်ရာနေရာများတွင် ပထမ စမ်းသပ်ကောက်ယူမှု ပြုခဲ့သည်။ ထိုမြို့နယ်များအတွင်း၊ မြို့ပေါ်ရပ်ကွက် သုံးပုံတစ်ပုံကို အရွယ်အစားနှင့် အချိုးကျသော ဖြစ်တန်စွမ်းဖြင့် စနစ်တကျနမူနာကောက်ယူခြင်းစနစ်မှတစ်ဆင့် ကျပန်းရွေးချယ်ခဲ့သည်။ ရပ်ကွက်များက ရှေးဦးမူလ နမူနာယူနစ်ဖြစ်သည်။

အဆင့် ၃ - အိမ်ထောင်စုများသည် ဒုတိယအဆင့် နမူနာယူနစ်ဖြစ်ပြီး၊ ၎င်းတို့ကို စနစ်တကျနမူနာကောက်ယူခြင်းဖြင့် ရွေးချယ်ခဲ့သည်။ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ တိကျသော အိမ်ထောင်စုစာရင်းတစ်ခု ရရှိနိုင်ခဲ့ပါက စစ်တမ်းဖြေဆိုစေမည့် ပထမဆုံးအိမ်ထောင်စုကို ၁ မှ ၉ အတွင်းမှ

နံပါတ်တစ်ခုကို ကျပန်းရွေးချယ်ခြင်းဖြင့် ရွေးချယ်ခဲ့သည်။ နောက်ဆက်တွဲ အိမ်ထောင်စုများကိုရွေးချယ်ရာတွင်မူ ကြားနံပါတ်တစ်ခုကို ရယူပြီး၊ ပထမအိမ်ထောင်စု၏ နံပါတ်ထဲသို့ ထိုကြားနံပါတ်ကို ပေါင်းထည့်ခြင်းဖြင့် ကျပန်းရွေးချယ်ခဲ့သည်။ အချို့သော နေထိုင်သူများသည် မအားလပ်၊ စစ်တမ်းမဖြေဆိုနိုင် သို့မဟုတ် စစ်တမ်းမဖြေဆိုလိုခဲ့သဖြင့်၊ နမူနာအရွယ်အစားကို နှစ်ဆပြုခဲ့သည်။ မြောက်ဒဂုံနှင့် ကျောက်တံတားတို့ကဲ့သို့သော လူနေထူထပ်ပြီး၊ အခန်းများစွာပါဝင်သော အဆောက်အဦးများစွာပါဝင်သည့် မြို့ပြမြို့နယ်များအတွက်၊ အဆောက်အဦးတစ်ခုစီနှင့် တစ်ခန်းစီတို့ကို နံပါတ်စဉ်သတ်မှတ်ခဲ့သည်။ စတိုးဆိုင်များ၊ ဘဏ်များနှင့် လုပ်ငန်းသုံးအဆောက်အဦးများကဲ့သို့သော အဆောက်အဦးအချို့ကို စာရင်းမှ ဖယ်ရှားခဲ့သည်။

အဆင့် ၄ - အိမ်ထောင်စုတစ်ခု သို့မဟုတ် အခန်းတစ်ခုကို ရွေးချယ်ပြီးနောက်၊ ထိုအိမ်ထောင်စုအတွင်းမှ ဖြေဆိုမည့်သူကို ရွေးချယ်ရန် အင်တာဗျူးတွေ့ဆုံမေးမြန်းသူများက Kish Grid ကို အသုံးပြုခဲ့သည်။ အိမ်ထောင်စုဝင်များကို ၎င်းတို့၏ အမည်များ၊ ပိုမိုသေးငယ်သွားသော အစဉ်ဖြင့် ၎င်းတို့၏ အသက်များဖြင့် စာရင်းသွင်းခဲ့ပြီး၊ ဖြေဆိုစေမည့်သူကို Kish grid စည်းမျဉ်းများအရ ကျပန်းရွေးချယ်ခဲ့သည်။

## မြို့နယ်လူဦးရေ

| မြို့နယ် | စုစုပေါင်းမြို့ပြလူဦးရေ (၁၈နှစ်အထက်) | စစ်တမ်းကောက်ယူခဲ့သည့် ရပ်ကွက်များ | နမူနာ အရည်အတွက် |
|---|---|---|---|
| တောင်ကြီး | ၉၃,၄၆၈ | ၇ | ၄၀၄ |
| ဘားအံ | ၃၅,၂၉၃ | ၃ | ၁၅၁ |
| မြောက်ဒဂုံ | ၁၄၂,၃၉၁ | ၇ | ၃၆၇ |
| သာကေတ | ၁၆၃,၁၆၄ | ၇ | ၄၂၁ |
| ကျောက်တံတား | ၂၂,၆၆၀ | ၃ | ၅၇ |
| **စုစုပေါင်း** | ၄၅၆,၉၇၆ | ၂၇ | ၁,၄၀၀ |

## မှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုထားသည့်အတိုင်းအတာ (Margin of Error)

ဖြေဆိုသူအားလုံးပေါင်း ၁၄၀၀ ဦးမှ တုံ့ပြန်ဖြေဆိုခဲ့သော အဖြေနှစ်ခုစုံရှိမေးခွန်းများ (ဥပမာ ဟုတ်ပါသည်-မဟုတ်ပါသို့ သဘောတူပါသည်-သဘောမတူပါ) အတွက် မှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုထားသည့်အတိုင်းအတာ (margin of error)သည် ၁.၆ ရာခိုင်နှုန်း ( p=0.9 and 1-p=0.1 ဖြစ်လျှင်) နှင့် ၂.၆ ရာခိုင်နှုန်း (p=0.5 and 1-p=0.5 ဖြစ်လျှင်) အကြားဖြစ်သည်။ ထိုမှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုထားသည့် အတိုင်းအတာသည် အဖြေနှစ်ခုစုံမရှိသော မေးခွန်းများ ( ဥပမာ Likert scale) များ၏ နမူနာပုံစံရယူရာ မှားယွင်းတွက်ချက်မှုများကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ စုစုပေါင်း နမူနာ၏ ခန့်မှန်းအတိုင်းအတာတွက်ချက်မှုများကိုသာ ထည့်သွင်းသည်။ အောက်ဖော်ပြပါအချက်များသည် အောက်ဆင့်နှင့် အထက်ဆင့် အတိုင်းအတာကန့်သတ်ချက်များဖြစ်သည်။

မှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုထားသည့်အတိုင်းအတာ (အောက်ဆင့်) $\pi = \pm 1.96\sqrt{\frac{0.9*0.1}{1400}} = 0.016$

မှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုထားသည့်အတိုင်းအတာ (အထက်ဆင့်) $\pi = \pm 1.96\sqrt{\frac{0.5^2}{1400}} = 0.026$

မြို့နယ်တစ်မြို့နယ်ချင်းစီ၏ နမူနာsample များအပေါ်ရှိ ခန့်မှန်း မှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုထားသည့်အတိုင်းအတာသည် စုစုပေါင်းနမူနာ၏ မှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုထားသည့် အတိုင်းအတာထက် ပိုကြီးသည်။ အောက်ပါဇယားတွင် နမူနာတွင်ပါရှိသည့် လူပုဂ္ဂိုလ်များအားလုံးမှ ဖြေဆိုထားသည့် အဖြေနှစ်ခုစုံရှိမေးခွန်းများအတွက် မြို့နယ်အဆင့် မှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုထားသည့်အတိုင်းအတာ၏ အထက်ဆင့်ကန့်သတ်ချက်များပြထားသည်။

| မြို့နယ် | နမူနာ လူဦးရေ | မှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုပမာဏ |
|---|---|---|
| တောင်ကြီး | ၄၀၄ | +/- ၅% |
| ဘားအံ | ၁၅၁ | +/- ၈% |
| မြောက်ဒဂုံ | ၃၆၇ | +/- ၅% |
| သာကေတ | ၄၂၁ | +/- ၅% |
| ကျောက်တံတား | ၅၇ | +/- ၁၃% |
| **စုစုပေါင်း** | **၁,၄၀၀** | **+/- ၂.၆၂%** |

မေးခွန်းတစ်ခုစီ၏ မှားယွင်းတွက်ချက်မှုအတွက် ခွင့်ပြုထားသည့် အတိုင်းအတာ တစ်ခုစီကို အထက်တွင် ကြည့်ရှုနိုင်သည်။

## စာရင်းကောက်ယူရေးသွင်းသူများ

စာရင်းကောက်ယူရေးသွင်းသူ ၂၀ဦးကို အဖွဲ့တစ်ခုစီအတွက် ကိုယ်ပိုင် ကြီးကြပ်ကွပ်ကဲသူတစ်ဦးဖြင့် အဖွဲ့ ၄ ဖွဲ့ခွဲခဲ့သည်။ အဖွဲ့တစ်ခုချင်းစီက မြို့နယ်တစ်ခုကို စစ်တမ်းကောက်ယူရန် တာဝန်ရှိပါသည်။ အဖွဲ့တစ်ခုက သာကေတနှင့် ကျောက်တံတားမြို့နယ်နှစ်ခုလုံးကို စစ်တမ်းကောက်ယူခဲ့သည်။ စစ်တမ်းစာရင်းကောက်ယူ ရေးသွင်းသူများသည် ရန်ကုန်၊ ဖဒို၊ ပဲခူးနှင့် ဘားအံတို့မှ ဖြစ်ပြီး၊ ခန့်မှန်းခြေအားဖြင့် အသက် ၂၀-၃၀ အတွင်း ဖြစ်ကြသည်။ စာရင်းကောက်ယူရေးသွင်းသူ ၂၀ ဦးကို ကျားမလိင်နှင့် မြို့နယ်အားဖြင့် ခွဲခြမ်းခဲ့မှုကို အောက်ပါဇယားတွင် စာရင်းပြုထားပါသည်။

| မြို့နယ် | ကြီးကြပ်သူ | အမျိုးသမီး စစ်တမ်းကောက်ယူသူ | အမျိုးသား စစ်တမ်းကောက်ယူသူ | စုစုပေါင်း |
|---|---|---|---|---|
| တောင်ကြီး | ၁ | ၂ | ၃ | ၅ |
| ဘားအံ | ၁ | ၃ | ၂ | ၅ |
| မြောက်ဒဂုံ | ၁ | ၄ | ၁ | ၅ |
| သာကေတ/ကျောက်တံတား | ၁ | ၄ | ၁ | ၅ |
| **စုစုပေါင်း** | ၄ | ၁၃ | ၇ | ၂၀ |

## အရည်အသွေးစံထိန်းသိမ်းမှု

အရည်အသွေးစံထိန်းသိမ်းမှုကို အချက်အလက် ကောက်ယူမှုလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ကျင့်သုံးအကောင်အထည်ဖော်ခဲ့ပါသည်။ အင်တာဗျူး မေးမြန်းမှုများမှ စုစုပေါင်း ၂၂%ကို ပြန်လည်ကြည့်ရှုစစ်ဆေးသော အခြား အလွှာတစ်ခု၏ ကြီးကြပ်စစ်ဆေးမှုကို ခံစေခဲ့ပါသည်။ ထိုသို့ စစ်ဆေးခြင်းများတွင် အင်တာဗျူးများအတွင်း တိုက်ရိုက်လေ့လာမှု (အင်တာဗျူးမေးမြန်းမှု ၂၀၀ခု၊ ၁၄%)နှင့်/သို့မဟုတ် ပြန်လည်သွားရောက်ခြင်း သို့မဟုတ် အင်တာဗျူး မေးမြန်းမှုပြုလုပ်ခဲ့သည့် အိမ်သို့ ညှိနှိုင်းဆောင်ရွက်ရေးရုံးမှ ဖုန်းခေါ်ဆိုမှု (အင်တာဗျူးမေးမြန်းမှု ၉၈ခု၊ ၇%)တို့ ပါဝင်သည်။

## ကုဒ်နံပါတ်သွင်းခြင်းနှင့် အချက်အလက်သွင်းခြင်း

ပြီးစီးသွားသည့် စစ်တမ်းစာအုပ်များ ဗဟိုရုံး (YSPS)သို့ ရောက်ရှိသောအခါ၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် ခွဲခြားခဲ့သည်။ အဖွင့်မေးခွန်းပုံစံ မေးခွန်းများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည့် အဖွဲ့က သီးခြား မှတ်တမ်းတင် စီမံကိုင်တွယ်ခဲ့သည်။ လွဲမှားပြန်ဆိုနိုင်ခြေရှိမှုကို လျှော့ချရန်အတွက်၊ အင်္ဂလိပ်သို့ ပြန်ဆိုထားခြင်းကို မြန်မာဘာသာသို့ ပြန်လည်ပြန်ဆိုခဲ့ပြီး၊ တိကျမှုကို စစ်ဆေးခဲ့သည်။

အချက်အလက်သွင်းခြင်း လုပ်ငန်းစဉ်အတွင်း၊ တူညီသော အချက်အလက်များကို ရေးသွင်းရန် အချက်အလက်ရေးသွင်းမှု ကျွမ်းကျင်သူ နှစ်ဖွဲ့ကို ငှါးရမ်းခဲ့သည်။ အချက်အလက်များကို နှစ်ကြိမ်ရေးသွင်းပြီးနောက်၊ ထိုရေးသွင်းမှုနှစ်ခုအကြားရှိ ကွာခြားမှုများကို ဖော်ထုတ်နိုင်ရန် အချက်အလက်နှစ်စုံကို နှိုင်းယှဉ်ခဲ့သည်။ အမှားတစ်ခုကို ဖော်ထုတ်တွေ့ရှိသည့်အခါ၊ မူရင်းစာရွက်စာတမ်းများကို ပြန်လည်စစ်ဆေးခဲ့ပြီး၊ မှန်ကန်စွာ ရေးသွင်းခဲ့သည်။ တိကျမှုကို နောက်တစ်ဖန် စစ်ဆေးနိုင်ရန်အတွက်၊ အချက်အလက်ရေးသွင်းမှု လုပ်ငန်းစဉ်မှတစ်ဆင့် စစ်တမ်းဖြေဆိုထားသည့် စာအုပ်များကို ကျပန်းရွေးချယ်ခဲ့ပြီး၊ ဇယားသွင်းထားသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခဲ့သည်။

## စစ်တမ်းကောက်ယူမှုပုံစံ၏ အကန့်အသတ်များ

ဤသုတေသနသည် အရေအတွက် စံထားသည့် သုတေသနနည်းလမ်းကို အသုံးပြုထားခြင်းဖြစ်သည်။ ရှာဖွေတွေ့ရှိချက်များသည်လည်း မြို့သုံးမြို့ရှိ မြို့ပြနေရာငါးခုမှ နမူနာယူထားခြင်း ဖြစ်သည်။ ဤမြို့ ပြနေရာ ငါးခုသည် မြန်မာနိုင်ငံရှိ မြို့ ပြ အခြေအနေ အမျိုးမျိုးကို ထင်ဟပ်နိုင်လောက်သည့် မတူကွဲပြားမှုမျိုး ရှိသော်လည်း မြန်မာနိုင်ငံ၏ မြို့ပြဒေသအားလုံးကို ကိန်းဂဏန်းစာရင်းအင်းအရ ကိုယ်စားပြုမှု မရှိချေ။ တွေ့ရှိချက်များသည် အလယ်အလတ်မှ အကြီးစားမြို့များ၏ အခြေအနေများကို အများဆုံး ခြုံငုံမိနိုင်ပါသည်။ တွေ့ရှိချက်များက မြန်မာနိုင်ငံလူဦးရေကို စာရင်းဇယား ကိန်းဂဏန်းများအရ ကိုယ်စားမပြုသော်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသည့် အခြေအနေများကိုမူ ရည်ညွှန်းပြသလျက်ရှိသည်။

ထိုမြို့များမှ လူဦးရေစုစုပေါင်းနှင့်နှိုင်းစာလျှင် (စစ်တမ်းကောက်ယူရန်) ရွေးချယ်ခဲ့သူများကို ခြုံငုံကြည့်ရလျှင် သက်လတ်ပိုင်း အများစု ဖြစ်နေပြီး ငယ်ရွယ်သူ အရေအတွက်မှာ နည်းပါးနေသည်။ မြို့နယ်လူဦးရေနှင့် ပတ်သက်သည့် (ကျေးလက်နေထိုင်သူ လူဦးရေများပါ အများအားဖြင့် ထည့်သွင်းထားသည့်) ရရှိနိုင်သော သန်းခေါင်စာရင်း အချက်အလက်များအရ အမှန်တကယ်ရှိသည့် လူဦးရေနှင့် နှိုင်းယှဉ်ရလျှင် အသက် ၂၀-၂၉ နှစ် အကြားအုပ်စုများ စစ်တမ်းတွင် ကိုယ်စားပြုပါဝင်မှုပိုင်းတွင် အားအနည်းဆုံး ဖြစ်နေသည်။ ဤစာတမ်းတွင် ဖော်ပြသည့် ရလဒ်များတွင် တစ်စိတ်တစ်ဒေသအားဖြင့် အသက်အရွယ်နှင့် ကျားမအလိုက် မြို့ နေလူဦးရေ စာရင်းကို ရရှိနိုင်ရန် ခက်ခဲသည့်အတွက် အသက်အရွယ် (သို့) ကျား၊မ ကို မထည့်ခဲ့သောကြောင့် ရလဒ်များကို ဆန်းစစ်လေ့လာမည်ဆိုလျှင် ဤအချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

## သန်းခေါင်စာရင်း

စစ်တမ်းကောက်ယူခဲ့သည့် လူဦးရေစုစုပေါင်း (မြို့ပြနှင့်နယ်)




## လူဦးရေ

ကျား ၁,၇၉၃,၂၇၁ ဦး

မ ၂,၁၀၉,၈၉၉ ဦး

## မြို့ပြလူနေမှုစစ်တမ်း

စစ်တမ်းကောက်ယူခဲ့သည့် လူဦးရေစုစုပေါင်း (မြို့ပြ)

## လူဦးရေ

ကျား ၇၀၁ ဦး

မ ၆၉၈ ဦး



# နောက်ဆက်တွဲ ၂။ အင်တာဗျူးမေးခွန်းလွှာ

## (က) ကိုယ်ရေးရာဇဝင်

| | | | |
|---|---|---|---|
| ၁။ | သင်သည် မည်သည့်အသက်အုပ်စုထဲတွင် ပါဝင်ပါသလဲ။ | ၁၈ နှစ်အောက် | ၂% |
| | | ၁၈-၁၉ နှစ် | ၆% |
| | | ၂၀-၂၄ | ၆% |
| | | ၂၅-၂၉ | ၁၁% |
| | | ၃၀-၃၄ | ၁၀% |
| | | ၃၅-၃၉ | ၁၃% |
| | | ၄၀-၄၄ | ၁၃% |
| | | ၄၅-၄၉ | ၁၂% |
| | | ၅၀-၅၄ | ၉% |
| | | ၅၅-၅၉ | ၇% |
| | | ၆၀-၆၄ | ၄% |
| | | ၆၅-၆၉ | ၅% |
| | | ၇၀-၇၄ | ၂% |
| | ဖြေဆိုသူအားလုံး | ၇၅ နှစ်နှင့်အထက် | ၂% |

| | | | |
|---|---|---|---|
| ၂။ | ကျား/မ လိင် | ကျား | ၅၀% |
| | ဖြေဆိုသူအားလုံး | မ | ၅၀% |
| | | ကြားလိင် | < ၁% |

| | | | |
|---|---|---|---|
| ၃။ | ကိုးကွယ်သည့်ဘာသာ | ဗုဒ္ဓဘာသာ | ၉၃% |
| | | ခရစ်ယာန် | ၂% |
| | | အစ္စလာမ် | ၆% |
| | | ဟိန္ဒူ | < ၁% |
| | | ဘဟာအီ | < ၁% |
| | | ဘာသာမဲ့ | |
| | | မသိပါ | |
| | ဖြေဆိုသူအားလုံး | မပြောကြားလိုပါ | |

| | | | |
|---|---|---|---|
| ၄။ | လူမျိုး (အဖြေတစ်ခုမက ဖြေကြားနိုင်) | ဗမာ | ၉၉၁ ဦး |
| | | အခြား | ၁၅၀ ဦး |
| | | ပအိုဝ့် | ၁၄၀ ဦး |
| | | ကရင် | ၆၉ ဦး |
| | | ရှမ်း | ၅၆ ဦး |
| | | အင်းသား | ၄၃ ဦး |
| | ဖြေဆိုသူအားလုံး | ရခိုင် | ၃၁ ဦး |

| | | | |
|---|---|---|---|
| ၅။ | သင်ပြီးဆုံးခဲ့သည့် အမြင့်ဆုံးပညာရေးအဆင့် | ဘွဲ့လွန်တက်ရောက်ဆဲ/ဘွဲ့ရပြီး | ၆% |
| | | တက္ကသိုလ်တက်ရောက်ဆဲ/ဘွဲ့ရပြီး | ၂၄% |
| | | အထက်တန်း | ၃၄% |
| | | အလယ်တန်း | ၂၂% |
| | | မူလတန်း | ၁၁% |
| | ဖြေဆိုသူအားလုံး | အတန်းပညာမသင်ကြားဖူးပါ။ | ၂% |
